# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း (၉) ရက်၊ တနင်္လာနေ့၊ (26-6-2023)၊ အတွဲ (၃၂)၊ အမှတ် (၀၅၇)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်ထံမှ ပေးပို့သည့်သဝဏ်လွှာ

**(၂၀၂၃ ခုနှစ် ဇွန်လ ၂၆ ရက်)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ နိုင်ငံသားများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။**

၁၉၈၇ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ ဇွန် ၂၆ ရက်ကို အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အဖြစ်သတ်မှတ်ခဲ့သည့်အချိန်မှစ၍ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့သည်မှာ (၃၆)ကြိမ်မြောက်ရှိပြီဖြစ်ပါသည်။

ကမ္ဘာနှင့်တစ်ဝန်းရင်ဆိုင်ကြုံတွေ့နေရသည့် မူးယစ်ဆေးဝါးပြဿနာသည် လူသားမျိုးနွယ်စုအပေါ် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ဆုတ်ယုတ်ပျက်စီးစေသည့်အပြင် နိုင်ငံ့လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုအပေါ် **စာမျက်နှာ ၁၈ ကော်လံ ၁ သို့**

## ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်တောင်သူလယ်သမားများ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန်အတွက် မျိုးစပါးများ(ပထမအကြိမ်)ပို့ဆောင်



**နေပြည်တော် ဇွန် ၂၅**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့် တောင်သူလယ်သမားများ မိုးစပါး အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သော မျိုးစပါးများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏စီမံလမ်းညွှန်မှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက **စာမျက်နှာ ၁၉ ကော်လံ ၄** ☐

**နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် တောင်သူလယ်သမားများ မိုးစပါး အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မျိုးစပါးများကိုပို့ဆောင်ရန် မော်တော်ယာဉ်ပေါ်သို့ ကူညီတင်ဆောင်ပေးစဉ်။**

**သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများတွင် တပ်မတော်မှကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ** စာမျက်နှာ - ၁၉

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုများပပျောက်စေရေး ဆောင်းပါး** စာမျက်နှာ - ၂၆




ရတနာပုံ

၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်

အယ်ဒီတာ့အာဘော်

# မူးယစ်ဆေးအန္တရာယ် တားဆီးကာကွယ်တိုက်ဖျက်

ဇွန် ၂၆ ရက် (ယနေ့)သည် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ဖြစ်သည်။ မူးယစ်ဆေးဝါးအုပ်စုတွင် ဆေးခြောက်၊ ဆေးရွက်ကြီးနှင့် အခြားဓာတုပစ္စည်းများနှင့်ဖော်စပ်ထားသော ဆေးဝါးများပါဝင်သည်။ ကမ္ဘာတစ်ဝန်း မူးယစ်ဆေးဝါးသုံးစွဲသူများတွင် လူငယ်အများစုပါဝင်နေသောကြောင့် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးနေရသည်။

လူသားတိုင်းကို လူညွှန့်တုံးစေသော မူးယစ်ဆေးဝါးသည် တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်နေသောအန္တရာယ်ဆိုးကြီးဖြစ်သည်။ အထူးသဖြင့် လူငယ်များကို မူးယစ်သားကောင်အဖြစ် မူးယစ်ဆေးရောင်းချသူများက ပစ်မှတ်ထားကြသည်။ ယခင်က မူးယစ်ဆေးအစ ဆေးလိပ်ကဟုဆိုကာ လူငယ်များဆေးလိပ်မသောက်ရေးကို အဓိကထားဆိုဆုံးမကြသည်။ ယနေ့ခေတ်တွင် မူးယစ်ဆေးဝါးသုံးစွဲတတ်စေရန် အာရုံခံစားမှုအမျိုးမျိုးဖြင့် ဆွဲဆောင်လျက်ရှိသည်ကို တွေ့ရသည်။

လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲရခြင်း၏ အကြောင်းရင်းများမှာ စူးစမ်းလိုခြင်း၊ စမ်းသပ်လိုခြင်း၊ အပေါင်းအသင်းဆွဲဆောင်မှုကောင်းခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်ဆိုးများကို မသိခြင်း စသည်တို့ကြောင့်ဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲမှုသည် မိမိအတွက်သာမက မိမိ မိသားစု ဆွေမျိုးအသိုင်းအဝိုင်းကိုပါ သိက္ခာကျအရှက်ရစေသည်။ ထို့ပြင် ရာဇဝတ်မှုကျူးလွန်ခြင်းများကိုပါ ပြုမိသည့်အတွက် နောက်ဆုံးတွင် ဥပဒေအရ အရေးယူခြင်းခံရတတ်ပေသည်။

မြန်မာနိုင်ငံတွင် ၁၉၇၄ ခုနှစ်မှစ၍ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ဆင့်ကိုလည်းဖွဲ့စည်းကာ ဘက်ပေါင်းစုံကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်ပြီး ဘက်ပေါင်းစုံမှ တိုက်ဖျက်ရေးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေးတို့ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့၌ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့သည်။ ထိုသို့ မီးရှို့ဖျက်ဆီးခဲ့ရာတွင် ၂၀၂၂ ခုနှစ်က တောင်ကြီးမြို့တွင် မူးယစ်ဆေးဝါးအမျိုးအစား ၁၈ မျိုး၊ ထိန်းချုပ်ဓာတုပစ္စည်းအမျိုးအစား ၄၀ စုစုပေါင်း ၅၈ မျိုး၊ ရန်ကုန်မြို့တွင် မူးယစ်ဆေးဝါးအမျိုးအစား ၃၃ မျိုး၊ မန္တလေးမြို့တွင် မူးယစ်ဆေးဝါးအမျိုးအစား ၂၅ မျိုးတို့ကို မီးရှို့ဖျက်ဆီးခဲ့သည်။ တစ်နိုင်ငံလုံးအနေဖြင့် မီးရှို့ဖျက်ဆီးခဲ့သည့် မူးယစ်ဆေးဝါးကာလတန်ဖိုးမှာ မြန်မာငွေကျပ် ၁၁၈၈ ဒသမ ၈၂၈ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၆၄၂ ဒသမ ၆၀၈ သန်းကျော်)ဖြစ်သည်။

သို့ဖြစ်ရာ အနာဂတ်လူသားအရင်းအမြစ်များဖြစ်သော ယနေ့လူငယ်များအတွက် ကြောက်စရာအကောင်းဆုံးရန်သူ မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးကြစေရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းပါဝင်ကာ မူးယစ်ဆေးအန္တရာယ်ဟူသမျှကို တားဆီးကာကွယ်တိုက်ဖျက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဇွန် ၂၅**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၁၉၈၉၁၆ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်တော်ကို ကား၊ ဆိုင်ကယ်တွေနဲ့ကော စောင်းတန်းတွေကပါ တက်ရောက်ဖူးမြော်သူတွေ များပြားပါတယ်။ ရဟန်းသံဃာတွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် ဓာတ်လှေကား၊ စက်လှေကားတွေ စီစဉ်ထားပါတယ်။ ဘုရားဖူးတွေဟာ မြွေကြီးနှစ်ကောင်ဘက်ကိုလဲသွားရောက်လေ့လာကြပါတယ်။ စားသောက်ဆိုင်တွေနဲ့ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချကြပါတယ်။ ဘုရားဖူးတွေဟာ အမှတ်တရဓာတ်ပုံရိုက်ကြတာကိုလဲတွေ့ရပါတယ်"ဟု မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၂၃၉ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၁၉၅၃၈၇ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ဦးရေ ၂၂၉၀ လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန်ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း ဆိပ်ဖြူဘက်မှထွက်ရှိသည့်ကြက်သွန်နီများ တစ်ပိဿာလျှင် ငွေကျပ် ၂၀၅၀ ပေါက်ဈေးရှိနေ

**မန္တလေး ဇွန် ၂၅**

မန္တလေး ဈေးကွက်အတွင်း ဆိပ်ဖြူဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်လာပြီး တစ်ပိဿာလျှင် ငွေကျပ် ၂၀၅၀ ပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း ဇွန်လ တတိယပတ်မှစ၍ ဆိပ်ဖြူဘက်မှကြက်သွန်နီများ ဆက်တိုက်အဝယ်လိုက်လျက်ရှိပြီး ဈေးကောင်းရရှိလာကြောင်း၊ ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ကြက်သွန်နီများကို ဝယ်ယူမှုများပြားလာကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ အခုလက်ရှိ ဆိပ်ဖြူဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို ကုန်သည်တွေ တော်တော်များများ ဝယ်ယူနေကြတယ်။ ပြည်တွင်းဈေးကွက်ထဲမှာ ဆိပ်ဖြူဘက်ကထွက်တဲ့ကြက်သွန်နီတွေ အခုလတ်တလော အရောင်းအဝယ်ပြန်ကောင်းမွန်နေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဇွန်လ ဒုတိယပတ်က ဆိပ်ဖြူဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်အေးသဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယခုအခါ အရောင်းအဝယ်ကောင်းလာသဖြင့် ယနေ့ ပေါက်ဈေးအရ ဆိပ်ဖြူဘက်မှထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၂၀၅၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲ အဝင်များတဲ့အထဲ မုံရွာ၊ မြစ်သားနဲ့ပခုက္ကူဘက်ကထွက်ရှိတဲ့ကြက်သွန်နီတွေလဲ ပါပါတယ်။ အဲဒီဘက်က ထွက်ရှိတဲ့ ကြက်သွန်နီတွေလဲ ပုံမှန်အတိုင်းပဲ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

# ရေဝတီမြစ်အတွင်း တတိယမြစ်ကျဉ်းတွင် ရေဝဲများဖြစ်ပေါ်နေသဖြင့် ရေယာဉ်များ သတိပြုသွားလာရန်လိုဟုဆို

**မန္တလေး ဇွန် ၂၅**

ဧရာဝတီမြစ်အတွင်း တတိယမြစ်ကျဉ်းတွင် ရေဝဲများဖြစ်ပေါ်နေသဖြင့် ရေယာဉ်များသတိပြုသွားလာရန်လိုကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုအခါ ဧရာဝတီမြစ်အတွင်း ရေများချိန်ကာလဖြစ်သည့်အတွက် မန္တလေးဆိပ်ကမ်းများမှ ခရီးသည်တင် ရေယာဉ်များအပါအဝင် ကုန်တင်ရေယာဉ်များအနေဖြင့် မန္တလေးမှ ဗန်းမော်ဘက်သို့ သွားလာရာတွင် တတိယမြစ်ကျဉ်းဖြစ်သည့် သပိတ်ကျင်းမြို့နယ်အတွင်း၌ ရေဝဲများဖြစ်ပေါ်နေသဖြင့် ရေယာဉ်များ အန္တရာယ်မဖြစ်စေရန် အထူးသတိပြုသွားလာရန် လိုကြောင်း သိရသည်။

"ဧရာဝတီမြစ်အတွင်း ရေများချိန်ကာလဖြစ်တာကြောင့် တတိယမြစ်ကျဉ်းမှာ ရေဝဲတွေဖြစ်ပေါ်နေတယ်။ ဒီရေဝဲနေရာတွေကို ရေယာဉ်တွေဝင်မိရင် တော်တော်လေး အန္တရာယ်များနိုင်တယ်။ ရေဝဲက အရွယ်အစားကြီးနေရင် ရေယာဉ်တွေပါနစ်မြုပ်သွားတဲ့ထိ အန္တရာယ်ရှိနိုင်လို့ ရေယာဉ်တွေအားလုံး ဂရုစိုက်သွားလာကြဖို့ လိုပါတယ်" ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မန္တလေးဆိပ်ကမ်းများမှ ဗန်းမော်ဘက်သို့ သွားလာကြမည့် ရေယာဉ်များအနေဖြင့် အန္တရာယ်တစ်စုံတစ်ရာမရှိစေရေး လမ်းညွှန်ပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကိုလည်း ဂရုပြုသွားလာကြရန် လိုအပ်ကြောင်း သိရသည်။

"ရေများကာလမှာ ရေလမ်းကြောင်းတွေအတွင်း ရေစီးသန်တာနဲ့ ဝဲလှည့်တာတွေဖြစ်ပေါ်နိုင်ပါတယ်။ ဒါကြောင့် ရေအနက်မလုံလောက်တဲ့ရေမြှာပေါက်ဖြတ်လမ်းတွေကို အသုံးပြုခုတ်မောင်းတာတွေမပြုလုပ်ကြဖို့လိုပါတယ်။ ပြီးတော့ မိမိတို့ရေယာဉ်ရဲ့စက်အားနဲ့ ရေစီးနှုန်းကိုချင့်ချိန်ပြီး သတ်မှတ်ရေလမ်းအတိုင်းသတိပြုခုတ်မောင်းကြဖို့လိုပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## ကျောက်ဆည်မြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကျောက်ဆည် ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တုံလုံကျေးရွာနှင့် ဇန္ဒကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက တုံလုံကျေးရွာ၌ လမ်းအရှည်ပေ ၂၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဇန္ဒကုန်းကျေးရွာ လမ်းအရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာနှစ်ရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

တုံလုံကျေးရွာနှင့် ဇန္ဒကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် သန်း ၂၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၄၉ ဒသမ ၆၄၂၅ သန်း စုစုပေါင်း ငွေကျပ် ၆၉ ဒသမ ၆၄၂၅ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဩဂုတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးထံမှ သိရသည်။

**ချိုသန်းညွန့်**

## နတ်တလင်းမြို့နယ် ရွာသစ်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**နတ်တလင်း ဇွန် ၂၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ရွာသစ်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ရွာသစ်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

ရွာသစ်ကုန်းကျေးရွာ၌ လမ်းအရှည်ပေ ၆၀၀၀၊ အကျယ် ၁၄ ပေ၊ မြေသားအမြင့် လေးပေ၊ ဂဝံအမြင့် ကိုးလက်မခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၁၅၁ ဒသမ ၃၇သန်းဖြင့် Royal Phone Pyae Sone ကုမ္ပဏီက ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန္တာ**

## ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၅၅၂၇ ဧကနှင့် ဖူးစားပြောင်း ၁၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပြောင်းဖူးစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၅၅၂၇ ဧကနှင့်ဖူးစားပြောင်း ၁၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၃၆၆၂၄ ဧကနှင့် ဖူးစားပြောင်း ၆၈၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ အစေ့ထုတ်ပြောင်း ၅၅၂၇ ဧကနှင့် ဖူးစားပြောင်း ၁၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်မှာ ဒီနှစ် အစေ့ထုတ်ပြောင်း ဧက ၁၃၀၀၀၀ ကျော်နဲ့ ဖူးစားပြောင်းဧက ၆၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ အစေ့ထုတ်ပြောင်းဧက ၅၀၀၀ ကျော်နဲ့ ဖူးစားပြောင်း ၁၈ ဧက စိုက်ပျိုးပြီးစီးပါပြီ။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေကြပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက်လဲ အသိပညာပေးတာတွေလုပ်တယ်။ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေး ဆောင်ရွက်နေတယ်။ ပြောင်းသီးနှံတွေစိုက်ပျိုးမှု တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် ပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ် ပိုးနှင်ဆေးအသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ယခင်နှစ်က မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၈၈၄၉၉ ဧကနှင့် ဖူးစားပြောင်း ၆၇၅ ဧကတို့ စိုက်ပျိုးနိုင်ခဲ့ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**(၂၀၆)**

## မြောက်ဦးမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စက်ချုပ်သင်တန်းဆင်း

**မြောက်ဦး ဇွန် ၂၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲကို ယနေ့နံနက် ၈ နာရီက မြောက်ဦးမြို့ အလိုတော်ပြည့် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစောက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အောင်ညွန့်စိန်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် သင်တန်းဖွင့်လှစ်သင်ကြား ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက အခြေခံစက်ချုပ်နည်းများကို ဇွန် ၆ ရက်မှယနေ့ထိ ၂၀ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ကိုသန်း**

## ပျော်ဘွယ်မြို့နယ် သပြေရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အငှမအကြိမ်ထုတ်ချေး

**ပျော်ဘွယ် ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ သပြေရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အငှမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သပြေရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အငှမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၉ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



# လက်ဆင့်ကမ်းကျောက်သံပတ္တမြားများ

ချစ်နိုင်(စိတ်ပညာ)

**"အလိုက်သင့်ဖြစ်အောင် မပြောင်းလဲနိုင်တဲ့တစ်နေ့၊ အဲဒီနေ့မှာ ငါးများဟာ ရွံ့တွလိပ်ခွေပြီး သေဆုံးသွားမယ်။ အဲဒါပါပဲ"**

**ကျွန်တော်တို့ အသစ်တွေကို မသင်ယူနိုင်တဲ့နေ့ ကမ္ဘာနဲ့ ကျွန်တော်တို့ကင်းကွာသွားမယ်။ အဲဒီအခါမှာ ကျွန်တော်တို့ဟာ အသုံးမလိုမရတော့တဲ့သူ ဖြစ်သွားမယ်"**

**ငင်ကာပူဝန်ကြီးချုပ် လီကွမ်ယု(၁၉၂၃-၂၀၁၅)**
**(၂၀၀၃၊ ဇူလိုင်လ ၂၃ ရက် မိန့်ခွန်းမှ)**

**နိဒါန်း**

ကမ္ဘာပေါ်မှာ လူသားဟာ အခြားသက်ရှိသတ္တဝါတွေနဲ့နှိုင်းစာရင် အတော်ပြုစုယုယမှ လူတစ်ယောက်ရယ်လို့ ဖြစ်မြောက်ရရှာပါတယ်။ သူ့ကို မိခင်၊ ဖခင်၊ ဆွေမျိုးဉာတိ ရပ်ရွာပတ်ဝန်းကျင်၊ မိတ်ဆွေအပေါင်းအသင်း၊ ကျောင်းစာသင်ခန်း၊ အလုပ်ခွင် အစရှိတဲ့ အခြားလူသားတွေက ဝိုင်းဝန်းကူညီဖေးမရပါတယ်။

စဉ်းစားကြည့်နော်၊ ကျွန်တော်တို့အတွက် စေတီ၊ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်၊ ဆည်၊ တံတား၊ လမ်းစတဲ့အရာတွေကို လွန်ခဲ့တဲ့နှစ်ပေါင်းများစွာ အစဉ်အဆက်တည်ဆောက်ခဲ့ကြတာ မဟုတ်ပါလား။ ကျွန်တော်တို့ရဲ့ အဘိုးတွေ၊ အဘွားတွေ သားစဉ်မြေးမြစ်၊ နောင်လာနောက်သားတွေ ကောင်းစားဖို့ လုပ်ဆောင်ခဲ့ကြတာ။ ဥပမာတစ်ခုလောက် စိတ်ထဲပေါ်ရာ ဖော်ပြပါရစေ။ လွန်ခဲ့တဲ့ နှစ်ကာလ ၄၀ ကာလ၊ ၁၉၈၀ ဝန်းကျင်မှာ မြန်မာနိုင်ငံရဲ့လူဦးရေနဲ့ အဲဒီအချိန်က စပါးစိုက်ပျိုးတဲ့ လယ်ဧက၊ ထွက်ရှိနေတဲ့ စပါးအထွက်နှုန်းကို နိုင်ငံတော်အကြီးအကဲပိုင်းပုဂ္ဂိုလ်တွေ တွက်ချက်သုံးသပ်တဲ့အခါ နိုင်ငံခြားပြည်ပကို ဆန်နှစ်စဉ်တင်ပို့နေတဲ့ မြန်မာနိုင်ငံဟာ နောင် ၁၀ နှစ်ကြာရင် (လူဦးရေတိုးတာနဲ့ စပါးအထွက်နှုန်းက ထိုင်းတို့၊ ဗီယက်နမ်တို့ထက် များစွာလျော့နည်းတာစတဲ့ကိန်းတွေသိရပြီး) ဆန်ကို ပြည်ပက ဝယ်ယူတင်သွင်းရမယ့် အခြေအနေဆိုက်ကြတော့မယ်။

တိုတိုပြောရရင် နွေစပါးဆိုပြီး မြေလွတ်၊ မြေလပ်မတိုးခင် သီးထပ်စိုက်ခိုင်း၊ မြစ်မိးရောင်စစ်ဆင်ရေး၊ ရွှေဝါမြေစစ်ဆင်ရေးဆိုပြီး စပါးအထွက်နှုန်းကောင်းလာအောင် ကြိုးပမ်း၊ ဆည်ရေသောက်လယ်မြေ ဧရိယာတိုးပွားအောင် ဆည်မြောင်းတာတမံကြီးတွေကို ငွေကြေးကြီးမားစွာ အကုန်အကျခံတည်ဆောက်စသဖြင့် စပါးအထွက်တိုးအောင် ဘက်ပေါင်းစုံကရုန်းကန်ကြိုးစားလိုက်တဲ့အခါ မြန်မာနိုင်ငံဟာ ဆန်ကို နိုင်ငံခြားကတင်သွင်းရမယ့်ဘဝမှ ကင်းလွတ်ခဲ့ပြီး ဒီနေ့ထိ ပြည်ပကို ဆန်တင်ပို့နေနိုင်အောင် စားနပ်ရိက္ခာပို့လျှံခဲ့ကြပါကောလား။

**ကြိုးစားရင်ရတယ်**

ကျွန်တော်တို့ လူဖြစ်အောင် ဒီအရွယ်ထိ စားခဲ့တဲ့ ထမင်း(ဆန်၊ စပါး) လယ်ကွင်းထဲ ကျွဲနဲ့၊ နွားနဲ့ နေပူမိုးရွာမရှောင် ထွန်ယက်ထုတ်လုပ်ခဲ့ကြတဲ့ လယ်သမားတွေ၊ ရေမဆည်မြောင်းတာတမံကြီးတွေကို တည်ဆောက်ပေးကြတဲ့ အင်ဂျင်နီယာတွေ စသဖြင့် ရှေ့ကပုဂ္ဂိုလ်တွေရဲ့ကျေးဇူးဟာ အသိအမှတ်မပြုထိုက်ပေဖူးလား။ ကျေးဇူးပြုခဲ့သူတွေက သေသွားကောင်းသေသွားကြပါပြီ။ ဒါပေမဲ့ ဒီရေဒီမြေပေါ်က အဘိုး၊ အဘွားတွေရဲ့ အနစ်နာခံ၊ အပင်ပန်းခံလုပ်ဆောင်ပေးခဲ့ကြတဲ့ သူတို့ရဲ့စေတနာနဲ့ လုပ်ဆောင်ချက်ကို ကျေးဇူးသိအပ်ပါတယ်။ ဆန်၊ ဆီ၊ ဆေး၊ ဆား လိုလေသေးမရှိစေရနော်။

မရှိတော့တဲ့သူတွေကို ကျေးဇူးဆပ်ဖို့ ကျွန်တော်က တိုက်တွန်းလိုခြင်းမဟုတ်ပါ။ သိတတ်ဖို့ပါ။

ကျွန်တော်တို့ဟာ ဘိုးဘွားမိဘတွေကို အတုယူပြီး ကျွန်တော်တို့ရဲ့ သားသမီးမြေးမြစ် နောင်လာနောက်သား၊ သားစဉ်မြေးမြစ်အတွက် ပိုမိုသာယာလှပပြီး ပြည့်စုံကြွယ်ဝတဲ့ ပတ်ဝန်းကျင်အခြေအနေဖန်တီးတည်ဆောက်ပေးခဲ့မယ်ဆိုတဲ့ ဝတ္တရားမရှိပေဘူးလား။

ဒီလို စိတ်ကောင်းစိတ်မြတ် အစဉ်အလာကို လက်ဆင့်ကမ်းတာဝန်ယူကြရမယ်။ ဒါဟာ ကျေးဇူးသိတတ်ကျေးဇူးဆပ်ရာရောက်တယ်ရယ်လို့ သဘောထားမပေါ်ဘူးလားခင်ဗျာ။ ဖြေကြည့်ပါဦး။

**စေတနာလေ**

ကိုယ်စားဖို့လည်းမဟုတ်ဘူး။ ကိုယ့်အကျိုးအတွက်လည်းမဟုတ်ဘူး။ ကိုယ့်ရဲ့လူမျိုးအတွက်၊ နိုင်ငံအတွက် ပိုမိုသာယာကောင်းမွန်တဲ့အခြေအနေကို အမွေလက်ဆင့်ကမ်းနိုင်အောင် လုပ်ဆောင်ရမှာလေ။ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှားဆိုတဲ့ ကျွန်တော်တို့နဲ့ အရင်က ပိန်မသာလိမ်မသာ အိမ်နီးချင်းနိုင်ငံတွေဟာ အခုအတော်ဝေးဝေး ရှေ့ရောက်သွားကြပြီး ကျွန်တော်တို့သာ လူနေမှုဘဝ နိမ့်ကျဆင်းရဲ (မပြည့်စုံသူ မိသားစုတွေများနေကြသေးတဲ့ အခြေအနေကိုဆိုလိုတာပါ) ကျန်ရစ်ခဲ့လေတော့ သူတို့အလုပ်လုပ်နေကြတာထက် နှစ်ဆ၊ သုံးဆ ဒါမှမဟုတ် ၁၀ ဆ၊ ၁၂ ဆ ကြိုးစားကြရမယ့်သဘော။

အတိတ်ကိုတော့ ဘာကိုမှရေရွှေ့မနေနဲ့တော့။ ရှိပါစေတော့။

ပစ္စုပ္ပန်ကိုသာ ကျွန်တော်တို့အားလုံးရဲ့လက်ထဲမှာ လက်ရှိဆောင်ရွက်နိုင်ခွင့်ရှိနေကြတာလေ။

အနာဂတ်ဆိုတာကတော့ အချိန်ရထားကြီး တရွေ့ရွေ့ ရှေ့ကိုဆက်သွားနေတာမို့ တစ်နေ့ပြီး တစ်နေ့၊ တစ်ဘူတာပြီးတစ်ဘူတာ ရောက်လာမှာပဲ။ ကျွန်တော်တို့ ပြည်ထောင်စုသားနိုင်ငံသားတွေ အမြင်မကျဉ်းမြောင်းဘဲ နိုင်ငံနဲ့လူမျိုးအနာဂတ်ကောင်းကျိုး ထိရောက်အောင်မြင်စေမယ့်အလုပ်တွေကိုသာ ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံး လုပ်ဆောင်ကြရအောင်။

**အစွမ်းအစ**

ပထမဦးဆုံး လုပ်ရမယ့်အလုပ်ကတော့ တစ်ဦးချင်းအရည်အသွေး၊ လုပ်ရည်ကိုင်ရည်၊ ကြံရည်ဖန်ရည်၊ အစွမ်းအစတွေ တိုးပွားမြှင့်တင်ကြဖို့ပဲမဟုတ်ပါလား။

လူသားတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀၀၀ နဲ့ ၈၀၀၀ ကာလဆီက ဖွံ့ဖြိုးတိုးတက်မှုဟာ သိပ်မသိသာခဲ့ဘူး။ ရှေးနှစ်ပေါင်းများစွာ၊ သန်းပေါင်းများစွာထက် နည်းနည်းသာပြောင်းလဲပါတယ်။ ဘယ်အချိန်ဖွံ့ဖြိုးမှုမြန်သလဲဆိုတော့ ဘာသာစကား Language အသုံးပြုတတ်လာတဲ့အခါ သိသိသာသာတိုးတက်ပါသတဲ့။ စကားပြောတတ်ခြင်း။

နောက်တစ်ဆင့် ပိုမိုမြန်ဆန်တဲ့ကာလကတော့ စာရေးစာဖတ်၊ စာလုံးသင်္ကေတ၊ စာပေ Letter၊ Literature စာတတ်မြောက်ခြင်း။ အဲဒါရဲ့ အကျိုးဆက်ကတော့ ယဉ်ကျေးမှုတွေ အံ့ဩလောက်အောင် ထွန်းကားတဲ့လူ့အဖွဲ့အစည်းတွေဖြစ်လာတဲ့အထိပါပဲ။

အသက်ရှင်ရပ်တည်မှုနဲ့ ခေတ်ကို ပိုင်းခြားကြည့်ရင်တော့ အခုလိုပြောကြတာလည်းရှိလေရဲ့-

❖ ကိုယ်စားဖို့လည်းမဟုတ်ဘူး။ ကိုယ့်အကျိုးအတွက်လည်းမဟုတ်ဘူး။ ကိုယ့်ရဲ့လူမျိုးအတွက်၊ နိုင်ငံအတွက် ပိုမိုသာယာကောင်းမွန်တဲ့ အခြေအနေကို အမွေလက်ဆင့်ကမ်းနိုင်အောင် လုပ်ဆောင်ရမှာလေ။ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှားဆိုတဲ့ ကျွန်တော်တို့နဲ့ အရင်က ပိန်မသာလိမ်မသာ အိမ်နီးချင်းနိုင်ငံတွေဟာ အခုအတော်ဝေးဝေး ရှေ့ရောက်သွားကြပြီး ကျွန်တော်တို့သာ လူနေမှုဘဝ နိမ့်ကျဆင်းရဲ (မပြည့်စုံသူမိသားစုတွေများနေကြသေးတဲ့အခြေအနေကို ဆိုလိုတာပါ)ကျန်ရစ်ခဲ့လေတော့ သူတို့အလုပ်လုပ်နေကြတာထက် နှစ်ဆ၊ သုံးဆ ဒါမှမဟုတ် ၁၀ ဆ၊ ၁၂ ဆ ကြိုးစားကြရမယ့်သဘော။ ❖

| | |
|---|---|
| ၁။ **ရိုက်ပျိုးရေးခေတ်** | Muscle ကြွက်သားနဲ့ ဗလအားကိုးရ |
| ၂။ **စက်မှုခေတ်** | Machine စက်ကိုသုံးတတ် |
| ၃။ **နည်းပညာခေတ်** | Technology and Machinery |
| ၄။ **အဆင့်မြင့်နည်းပညာခေတ်၊ စက်ရုပ်ခေတ်နှင့် ဉာဏ်ရည်အတုခေတ်** | Artificial Intelligence (AI) |

သချာတာကတော့ မျက်မှောက်ကာလဟာ ပညာခေတ်ဆိုတာပါပဲ။ ပညာရည်ရှိရင်ရှိသလောက် ဖွံ့ဖြိုးတိုးတက်ဦးမယ်။ ပညာမဲ့ကြလေလေ မြေကြီးကို ကျင်းတူးပြီး တွင်းထဲကို တစ်ထစ်ပြီးတစ်ထစ်၊ တစ်ဆင့်ပြီးတစ်ဆင့် ဆင်းသွားနေကြပုံပဲ။ ဆင်းရဲသည်ထက်ဆင်းရဲ၊ မွဲသည်ထက်မွဲ။

မသိနားမလည်လို့ အလွဲအမှားတွေလုပ်ကြ။

အလွဲအမှားတွေလုပ်နေကြတော့ ဘဝတွေပျက်။

**ဉာဏ်ပညာ**

အသိဉာဏ်ပညာဆိုတာ အရေးကြီးလှပါတကား။

လူတစ်ဦးချင်းပဲဖြစ်ဖြစ်၊ လူမျိုးတစ်မျိုးပဲဖြစ်ဖြစ် အသိဉာဏ်အမြော်အမြင်အပေါ် မူတည်ပြီး အောင်မြင်တိုးတက်မှု၊ ဆုတ်ယုတ်ပျက်စီးမှုဆိုတာ ဖြစ်ပေါ်လာတာပေကိုး။ တစ်ဦးချင်းစီကော၊ ကြီးကြီးငယ်ငယ် တိုင်းသူပြည်သားအားလုံးကော အသိပညာ ဉာဏ်အမြော်အမြင်တိုးပွားအောင် ကြိုးစားကြရပါမယ်။

**"အခြေအနေ ပတ်ဝန်းကျင်နဲ့ မိမိလိုက်လျောညီထွေဖြစ်အောင် နေတတ်ထိုင်တတ်ကိုင်တတ်သူဟာ အဖတ်တင်ကျန်ရစ်ခဲ့ခြင်းသဘောရှိတယ်။ အဲဒီလို မလုပ်နိုင်တဲ့ သတ္တဝါတွေဟာ သေကျေပြီး မျိုးသုဉ်းကုန်ကြတာပဲ"**တဲ့။

သိပ္ပံပညာရှင် ချားလ်ရောဘတ်ဒါဝင် (၁၈၀၉-၁၈၈၂) ရေးသားထုတ်ဝေခဲ့တဲ့ "မျိုးရိုးများရဲ့ အရင်းမူလ (Origin of Species)"စာအုပ်ထဲမှာ သဘာဝရဲ့ရွေးချယ်မှုသဘောကို ဖော်ပြခဲ့ပါတယ်။

အခြေအနေ အချိန်အခါနဲ့ လိုက်လျောညီထွေမနေနိုင်ရင် ဘယ်ပုဂ္ဂိုလ်၊ ဘယ်သတ္တဝါမဆို ဆက်လက်ရပ်တည်ရှင်သန်နိုင်ခြင်းမရှိဘူး။ ဒါဟာ သိပ္ပံသဘောအရလည်း မှန်တယ်။ လက်တွေ့သမိုင်းရာဇဝင်နဲ့ နိုင်ငံရေးဖြစ်စဉ်တွေအရလည်းမှန်တယ်။

**လိုက်လျောညီ**

ကိုယ့်ဘဝ၊ ကိုယ့်အခြေအနေ၊ ပတ်ဝန်းကျင်အခြေအနေ၊ အချိန်အခါရဲ့ ပြောင်းလဲနေပုံသဘော၊ လိုက်လျောညီထွေပြောင်းလဲရမှာပဲ။ ပုတ်သင်ညို၊ မြွေ စတဲ့ သတ္တဝါတွေတောင် နောက်ခံပတ်ဝန်းကျင်နဲ့ဆီလျော်ကိုက်ညီအောင် အရောင်ပြောင်းကြတာ တွေ့တယ်နော်။ မိမိအသက်ရှင်သန်ရေးအတွက် ပြောင်းလဲရတာမမှားပါဘူး။ လောကကြီးကို အရှုံ့မတိုက်လေနဲ့။ လောကကြီးဟာ ပြောင်းလဲသွားမှာလည်းမဟုတ်ဘူး။ ပြိုကွဲသွားမှာလည်းမဟုတ်ဘူး။ အရှုံ့တိုက်တော့ မိမိကိုယ်သာ စောင်းကန်းစောင်းကန်းနဲ့ လိမ်ဖယ်ဖယ်ဖြစ်သွားရမယ်။

ငါဘာလဲ။ ငါ့ဘဝက ဘာလဲ။ ငါ့တာဝန်က ဘာလဲ။ ငါ့ဝတ္တရားက ဘာရှိလဲ။ မိမိနေရာမကျရင် နေရာကျအောင်ပြင်ပါ။ ပြောင်းပါ။ ရှင်လောင်းဘဝက ရွှေထီးဆောင်းပြီး မြင်းစီးခဲ့ရတာကို ဘဝင်မြင့်သာယာမနေမိပါစေနဲ့။ **ဂါရဝေါ စ**-အရိုအသေပေးထိုက်သူတွေကို အရိုအသေပေးဖို့ ဝန်မလေးလေနဲ့။ **နိဝါတော စ**-မိမိကိုယ်ကို ချိုးနှိမ်ပါလေ။ **မုဒု**-နူးညံ့ပါစေ။ **အနတိမာနီ**-မာန်မာနမထောင်လွှားနေပါနဲ့။ မိမိကိုယ်ကို ပျော့ပျောင်းကျိုးနွံအောင် ဆုံးမပြုပြင်ပါ။ ဘဝဆိုတာ အတက်ပြီးရင် အဆင်းပဲ။ အဆင်းဆိုလည်း စိတ်မပျက်နဲ့ ဂိတ်ဆုံးရောက်ပြီးရင် တစ်လှည့်ပြန်ပြီးတက်ရဦးမှာပဲ။ အဆင်းကော၊ အတက်ကော၊ အဆိုးကော၊ အကောင်းကော လောကဓံတရားသဘောအရ တွေ့ကြုံကြရမှာတွေမဟုတ်လား။

**နိဂုံး**

မာနမကြီးပါနဲ့လေ။ မာန်တက်မနေနဲ့။ ပတ်ဝန်းကျင်အခြေအနေနဲ့ အဆင်ပြေပြေနေတတ်ပါစေ။ နွားရေကူးသလို ခေါင်းမော့တော့တော့ လုပ်မနေနဲ့။ တစ်လောကလုံးက ကိုယ့်လုပ်စာ ထိုင်စားနေတဲ့မျက်နှာထားမျိုးနဲ့ မျက်နှာရှစ်ခေါက်ချိုး အပေါက်မျိုး မနေမိပါစေနဲ့။

လောကကို သာယာလှပအောင် ပါဝင်ပါ။

မင်္ဂလာတရား ၃၈ ချက်ကို ပြန်ကျက်၊ ပြန်မှတ်သား။ တစ်ခုပြီးတစ်ခု လိုက်နာကျင့်သုံးရင် သိသိသာသာ ကျက်သရေမင်္ဂလာရှိလာမှာပါ။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်ကာလဆီက ဂေါတမဗုဒ္ဓ (ဘီစီ ၅၆၃-၄၈၃) မြတ်စွာဘုရား၊ အဲဒီခေတ်က ၁၂ နှစ်တာမျှ စူးစမ်းရှာဖွေ အငြင်းပွားနေရတာကို အဖြေရှင်းရှင်းလင်းလင်းဟောကြားခဲ့တဲ့ မင်္ဂလသုတ်တရားကို နားဝင်အောင် ပြန်လည်လေ့လာသုံးသပ်ပါ။ အမှားတွေ၊ အလွဲတွေ တည့်လာလိမ့်မယ်။

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံ့သွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# အောင်လံခရိုင်နှင့် သရက်ခရိုင်ရှိ မြစ်ရေတင်လုပ်ငန်းခုနစ်ခုက မိုးစပါးနှင့် အခြားသီးနှံဧက ၇၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေမည်

**မကွေး ဇွန် ၂၅**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင်နှင့် သရက်ခရိုင်အတွင်းရှိ မြစ်ရေတင်လုပ်ငန်းခုနစ်ခုက ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးမည့် စပါးနှင့် အခြားသီးနှံစိုက်ဧက ၇၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ပြောပြ၍ သိရသည်။

အောင်လံခရိုင်ရှိ အောင်လံမြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်နှင့် သရက်ခရိုင်ရှိ သရက်မြို့နယ်၊ မင်းလှမြို့နယ်တို့မှ ဒေသခံတောင်သူများ မိုးသီးနှံစိုက်ပျိုးရာတွင် စိုက်ပျိုးရေခက်ခဲမှုမရှိစေရေးအတွက် စိုက်ပျိုးရေ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ယခုနှစ် မိုးရာသီတွင် အောင်လံခရိုင်အတွင်းရှိ ပန်းမတမြစ်ရေတင်လုပ်ငန်းက သီးနှံစိုက်ဧက ၁၉၀၀၊ နံ့ဂူပင်မြစ်ရေတင်လုပ်ငန်းက သီးနှံစိုက်ဧက ၃၀၀၊ ဒုရင်ဗိုလ်မြစ်ရေတင်လုပ်ငန်းက သီးနှံစိုက်ဧက ၅၀၀၀၊ ဧယျာမြစ်ရေတင်လုပ်ငန်းက သီးနှံစိုက်ဧက ၆၉၀၊ ကံမလေးမြစ်ရေတင်လုပ်ငန်းက သီးနှံစိုက်ဧက ၃၀၀၊ ညံတောအင်းမြစ်ရေတင်လုပ်ငန်းက သီးနှံစိုက်ဧက ၂၀၀ နှင့် သရက်ခရိုင်ရှိ ခြောက်ထောင့်မြစ်ရေတင်လုပ်ငန်းက သီးနှံစိုက်ဧက ၄၀၀ စုစုပေါင်း သီးနှံစိုက်ဧက ၇၀၈၀ ကို စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးရာသီမှာ အောင်လံနဲ့ သရက်ခရိုင်အတွင်းက မြစ်ရေတင်လုပ်ငန်းခုနစ်ခုက မိုးသီးနှံစိုက်ပျိုးမဲ့ တောင်သူတွေ မိုးရေကို စောင့်မျှော်စရာမလိုဘဲ စိုက်ပျိုးသီးနှံတွေ အောင်မြင်စွာစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။ ဆည်ရေ၊ တမံရေ၊ ကန်ရေ၊ မြေအောက်ရေနဲ့ မိုးရေကောင်းစွာမရရှိတဲ့ ဒေသတွေမှာ စိုက်ပျိုးသီးနှံတွေ အောင်မြင်စွာ စိုက်ပျိုးနိုင်ဖို့ တစ်ဖက်တစ်လမ်းက ကူညီဆောင်ရွက်ပေးနေတာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ပြောပြသည်။

မြစ်ရေတင်လုပ်ငန်းများမှ နွေသီးနှံ၊ မိုးသီးနှံစိုက်ပျိုးသည့်တောင်သူများကို စိုက်ပျိုးရေဖြန့်ဝေပေးနေရာ ပြီးခဲ့သည့်နှစ် နွေကာလကလည်း မြစ်ရေတင်လုပ်ငန်းခြောက်ခုက စိုက်ပျိုးရေဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မိုးထက်(မင်းဘူး)**



အောင်လံခရိုင်ရှိ ဧယျာမြစ်ရေတင်လုပ်ငန်းကို တွေ့ရစဉ်။

# ကြို့ပင်ကောက်မြို့နယ် စိန်တွင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် ဇွန် ၂၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန်ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စိန်တွင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၂၅ ရက်က အဆိုပါကျေးရွာရှိ စာသင်ကျောင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံက စီမံကိန်း စက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ၊ ခံစားခွင့်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးအေးလွင်က စိန်တွင်းမြိုင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စိန်တွင်းမြိုင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ် ၂၈၂ ဒသမ ၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၆၇ ဒသမ ၇ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၁ ဦးအား ငွေကျပ်သိန်း ၃၅၀ ကို သက်သာသောအတိုးနှုန်းဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# ရခိုင်လေဘေး တို့အရေး

\- "မိုခါ"မုန်တိုင်း သင်မိုက်ရိုင်း၍
တို့တိုင်းတို့ပြည် ကျိုးပဲ့ကြေအောင်
ဝင်မွှေအမျက်ကြီး သင်ဖျက်ဆီးသည်
အပျက်အစီးပေါင်း သိန်းရာထောင်။

\- ဧရာဝတီ ရန်ကုန်ဆီ၌
ဝေ့လည်ကျော်ဖြတ် အဖျားခတ်လည်း
ရပ်တန့်မနိုင် ပြည်ရခိုင်ကား
ဆိုင်ကလုန်းဝင့် လမ်းကြောင်းသင့်၍
ဆို့နင့်အာရုံ လွှမ်းဖွယ်ဆုံရ
ဆောက်အုံပြိုပျက် ရေမီးခက်ပြီး
အသက်ရန်မူ အန္တရာယ်ထူသည်
လူ့ရောတိရစ္ဆာန်ပါ ကြုံခဲ့တကား။

\- ဟိုခါတစ်နှစ် တို့ကြုံရစ်သည့်
"နာဂစ်"ဇာတ်လမ်း ထိုမှတ်တမ်းကို
သင်ခန်းစာအသွင် တို့ကြိုတင်၍
ပြင်ဆင်သိုက်မြိုက် လှုံ့လစိုက်သော်
ထိခိုက်မှုနှုန်း အနည်းဆုံးတည့်
စည်းလုံးခြင်း၏ ရလဒ်တကား။

\- ဟော့ မိုခါရေ တို့မကျေဘူး
တို့မြေပေါ်မှာ
မညှာမတာ မစာနာဘဲ
ကြမ်မှာဆိုးချက် အကျိုးပျက်အောင်
ချိုးဖျက်မဆိုင်း ထင်ရာစိုင်းပြီး
ဆင်ရိုင်းသို့မွှေ ငါတို့မြေကို
ကြေအောင်နင်လုပ် တမင်ယုတ်လည်း
အဟုတ်မကြေ ငါတို့မြေသည်
မသေတည်တံ့ ခိုင်ခိုင်တကား။

\- တို့လယ်တစ်ကွက် တစ်ကြိမ်ပျက်လျှင်
ဆယ်ကွက်ပြန်ဖော် တို့မော်နိုင်၏။

\- တို့ကန်ရေတွင်း တစ်ကြိမ်ယွင်းလျှင်
ဆယ်တွင်းပိုင်ပိုင် တို့ဆယ်နိုင်၏။

\- တို့အိမ်တစ်လုံး တစ်ကြိမ်ဆုံးလျှင်
ဆယ်လုံးဆယ်ဆောင် တို့ထူထောင်၏။

\- တို့မြေမဟီ ရခိုင်ပြည်နှင့်
ညီတူစိတ်ထား မကွဲပြားပေ
သွေးသားရင်နှစ် အစစ်တကား။

\- ပြည့်အင်အားသည် တခြားမသိ
ပြည်တွင်းရှိသွေး တို့အရေးမို့
နွေးထွေးသောလက် တို့တွဲယှက်ပြီး
စက်မရှိ ရွက် လေဟုန်နှက်ကာ
ရွက်မရှိ တက် လှော်မပျက်ဘဲ
တက်မရှိ လက် အားကုန်သွက်လှော့
တက်ကုန်လက်ကုန် လှုံ့လစိုက်လျှင်
အဟုန်ပြင်းပြ လိုတိုင်းရ၍
အစ စ အထက်တန်းကျပြီး
ဘဝမျက်နှာပန်း လှလိမ့်တကား။ ။

**မင်းယဉ်ရ**

# နိုင်ငံတကာ သတင်းများ

# အီဂျစ်သမ္မတအယ်လ်စီစီနှင့် အိန္ဒိယဝန်ကြီးချုပ်မိုဒီတို့ ကိုင်ရိုမြို့၌ တွေ့ဆုံဆွေးနွေး



**ကိုင်ရို ဇွန် ၂၅**

အီဂျစ်သမ္မတ အယ်လ်စီစီသည် ယနေ့တွင် ကိုင်ရိုမြို့၌ အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် နှစ်ရက်ကြာ အီဂျစ်ခရီးစဉ်အဖြစ် ဇွန် ၂၄ ရက်တွင် ကိုင်ရိုမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် နှစ် ၂၀ကျော်ကာလအတွင်း အီဂျစ်နိုင်ငံသို့ တရားဝင်နိုင်ငံတော်အဆင့် ခရီးစဉ်ဖြင့် ရောက်ရှိလာခဲ့သည့် ပထမဆုံး အိန္ဒိယဝန်ကြီးချုပ်ဖြစ်သည်။

အီဂျစ်သမ္မတ အယ်လ်စီစီသည် အိန္ဒိယဝန်ကြီးချုပ်ကို ကိုင်ရိုမြို့ သမ္မတနန်းတော်၌ ယနေ့နံနက်ပိုင်းတွင် ကြိုဆိုနှုတ်ဆက်ခဲ့သည်။

ဆွေးနွေးပွဲပြီးဆုံးချိန်တွင် အီဂျစ်သမ္မတ အယ်လ်စီစီသည် ဧည့်သည်တော် အိန္ဒိယဝန်ကြီးချုပ်ကို အီဂျစ်နိုင်ငံ၏ အမြင့်ဆုံးဂုဏ်ပြုဘွဲ့တံဆိပ်ဖြစ်သော နိုင်းဘွဲ့တံဆိပ် (Order of Nile) ကို ဂုဏ်ပြုပေးအပ်ခဲ့ကြောင်း အီဂျစ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အီဂျစ်နှင့်အိန္ဒိယနိုင်ငံတို့သည် ၁၉၅၀ ပြည့်နှစ်ကာလများကပင် ဆက်ဆံရေး ခိုင်မာအားကောင်းခဲ့သော နိုင်ငံများဖြစ်ကြကြောင်း သိရသည်။

KKO

# ဆီရာလီယွန်၌ အမျိုးသားရွေးကောက်ပွဲကျင်းပ ပြည်သူများ ပါဝင်မဲပေး

**ဖရီးတောင်း ဇွန် ၂၅**

ဆီရာလီယွန်နိုင်ငံ၏အမျိုးသား ရွေးကောက်ပွဲများကို ဇွန် ၂၄ ရက်တွင် ကျင်းပခဲ့ရာ ဆီရာလီယွန်ပြည်သူများ ပါဝင်မဲပေးခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

စီးပွားရေး ပြဿနာများနှင့် ပတ်သက်၍ ပြည်သူများ၏ မကျေနပ်ချက်ကြောင့် အဆိုပါ ရွေးကောက်ပွဲ၌ လက်ရှိသမ္မတ မာဒါးဘိုင်အိုအနေဖြင့် ရှုံးနိမ့်သွားနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

ဆီရာလီယွန် အမျိုးသား ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဘိုင်အိုသည် ပြိုင်ဘက်သမ္မတလောင်း ၁၂ ဦးနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

သို့သော် သမ္မတ ဘိုင်အိုနှင့် ပြည်သူအားလုံး တိုးတက်ရေးပါတီ (အေပီစီ) ကိုယ်စားပြုသမ္မတလောင်း ဆာမူရာကာမာရာတို့က အဓိက ပြိုင်ဘက်များအဖြစ် ရွေးကောက်ပွဲကို ဦးဆောင်ထားနိုင်ဖွယ်ရှိသည်။

ဆီရာလီယွန် အမျိုးသား ရွေးကောက်ပွဲ၌ ပါဝင်မဲပေးပိုင်ခွင့်ရှိသူ ၃ ဒသမ ၄ သန်းခန့်ရှိကြောင်း သိရသည်။

ရွေးကောက်ပွဲ ပဏာမရလဒ်များသည် ရွေးကောက်ပွဲပြီးဆုံးပြီး ၄၈ နာရီအကြာတွင် ထွက်ပေါ်လာနိုင်ကြောင်း သိရသည်။ KKO



# သတ္တုတွင်းဟောင်းမီသိန်းဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် သေဆုံးသူများမှာ လီဆိုသိုနိုင်ငံသားများဖြစ်ကြောင်း တောင်အာဖရိက ပြောကြား

**ဂျိုဟန်နက်စဘတ် ဇွန် ၂၅**

ပြီးခဲ့သည့်လအတွင်း တောင်အာဖရိကသတ္တုတွင်းဟောင်းတစ်ခု၌ မီသိန်းဓာတ်ငွေ့ ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရသူများမှာ အိမ်နီးချင်း လီဆိုသိုနိုင်ငံမှ နိုင်ငံသားများဖြစ်ကြောင်း တောင်အာဖရိကတာဝန်ရှိသူများကဇွန်၂၃ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဖရီးစတိတ်ပြည်နယ်ရှိလုပ်ငန်းပိတ်သိမ်းထားသော ဗာဂျီနီးယား အမည်ရှိသတ္တုတွင်းဟောင်း၌ဖြစ်ပွားခဲ့သည့်မီသိန်းဓာတ်ငွေ့ပေါက်ကွဲမှုအတွင်း အနည်းဆုံးလူပေါင်း ၃၁ဦး သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လက်ရှိအချိန်တွင် အဆိုပါ သတ္တုတွင်း ပေါက်ကွဲမှုပြဿနာနှင့် ပတ်သက်၍ တောင်အာဖရိကအစိုးရ စွမ်းအင်နှင့် သဘာဝတွင်းထွက်အရင်းအမြစ်ဝန်ကြီးဌာနက စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

သတ္တုတွင်းပေါက်ကွဲမှုအတွင်း သေဆုံးခဲ့ရသူများမှာ လီဆိုသိုနိုင်ငံသားများဖြစ်နိုင်ကြောင်း တောင်အာဖရိကအစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဗာဂျီနီးယားသတ္တုတွင်းသည် လေဝင်၊လေထွက် ပေါက်များအတွင်း မီသိန်းဓာတ်ငွေ့စုစည်းမှု အဆင့်မြင့်မားလာမှုကြောင့် ၁၉၉၀ ပြည့်နှစ်ကပင် လုပ်ငန်းပိတ်သိမ်းထားသော သတ္တုတွင်းဖြစ်သည်။

တရားမဝင်သတ္တုတူးဖော်ရေးလုပ်ငန်းများသည် တောင်အာဖရိကနိုင်ငံ၏ သတ္တုတူးဖော်ရေးလုပ်ငန်းအတွက် ပြဿနာကြီးတစ်ရပ်အဖြစ် နှစ်ပေါင်းများစွာ ရှိနေခဲ့ကြောင်း သိရသည်။ KKO

# ကမ္ဘာ့စီးပွားရေး အရေးကြီးသည့်အခြေအနေတွင် ရောက်ရှိနေကြောင်း ဘီအိုင်အက်စ်သတိပေး

**ဘေဆယ် ဇွန် ၂၅**

လက်ရှိအချိန်တွင် ကမ္ဘာ့စီးပွားရေးအခြေအနေသည် အရေးကြီးသည့်အလှည့်အပြောင်းသို့ ရောက်ရှိနေကြောင်း နိုင်ငံတကာငွေပေးချေမှုများဆိုင်ရာဘဏ်(ဘီအိုင်အက်စ်)က ယနေ့တွင် သတိပေးလိုက်သည်။

ငွေတန်ဖိုးဖောင်းပွမှု ပြဿနာကို ထိန်းချုပ်ရေးအတွက် ကမ္ဘာ့နိုင်ငံများရှုန်းကန်နေရစဉ် ဘီအိုင်အက်စ်ဘဏ်က အဆိုပါအတိုင်းသတိပေးခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံ ဘေဆယ်မြို့အခြေစိုက် ဘီအိုင်အက်စ်ဘဏ်သည် နိုင်ငံတကာဗဟိုဘဏ်များပါဝင်သည့် ကမ္ဘာ့ဗဟိုဘဏ်အဖွဲ့အစည်းဖြစ်သည်။

လက်ရှိအချိန်တွင် ကမ္ဘာ့စီးပွားရေးအခြေအနေမှာ အရေးကြီးသည့်အနေအထားသို့ ရောက်ရှိနေသည်ဖြစ်ရာ ကြီးမားသည့်ကမ္ဘာ့စီးပွားရေးပြဿနာများကို ဖြေရှင်းရလိမ့်မည်ဖြစ်ကြောင်း ဘီအိုင်အက်စ်၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ထို့ပြင် ငွေတန်ဖိုးဖောင်းပွမှုပြဿနာကို ရင်ဆိုင်ရေးအတွက် ဘဏ်တိုးနှုန်းများထပ်မံမြှင့်တင်ရန် ဘီအိုင်အက်စ်၏ နှစ်စဉ်အစီရင်ခံစာ၌ နိုင်ငံတကာဗဟိုဘဏ်များကို တိုက်တွန်းထားသည်။

နိုင်ငံတကာ ဗဟိုဘဏ်များသည် ပြီးခဲ့သည့် ၁၈လတာကာလအတွင်း အတိုးနှုန်းများကိုဆက်တိုက်မြှင့်တင်ခဲ့သော်လည်း အဓိကစီးပွားရေးအင်အားကြီးနိုင်ငံများ၏ငွေတန်ဖိုးဖောင်းပွမှုနှုန်းမှာ မြင့်မားနေဆဲဖြစ်ကြောင်း သိရသည်။ KKO

# ကက်ရှ်မီးယားဒေသ၌ အိန္ဒိယတပ်များပစ်ခတ်မှုကြောင့် အရပ်သားနှစ်ဦးသေဆုံးခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်ပြောကြား

**အစ္စလာမ်မာဘတ် ဇွန် ၂၅**

ပိုင်ဆိုင်ခွင့်အငြင်းပွား ဟိမဝန္တာဒေသတစ်ခုဖြစ်သည့်ကက်ရှ်မီးယားဒေသ၌ အိန္ဒိယတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် ပါကစ္စတန်အရပ်သားနှစ်ဦး သေဆုံးခဲ့ရကြောင်း ပါကစ္စတန်စစ်ဘက်က ဇွန် ၂၄ရက်တွင် ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါပစ်ခတ်မှုသည် ၂၀၂၁ ခုနှစ်အတွင်း အိန္ဒိယနှင့် ပါကစ္စတန်စစ်ဘက်များကြား နယ်စပ်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရယူခဲ့ပြီးနောက်ပိုင်း ပထမဆုံးဖြစ်ပွားခဲ့သည့် နယ်စပ်ပစ်ခတ်မှုဖြစ်သည်။

အိန္ဒိယတပ်ဖွဲ့ဝင်များသည် နှစ်နိုင်ငံထိန်းချုပ်ရေးမျဉ်းပေါ်ရှိ နေရာတစ်ခုတွင်ရှိနေသော ကျောင်းသားအုပ်စုတစ်စုကို ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန်စစ်ဘက်



သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ထို့ပြင် အိန္ဒိယတပ်ဖွဲ့ဝင်များ၏ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုကို ပါကစ္စတန်အနေဖြင့် လက်တုံ့ပြန်ခွင့်ရှိကြောင်းလည်း ပါကစ္စတန်စစ်ဘက်သတင်းထုတ်ပြန်ချက်တွင် သတိပေးထားသည်။


ပါကစ္စတန်စစ်ဘက်၏ အဆိုပါ သတင်းထုတ်ပြန်ချက်နှင့်ပတ်သက်၍ အိန္ဒိယစစ်ဘက်က တစ်စုံတစ်ရာ တုံ့ပြန်မှု မရှိသေးကြောင်း သိရသည်။


အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံသည် ကက်ရှ်မီးယားဒေသတစ်ခုလုံးကိုထိန်းချုပ်နိုင်ရေးအတွက် နယ်စပ်စစ်ပွဲနှစ်ပွဲ တိုက်ခဲ့ဖူးကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## နေထက်ပင်အပူချိန်ပြင်းထန်သော အညိုရောင်ကြယ်သိမ် (Brown Dwarf ) တစ်စင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား





**ဂျေရုဆလင် ဇွန် ၂၅**

နေထက်ပင်အပူချိန်ပြင်းထန်သော အညိုရောင်ကြယ်သိမ် (Brown Dwarf) တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း The Daily Mail သတင်းစာက ဇွန် ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

ဂြိုဟ်များထက် အရွယ်အစား အရ များစွာကြီးမားသော်လည်း ချူကလီးယားဓာတ်ပြုမှုကို ရေရှည်ထိန်းထားနိုင်ရေးအတွက် ကြယ်များကဲ့သို့ ဒြပ်ထုမကြီးသည့် အညိုရောင်ကြယ်သိမ်များကို ကြယ်မကျ၊ ဂြိုဟ်မကျ အာကာသဒြပ်ထည်များအဖြစ် သိပ္ပံပညာရှင်များက သတ်မှတ်ထားသည်။

သို့ရာတွင် မိမိတို့ရှာဖွေတွေ့ရှိထားသော အညိုရောင်ကြယ်သိမ်သည် နေထက်ပင်အပူဓာတ်ပြင်းထန်ကြောင်း အစ္စရေးသိပ္ပံပညာရှင်များက ပြောကြားသည်။

LOD 0032-317B ဟူ၍ အမည်ပေးထားသည့် အဆိုပါအညိုရောင်ကြယ်သိမ်၏ မျက်နှာပြင်အပူချိန်မှာ ၁၃၉၄၀ ဒီဂရီဖာရင်ဟိုက်ထိရှိနိုင်ကြောင်း သိရသည်။

နှိုင်းယှဉ်ကြည့်ပါက နေ၏မျက်နှာပြင်အပူချိန်မှာ ၉၉၃၀ ဒီဂရီဖာရင်ဟိုက်ထိရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

LOD 0032-317B အညိုရောင်ကြယ်သိမ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၁၄၀၀ အကွာတွင်ရှိသော ကြယ်တစ်စင်းကို လှည့်ပတ်နေကြောင်း သိရသည်။

KKO

## FAST ရေဒီယိုတယ်လီစကုပ်က တစ်စင်းနှင့်တစ်စင်း တစ်ပတ်အပြည့်ပတ်မိချိန် ၅၃ ဒသမ ၃ မိနစ်သာရှိသည့် နှစ်စင်းတွဲပျူထရွန်ကြယ်စနစ်တစ်ခုကို ရှာဖွေတွေ့ရှိထား

**ပေကျင်း ဇွန် ၂၅**

တရုတ်နိုင်ငံ၏ FAST ရေဒီယိုတယ်လီစကုပ်သည် တစ်စင်းနှင့်တစ်စင်း တစ်ပတ်အပြည့်ပတ်မိချိန် ၅၃ ဒသမ ၃ မိနစ်သာရှိသည့် နှစ်စင်းတွဲ ပျူထရွန်ကြယ်စနစ်တစ်ခုကို ရှာဖွေတွေ့ရှိထားကြောင်း ဆင်ဟွာသတင်းဌာနက ဇွန် ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

PSR J 1953+1844 (M71E) ဟူ၍အမည်ပေးထားသည့် အဆိုပါနှစ်စင်းတွဲပျူထရွန်ကြယ်နှစ်စင်း၏ ပတ်လမ်းကြာချိန်သည် ရှာဖွေတွေ့ရှိဖူးသမျှ နှစ်စင်းတွဲ ပျူထရွန်ကြယ်စနစ်များအနက် အတိုဆုံးဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

ပျူထရွန်ကြယ်များသည် အရွယ်အစား အလွန်ကြီးမားသည့် ကြယ်ကြီးများ စူပါနိုဗာပေါက်ကွဲမှုဖြင့် ကြယ်သက်ကုန်သွားချိန်တွင် ကျန်ရှိမည့် ကြယ်ဝတ်ဆံများဖြစ်ကြကြောင်း သိရသည်။



FAST ရေဒီယိုတယ်လီစကုပ်သည် တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကွေ့ကျိုးပြည်နယ် ပန်တန်ခရိုင်အတွင်းရှိ တောင်ကြားချိုင့်ဝှမ်းတစ်ခုပေါ်တွင် တည်ဆောက်ထား သည့် ရေဒီယိုတယ်လီစကုပ်ဖြစ်သည်။

တရုတ်အမျိုးသားသိပ္ပံအကယ်ဒမီသည် FAST ရေဒီယိုတယ်လီစကုပ်ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် တရားဝင်စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကမ္ဘာပေါ်၌ အာရုံခံနိုင်စွမ်းအမြင့်ဆုံး ရေဒီယိုတယ်လီစကုပ်အဖြစ် သတ်မှတ်ခံထားရသည့် FAST ရေဒီယိုတယ်လီစကုပ်သည် ပါလ်ဆာခေါ် မွှတ်မွှတ်လည် ပျူထရွန်ကြယ်အများအပြားကိုရှာဖွေပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

KKO

## Rocket Lab ကုမ္ပဏီက လာမည့်လအတွင်းလွှတ်တင်မည့် အီလက်ထရွန်ဒုံးပျံ၏ ပင်မကိုယ်ထည်ကို သမုဒ္ဒရာရေပြင်အတွင်းမှ ပြန်လည်ဆယ်ယူရန်စီစဉ်ထား

**ဝါရှင်တန် ဇွန် ၂၅**

အမေရိကန်နိုင်ငံအခြေစိုက် Rocket Lab ကုမ္ပဏီသည် လာမည့်လအတွင်း လွှတ်တင်မည့် အီလက်ထရွန်ဒုံးပျံ၏ ပင်မကိုယ်ထည်ကို သမုဒ္ဒရာရေပြင်အတွင်းမှ ပြန်လည်ဆယ်ယူရန်စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

Rocket Lab ကုမ္ပဏီသည် လာမည့် ဇူလိုင် ၁၄ ရက်တွင် အီလက်ထရွန်ဒုံးပျံဖြင့် ဂြိုဟ်တုငယ်ခုနစ်စင်း လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

အီလက်ထရွန်ဒုံးပျံကို လွှတ်တင်ပြီးနောက် Rocket Lab ကုမ္ပဏီသည် ကိုယ်ထည်အလျား ၁၈ မီတာရှိသည့် အီလက်ထရွန်ဒုံးပျံ ပထမအဆင့်ဒုံးယာဉ်ကို ပစိဖိတ်သမုဒ္ဒရာအတွင်းမှ ပြန်လည်ဆယ်ယူမည်ဖြစ်သည်။

အီလက်ထရွန်ဒုံးပျံကို လွှတ်တင်ပြီးနောက်ဒုံးပျံ၏ပထမအဆင့် ကိုယ်ထည်သည် လေထီးများအကူအညီဖြင့် မြေပြင်ပေါ်သို့ ပြန်လည် ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်ကလည်း Rocket Lab ကုမ္ပဏီသည် အီလက်ထရွန်ဒုံးပျံ လွှတ်တင်ပြီးနောက် ပထမအဆင့် ပင်မကိုယ်ထည်ကို ရေပြင်အတွင်း ပြန်လည်ဆယ်ယူခဲ့ဖူးကြောင်း သိရသည်။

Rocket Lab ကုမ္ပဏီသည် ဇူလိုင် ၁၄ ရက်တွင် အီလက်ထရွန်မစ်ရှင်ကို နယူးဇီလန်နိုင်ငံမှ တစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## လူငယ်များ ကျောက်ကပ်စွမ်းဆောင်ရည်ပုံမှန်အောက်ကျဆင်းခဲ့လျှင် ကျန်းမာရေးပြဿနာများမြင့်တက်လာနိုင်

**အော့တဝါ ဇွန် ၂၅**

ကျောက်ကပ်၏ လုပ်ငန်းစွမ်းဆောင်ရည် အထိုက်အလျောက် ကျဆင်းခဲ့လျှင်ပင် လူငယ်ပိုင်းများအတွက် ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေ သိသိသာသာ မြင့်တက်လာနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇွန် ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

ယခင်က ကျန်းမာရေးကောင်းမွန်သော လူငယ်များအနေဖြင့် ကျောက်ကပ်၏လုပ်ငန်းစွမ်းဆောင်ရည် ပုံမှန်အဆင့်အောက် ၅၀ ရာခိုင်နှုန်းထိ မကျခဲ့လျှင် ကျောက်ကပ်နှင့်ပတ်သက်၍ စိုးရိမ်ရန်မလိုကြောင်း လက်ခံထားခဲ့ကြသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ လူငယ်များအနေဖြင့် ကျန်းမာရေးကောင်းမွန်သည့်တိုင် ကျောက်ကပ်လုပ်ငန်းစွမ်းဆောင်ရည် ပုံမှန်အောက်သို့ ၂၀ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်းကြား ကျဆင်းခဲ့လျှင်ပင် ကျန်းမာရေးအကျိုးဆက်များရှိလာနိုင်ကြောင်း ကနေဒါ သုတေသနပညာရှင်များက ပြောကြားသည်။

ကနေဒါ သုတေသနပညာရှင်များသည် လူငယ်ရှစ်သန်းကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာစိစစ်ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

သုတေသန ပညာရှင်များ၏ အဆိုအရ ကျန်းမာရေးကောင်းသည့် လူငယ်များအနေဖြင့် ကျောက်ကပ်လုပ်ငန်းစွမ်းဆောင်ရည် ၂၀ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်းကြား ကျဆင်းခဲ့လျှင် ရောဂါဘယတစ်မျိုးမျိုးကြောင့် အသက်ဆုံးပါးနိုင်ခြေ ပုံမှန်ထက် ၁ ဒသမ ၄ ဆ ပိုမိုမြင့်မားလာတတ်ကြောင်း သိရသည်။

ထို့ပြင် လူငယ်များ၌ ကျောက်ကပ်လုပ်ငန်းစွမ်းဆောင်ရည်ကျဆင်းမှုကြောင့် နှလုံးသွေးကြောဆိုင်ရာပြဿနာများ ပေါ်လာနိုင်ခြေ ၁ ဒသမ ၃ ဆ မြင့်တက်လာတတ်ကြောင်း သိရသည်။ KKO

## နောင်နှစ် ၃၀ အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဆီးချိုရောဂါလူနာဦးရေ ၁ ဒသမ ၃ ဘီလီယံထိရှိလာနိုင်

**နယူးယောက် ဇွန် ၂၅**

နောင်နှစ် ၃၀ မပြည့်မီအတွင်း တစ်ကမ္ဘာလုံး အတိုင်းအတာအရ ဆီးချိုရောဂါလူနာဦးရေမှာ ၁ ဒသမ ၃ ဘီလီယံထိရှိလာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဇွန် ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိအချိန်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဆီးချိုရောဂါလူနာအရေအတွက်မှာ ၅၂၉ သန်းထိရှိကြောင်း သိရသည်။

သို့ရာတွင် ၂၀၅၀ ပြည့်နှစ်အရောက်တွင် တစ်ကမ္ဘာလုံး အတိုင်းအတာအရ ဆီးချိုရောဂါလူနာအရေအတွက်မှာ လက်ရှိထက် နှစ်ဆတိုးလာနိုင်ပြီး ၁ ဒသမ ၃ ဘီလီယံထိ ရှိလာနိုင်ကြောင်း အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့ဆီးချိုလူနာအရေအတွက် လက်ရှိထက် နှစ်ဆမြင့်တက်လာမှုသည် အဓိကအားဖြင့် အဝလွန်မှုပြဿနာ ပိုမိုဆိုးရွားလာမှုနှင့် သက်ဆိုင်မှုရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ဆီးချိုရောဂါခံစားရလွယ်သည့် သက်ကြီးလူဦးရေမြင့်တက်လာမှုသည်လည်း ဆီးချိုလူနာနှစ်ဆတိုးလာနိုင်မှုနှင့်ပတ်သက်နေနိုင်ကြောင်း အမေရိကန်သုတေသန ပညာရှင်များကပြောကြားသည်။

၂၀၅၀ ပြည့်နှစ်အရောက်တွင် ရှိလာနိုင်သော ကမ္ဘာ့ဆီးချိုလူနာစုစုပေါင်း၏ ၉၆ ရာခိုင်နှုန်းမှာ ပုံစံ-၂ ဆီးချိုရောဂါလူနာများဖြစ်လိမ့်မည်ဖြစ်သည်ဟု သုတေသနပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဂါဗာဒီယိုကို စတာလင်ပေါင် သန်း ၁၀၀ ဖြင့် ခေါ်ယူရန် မန်စီးတီးသဘောတူညီမှုရရှိ

**မန်ချက်စတာ ဇွန် ၂၅**

မန်စီးတီးအသင်းသည် ခံစစ်ပိုင်းလိုအပ်ချက်အတွက် လိုက်ပ်ဇစ်အသင်းတွင် ခြေစွမ်းပြကစားနေသည့် ခံစစ်ကစားသမား ဂါဗာဒီယိုကို စတာလင်ပေါင် သန်း ၁၀၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့ရာ သဘောတူညီမှု ရရှိခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြဂွါဒီယိုလာသည် ခံစစ်ကစားသမား ဂါဗာဒီယိုကို လာပေါ်တီ၏နေရာတွင် အစားထိုးရန်အတွက် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးကတည်းက ခေါ်ယူရန် ပစ်မှတ်ထားခဲ့ပြီး ကစားသမားအနေဖြင့် လိုက်ပ်ဇစ်အသင်းမှ ထွက်ခွာရန်ဆန္ဒမရှိသဖြင့် အပြောင်းအရွှေ့မဖြစ်မြောက်ခဲ့သော်လည်း လက်ရှိတွင် လိုက်ပ်ဇစ်အသင်းက ဂါဗာဒီယိုအတွက် အနည်းဆုံး ယူရို သန်း ၁၀၀ ရရှိလိုကြောင်း ပြောကြားခဲ့သောကြောင့် မန်စီးတီးအသင်းက ကမ်းလှမ်းခဲ့ရာတွင် ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ခံစစ်ကစားသမား ဂါဗာဒီယိုသည် လိုက်ပ်ဇစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံ ၄၁ ပွဲတွင် ပါဝင်ကစားခဲ့ပြီး ဗဟိုခံစစ်ပိုင်းတွင် ခြေစွမ်းပြသ၍ အသင်းအား အမှတ်ပေးပြိုင်ပွဲတွင် အဆင့် (၃) သို့ ပို့ဆောင်ပေးနိုင်ခဲ့သည့်အပြင် ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲတွင်လည်း ချန်ပီယံဆုရရှိအောင် အဓိကနေရာမှ ပါဝင်ကူညီနိုင်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ပုံစံကောင်း ပြသနိုင်ခဲ့သောကြောင့် ချဲလ်ဆီးအသင်းနှင့်ရီးရဲလ်မက်ဒရစ်အသင်းအပါအဝင် ဥရောပထိပ်သီးကလပ်များ၏အပြိုင်ကမ်းလှမ်းမှုကို ခံခဲ့ရသည်။

လက်ရှိတွင် မန်စီးတီးအသင်း နည်းပြဂွါဒီယိုလာသည် ဗဟိုခံစစ်နေရာတွင် ဝေါ်လ်ကာကို အသုံးပြုနေရပြီး ၎င်းအနေဖြင့် ဘိုင်ယန်မြူးနစ်အသင်း၏ ကမ်းလှမ်းမှုကြောင့် အသင်းတွင်ဆက်ရှိရန် မသေချာတော့သဖြင့် ၎င်း၏ နည်းစနစ်ပိုင်းနှင့် အံ့ဝင်မည့် အသက် ၂၁ နှစ်ရှိ ခံစစ်ကစားသမား ဂါဗာဒီယိုကို ကာလရှည်အသုံးပြုရန် စီစဉ်ခဲ့ပြီး အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ML



# ဆဲလ်တာဗီဂိုကစားသမား ဗီအီဂါကို စတာလင်ပေါင် သန်း ၃၀ ဖြင့် ခေါ်ယူရန် လီဗာပူးကြိုးပမ်း



**လန်ဒန် ဇွန် ၂၅**

လီဗာပူးအသင်းသည် ဘရိုက်တန်အသင်းမှ ကွင်းလယ်ကစားသမား မက်အယ်လစ်စတာကို ခေါ်ယူခဲ့ပြီးနောက် ကွင်းလယ်တိုက်စစ်ပိုင်းအတွက် ဆဲလ်တာဗီဂိုအသင်းကစားသမား ဗီအီဂါကို စတာလင်ပေါင်သန်း ၃၀ဖြင့်ထပ်မံခေါ်ယူရန် ကြိုးပမ်းခဲ့ကြောင်း ဒေးလီးမေးလ်သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် လီဗာပူးအသင်းသည် ကွင်းလယ်ကစားသမားမင်နာ၊ နာဘီကီတာနှင့် ချိန်ဘာလိန်းတို့ကို ထွက်ခွာခွင့်ပြုခဲ့ပြီးနောက် မက်အယ်လစ်စတာတစ်ဦးတည်းသာပြန်လည်ခေါ်ယူနိုင်ခဲ့သောကြောင့် စပိန်ကလပ် ဆဲလ်တာဗီဂိုအသင်းနှင့် စပိန် လက်ရွေးစင် ယူ-၂၁ အသင်းတွင် ခြေစွမ်းပြကစားနေသည့် ကွင်းလယ် တိုက်စစ်ကစားသမား ဗီအီဂါကို စာချုပ်ဖျက်သိမ်းကြေးဖြစ်သည့် စတာလင်ပေါင် သန်း ၃၀ ဖြင့် ခေါ်ယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဆဲလ်တာဗီဂိုအသင်းအကယ်ဒမီကစားသမား ဗီအီဂါသည် ၂၀၂၀ပြည့်နှစ်က အသင်းနှင့်ပူးပေါင်းခွင့်ရခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီတွင် ပုံမှန်ပွဲထွက်ခွင့်ရရှိခဲ့ရာ အမှတ်ပေးပြိုင်ပွဲ ၃၆ ပွဲတွင် သွင်းဂိုး ၁၁ ဂိုး သွင်းယူနိုင်ခဲ့ပြီး အသင်းအနေဖြင့် တန်းဆင်းဇုန်အန္တရာယ် ရှိနေချိန်တွင် နောက်ဆုံးပွဲစဉ်၌ ဘာစီလိုနာအသင်းကို ၎င်း၏သွင်းဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ အသင်းအား တန်းဆင်းဇုန်မှလွတ်မြောက်အောင် ကူညီနိုင်ခဲ့သူဖြစ်သောကြောင့် ဥရောပထိပ်သီးကလပ်များ၏ စိတ်ဝင်စားမှုကိုခံခဲ့ရကြောင်း သိရသည်။

ML

# ၂၀၂၅ ဖီဖာကမ္ဘာ့ကလပ်ဖလားပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ခွင့်ရမည့် အသင်းများကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထုတ်ပြန်

**ဇူးရစ် ဇွန် ၂၅**

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်သည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်နိုင်ငံတွင် ကျင်းပမည့် ဖီဖာကမ္ဘာ့ကလပ်ဖလားပြိုင်ပွဲကျင်းပမည့် ပုံစံနှင့် ပါဝင်ခွင့်ရသည့် အသင်းများကို ထုတ်ပြန်ကြေညာခဲ့ရာ ဥရောပဇုန်မှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းထိ ပါဝင်ခွင့်ရခဲ့သည်ဟု 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ကလပ်အသင်းစုစုပေါင်း ၃၂ သင်း ပါဝင်ခွင့်ရမည်ဖြစ်ပြီး ဥရောပဇုန်မှ ကလပ်အသင်း ၁၂ သင်း၊ တောင်အမေရိကဇုန်မှ ကလပ်အသင်းခြောက်သင်း၊ မြောက်အမေရိကဇုန်မှ ကလပ်အသင်း လေးသင်း၊ အာရှဇုန်မှ ကလပ်အသင်းလေးသင်း၊ အာဖရိကဇုန်မှ ကလပ်အသင်းလေးသင်း၊ သမုဒ္ဒရာပိုင်းဇုန်မှ ကလပ်အသင်းတစ်သင်းနှင့်အိမ်ရှင်နိုင်ငံမှ ကလပ်အသင်းတစ်သင်းတို့ ပါဝင်မည်ဖြစ်ကာ ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း သက်ဆိုင်ရာဇုန်များမှ ချန်ပီယံဆုရရှိသည့်အသင်းများနှင့် အောင်မြင်မှုအများဆုံးရရှိခဲ့သည့် အသင်းများသည် ဝင်ခွင့်ရရှိမည်ဖြစ်သည်ဟု ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အင်ဖန်တီနိုက ပြောကြားခဲ့ကြောင်း သိရသည်။

ဥရောပဇုန်(ယူအီးအက်ဖ်အေမှ) ၁၂ သင်းတွင် ၂၀၂၁ ခုနှစ် ချန်ပီယံလိဂ်ဖလားရရှိခဲ့သည့် ချဲလ်ဆီးအသင်း၊ ၂၀၂၂ ခုနှစ်ချန်ပီယံ ရီးရဲလ်မက်ဒရစ်အသင်း၊ ၂၀၂၃ ခုနှစ်ချန်ပီယံ မန်စီးတီးအသင်းတို့ တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ပြီး လာမည့် ၂၀၂၄ ခုနှစ် ချန်ပီယံအသင်းနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဆုဖလားအများဆုံးရရှိခဲ့သည့် ကလပ်အသင်း ရှစ်သင်းအနေဖြင့်လည်း တိုက်ရိုက်ဝင်ခွင့်ရရှိမည်ဖြစ်သကဲ့သို့ တိုက်ရိုက်ဝင်ခွင့်ရရှိထားသည့်အသင်းများ ဆုဖလားထပ်မံရရှိပါက လိုအပ်သည့် ဝင်ခွင့်တစ်နေရာအတွက် ဥရောပပြိုင်ပွဲများတွင် အောင်မြင်မှု ရယူနိုင်ခဲ့မှုအပေါ် မူတည်၍ အစားထိုးရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည့် တိုက်ရိုက်ဝင်ခွင့်ရအသင်းများမှာ ဥရောပဇုန်မှ ချဲလ်ဆီးအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်း၊ မန်စီးတီးအသင်း၊ တောင်အမေရိကဇုန်မှ ပါမီးရက်စ်အသင်း၊ ဖလာမင်ဂိုအသင်း၊ မြောက်အမေရိကဇုန်မှ မွန်တာရေးအသင်း၊ဆီတယ်ဆောင်းဒါးအသင်း၊ လီယွန်အသင်း၊ အာရှဇုန်မှ အယ်ဟိုင်လာအသင်း၊ အူရာဝါအသင်း၊ အာဖရိကဇုန်မှ အယ်အာလီအသင်း၊ ကာဆာဘလန်ကာအသင်းတို့ပါဝင်ခဲ့ပြီး အဆိုပါပြိုင်ပွဲကို ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ML

## အားကစားသတင်း အတိုအထွာများ

- ချဲလ်ဆီးအသင်းသည် ဂျမေကာလူငယ်ကစားသမား အသက် ၁၇ နှစ်ရှိ ရစ်ချက်ကိုခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- ကွင်းလယ်ကစားသမား ဘရိုဇိုဗစ်ကို ဆော်ဒီကလပ် အယ်နာဆာအသင်းသို့ ရောင်းချရန် သဘောတူညီမှုရရှိခဲ့ကြောင်း အင်တာမီလန်အသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။
- အာဆင်နယ်အသင်းက တိုက်စစ်မှူး ဘာလိုဂန်အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၅ သန်း အလိုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ပီအက်စ်ဂျီအသင်းက ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာရန် ပြင်ဆင်နေသည့် လူးကပ်ဟာနန်ဒက်စ်ကိုခေါ်ယူရန် ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

ML

# KPMG Women's PGA Championship ပြိုင်ပွဲ တတိယနေ့တွင် အမှတ်ပေးဇယားကို မက်ဂွဲယား ဦးဆောင်

**မေရီလန်း ဇွန် ၂၅**

အမေရိကန်နိုင်ငံ မေရီလန်းပြည်နယ်တွင် ကျင်းပနေသည့် KPMG Women's PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အိုင်ယာလန် ဂေါက်သီးရိုက်မယ် မက်ဂွဲယားက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း Irish Times သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ဂျန်နီရှင်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး မြောက်အိုင်ယာလန် ဂေါက်သီးရိုက်မယ် စတီဖန်နီက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

KPMG Women's PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲသည် ၂၀၂၃ ခုနှစ်အတွင်း အမျိုးသမီးဂေါက်သီးရိုက်လောက၏ ဒုတိယမြောက် အဓိကပြိုင်ပွဲကြီးဖြစ်သည့်အတွက်ကြောင့် နာမည်ကြီး ကစားသမားအမြောက်အမြား ပါဝင်ယှဉ်ပြိုင်လျက်ရှိနေပြီး မက်ဂွဲယားအနေဖြင့် နောက်ဆုံးနေ့တွင် အကောင်းဆုံးပုံစံအား ဆက်လက်ထိန်းသိမ်းနိုင်ပြီးချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ပါက အဓိကဆုဖလားကို ဆွတ်ခူးနိုင်သည့် ပထမဦးဆုံးသော အိုင်ယာလန် ဂေါက်သီးရိုက်မယ် အဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။



မက်ဂွဲယားက "တတိယနေ့ထိ စွမ်းဆောင်ရည်ပိုင်းမှာ အမှား အယွင်းတွေရှိနေပါတယ်။ ဒါပေမဲ့လဲ ဒီလောက်ထိ ကစားထားနိုင်တာကိုပဲ အားရကျေနပ်မိပါတယ်။ ကစားပုံပိုင်းမှာ အမှားအယွင်းတွေ ရှိနေပေမဲ့လဲ နှစ်တစ်နှစ်အတွက် ဒုတိယမြောက်ကျင်းပတဲ့ အဓိကပြိုင်ပွဲမှာ သုံးရက်ဆက်တိုက် အမှတ်ပေးဇယားထိပ်မှာ ရပ်တည်ခွင့်ရထားခြင်းအပေါ် ဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# မြန်မာ-ထိုင်းမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ရွှေရာမာန်က အိုလန်ကို ပထမအချီ၌ အနိုင်ရရှိ

**ရန်ကုန် ဇွန် ၂၅**

The Great Lethwei အမည်ရှိ မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ သိမ်ဖြူမြန်မာ့ရိုးရာလက်ဝှေ့ရုံတွင် ကျင်းပခဲ့ရာ မြန်မာလက်ဝှေ့ကျော် ရွှေရာမာန်က ထိုင်းလက်ဝှေ့သမား အိုလန်ကို ပထမအချီ၌ အလဲထိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။



အဆိုပါပြိုင်ပွဲတွင် ရွှေရာမာန်နှင့် အိုလန်တို့တွဲဆိုင်းအပါအဝင် စုစုပေါင်း တွဲဆိုင်း ၁၀ ဆိုင်းဖြင့် ကျင်းပခဲ့ပြီး တွဲဆိုင်း (၁) အဖြစ် အောင်ထွန်းဘိုနှင့် ဟဲကိုထူးတို့ ထိုးသတ်ခဲ့ရာ ဒုတိယအချီတွင် အောင်ထွန်းဘိုက လည်းကောင်း၊ တွဲဆိုင်း (၂) အဖြစ် သားသားနှင့် ဒေါနကျော်ကျော်တို့ထိုးသတ်ခဲ့ရာ ဒေါနကျော်ကျော်က ဒိုင်အမှတ်ဖြင့်လည်းကောင်း၊ တွဲဆိုင်း (၃) အဖြစ် အောင်မိုးပြည့်နှင့် ဒေါနသွေးတို့ ထိုးသတ်ခဲ့ရာ ဒေါနသွေးက ဒိုင်အမှတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး တွဲဆိုင်း (၄) အဖြစ် စိုးမိုးကျော်နှင့်ထွန်းလင်းတို့ ထိုးသတ်ခဲ့ရာ ပထမအချီတွင်ပင် စိုးမိုးကျော်ကလည်းကောင်း၊ တွဲဆိုင်း (၅) အဖြစ် မင်းထက်ကျော်နှင့် ရဲသွေးတို့ ထိုးသတ်ခဲ့ရာ မင်းထက်ကျော်က ဒုတိယအချီတွင်လည်းကောင်း၊ တွဲဆိုင်း (၆) အဖြစ် စောဂျွန်နှင့် အာရှနဂါးတို့ထိုးသတ်ခဲ့ရာ စောဂျွန်က ဒိုင်အမှတ်ဖြင့်လည်းကောင်း၊ တွဲဆိုင်း (၇) အဖြစ် စူပါရေချမ်းနှင့် ဖိုးလပြည့်တို့ ထိုးသတ်ခဲ့ရာ စူပါရေချမ်းက အလဲထိုးဖြင့်လည်းကောင်း၊ တွဲဆိုင်း (၈) အဖြစ် သွေးသစ်မောင်နှင့် စောထူးအောင်တို့ ထိုးသတ်ခဲ့ရာ သွေးသစ်မောင်က ဒိုင်အမှတ်ဖြင့် လည်းကောင်း၊ တွဲဆိုင်း (၉) အဖြစ် ထွန်းမင်းအောင်နှင့် အောင်ခိုင်တို့ ထိုးသတ်ခဲ့ရာ ထွန်းမင်းအောင်က ဒိုင်အမှတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ထို့နောက် အဓိကခေါင်းတွဲဆိုင်းအဖြစ် ရွှေရာမာန်နှင့် အိုလန်တို့ ထိုးသတ်ခဲ့ရာ ရွှေရာမာန်က လက်ရည်အသာစီးဖြင့် တရစပ်ဖိအားပေးထိုးသတ်နိုင်ခဲ့သဖြင့် ပထမအချီ ၁ မိနစ်နှင့် ၃ စက္ကန့်တွင် အလဲထိုးဖြင့်အနိုင်ရရှိခဲ့သည်။ STA

# လက်ဖွန်ဝါရီယာအသင်းက မောင်မောင်လွင်ကို ၂၀၂၈ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

**ဗန်ကောက် ဇွန် ၂၅**

ထိုင်းလိဂ်-၁ ကလပ်လမ်ဖွန်ဝါရီယာအသင်းက မြန်မာ့လက်ရွေးစင်အသင်းကွင်းလယ်ကစားသမား မောင်မောင်လွင်ကို ၂၀၂၈ ခုနှစ်ထိ ကာလရှည်သက်တမ်းတိုး စာချုပ်ချုပ်ဆိုခဲ့ကြောင်း အသင်းပိုင်ဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အသက် ၃၃နှစ်ရှိ မောင်မောင်လွင်သည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်ယူနိုက်တက် အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးခဲ့ပြီးနောက် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က ၎င်းကို ထိုင်းလိဂ်-၁ ကလပ်အသင်းအချို့က ကမ်းလှမ်းမှုရှိခဲ့သော်လည်း မောင်မောင်လွင်က ထိုင်းလိဂ်-၁ ကလပ်အသင်းများ၏ ကမ်းလှမ်းမှုများကို ငြင်းပယ်ခဲ့ပြီးနောက် ထိုင်းလိဂ်-၂ကလပ်လမ်ဖွန်ဝါရီယာအသင်းကို ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

မောင်မောင်လွင်သည် လမ်ဖွန်ဝါရီယာအသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့ကာ လမ်ဖွန်ဝါရီယာအသင်းကို ထိုင်းလိဂ်-၂ ပြိုင်ပွဲမှ ထိုင်းလိဂ်-၁ပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

မောင်မောင်လွင်သည် လမ်ဖွန်ဝါရီယာအသင်းနှင့် ပထမဆုံးဘောလုံးရာသီတွင် ၂၅ ပွဲထိ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး သုံးဂိုးသွင်းယူနိုင်ခဲ့ကာ လေးကြိမ်ဂိုးဖန်တီးမှုပြုလုပ်ထားပြီး လက်ရှိအချိန်ထိ လမ်ဖွန်ဝါရီယာအသင်းနှင့်ပြိုင်ပွဲစုံ ၃၉ ပွဲထိ ပါဝင်ကစားခွင့်ရရှိထားကာ ခုနစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ၁၁ ကြိမ်ဂိုးဖန်တီးမှုပြုလုပ်ထားကာ အဓိကပွဲထွက်ကစားသမားအဖြစ်ပါဝင်ခွင့်ရရှိနေသူဖြစ်သည်။ STA

# UFC ပြိုင်ပွဲ ပထမဆုံးဝင်ရောက်ထိုးသတ်ခွင့်ရခဲ့သည့် မြန်မာလူမျိုးဖိုက်တာ ဂျိုရှုအာဗန် ကစားသမားဘဝပထမဆုံးပွဲစဉ်၌ အနိုင်ရရှိ



**လန်ဒန် ဇွန် ၂၅**

ချင်းဖိုက်တာ တစ်ဦးဖြစ်သည့် ဂျိုရှုအာဗန်သည် ဇွန် ၂၄ ရက် ညပိုင်းကကျင်းပခဲ့သည့် UFC Fight Night ပြိုင်ပွဲတွင်ဝင်ရောက်ထိုးသတ်ခွင့်ရရှိခဲ့ပြီးနောက် ကမ္ဘာ့ထိပ်တန်း ကိုယ်ခံပညာပေါင်းစုံသုံးဖိုက်တာပြိုင်ပွဲဖြစ်သည့် UFC ပြိုင်ပွဲတွင် ပထမဆုံးထိုးသတ်ခွင့်ရရှိခဲ့သည့် မြန်မာလူမျိုးဖိုက်တာတစ်ဦးအဖြစ် မှတ်တမ်းဝင်ခဲ့သည့်အပြင် UFC ကစားသမားဘဝ ပထမဆုံးပွဲစဉ်တွင် နိုင်ပွဲရယူနိုင်ခဲ့ကြောင်း MMA Junkie သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

မြန်မာလူမျိုးလူငယ်ဖိုက်တာ ဂျိုရှုအာဗန်သည် ဖိုက်တာကစားသမားဘဝက Fury ပြိုင်ပွဲတွင် ဝင်ရောက်ကစားခဲ့ပြီးနောက် ထိုးသတ်ပုံကောင်းမွန်ကာ အလဲထိုးနိုင်ပွဲများ ဆက်တိုက်ရရှိခဲ့ပြီးနောက် UFC ဥက္ကဋ္ဌဒန်နီရယ်ဝိုက်ကခေါ်ယူစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

UFC Fight Night ပြိုင်ပွဲတွင် ကာဇက်စတန်ဖိုက်တာ ဇာဟယ်ဂက်စ်နှင့် ထိုးသတ်မည့်ပြိုင်ဘက်သည် ပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့သည့်အတွက် ဂျိုရှုအာဗန်ကို အစားထိုးဝင်ရောက်ထိုးသတ်ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး အဆိုပါပွဲစဉ် ပထမအချီတွင် ဂျိုရှုအာဗန်သည် ပြိုင်ဘက်ဖိုက်တာ၏ ထိုးသတ်ပုံအနေအထားကို စောင့်ကြည့်ထိုးသတ်ရင်း ပထမအချီပြီးဆုံးခဲ့ရသည်။

ထို့နောက် ဒုတိယအချီနှင့် တတိယအချီတို့တွင် ဂျိုရှုအာဗန်က UFC ပြိုင်ပွဲအတွေ့အကြုံရှိသည့် ဇာဟယ်ဂက်စ်ကို လက်ရည်အသာစီးဖြင့် ဖိအားပေးထိုးသတ်နိုင်ခဲ့သည့်အတွက် ဂျိုရှုအာဗန်၏ ထိရောက်အားပါသည့် လက်သီးချက်များကြောင့် ဇာဟယ်ဂက်စ်အထိနာခဲ့ရပြီး အလေအလွင့်မရှိဘဲ ကောင်းမွန်သည့် ထိုးသတ်ပုံများကြောင့် ပွဲပြီးဆုံးချိန်တွင် ဂျိုရှုအာဗန်က ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး UFC ကစားသမားဘဝပထမဆုံးနိုင်ပွဲကို ရယူနိုင်ခဲ့ကြောင်း သိရသည်။ STA

# Queen's Club Championship ဗိုလ်လုပွဲစဉ်သို့ အယ်ကာရက်ဇ်တက်ရောက်

**လန်ဒန် ဇွန် ၂၅**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပလျက်ရှိသည့် Queen's Club Championship တင်းနစ်ပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် စပိန်တင်းနစ်ကစားသမားအယ်ကာရက်ဇ်နှင့်အမေရိကန်တင်းနစ်ကစားသမား ကော့ဒါတို့ ယှဉ်ပြိုင်ကစားသွားခဲ့ရာ အယ်ကာရက်ဇ်က (၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်သို့ တက်လှမ်းခဲ့ကြောင်း First Post သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် မြက်ကွင်းတွင်ကျင်းပသည့် ပြိုင်ပွဲတွင် တတိယအကြိမ်မြောက် ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးခြင်းဖြစ်ပြီး အတွေ့အကြုံပိုင်း အားနည်းသော်လည်း အကောင်းဆုံးပုံစံဖြင့် ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပါက ဝင်ဘယ်ဒန်ပြိုင်ပွဲမတိုင်မီ ကမ္ဘာ့အဆင့်(၁) နေရာကို တက်ရောက်နိုင်မည့် အခွင့်အရေးကောင်းများ ပိုင်ဆိုင်ထားသည့်အတွက်ကြောင့် အယ်ကာရက်ဇ်အနေဖြင့် ချန်ပီယံဆုအတွက် ပစ်မှတ်ထားနေကြောင်းလည်း ပြောကြားသွားခဲ့သည်။

အယ်ကာရက်ဇ်က "မြက်ကွင်းမှာ ကျင်းပတဲ့ပြိုင်ပွဲတွေမှာသိပ်ပြီးတော့ မကစားဖူးပေမဲ့လဲ အခုဗိုလ်လုပွဲစဉ်ကို တက်ရောက်ခွင့်ရခဲ့ပြီးတော့ စိတ်ထဲမှာ မြက်ကွင်းမှာကစားလာတာ ၁၀ နှစ်လောက်ရှိနေပြီဆိုတဲ့ ခံစားမှုမျိုးရခဲ့တယ်။ မြက်ကွင်းမှာကစားရတဲ့ ခံစားချက်ကိုလဲ သဘောကျသွားတယ်။ ကိုယ်သိပ်မရင်းနှီးသေးတဲ့ ကွင်းအမျိုးအစားမှာအခုလို မြန်မြန်ဆန်ဆန် အသားကျအောင်ကစားနိုင်လိမ့်မယ်လို့ ထင်မထားပါဘူး။ ပြိုင်ပွဲ ပထမအဆင့်ကတည်းက ပရိသတ်တွေရဲ့ အားပေးမှုကိုလဲရခဲ့တဲ့အတွက် ပြိုင်ပွဲဝင်ရတာပျော်စရာကောင်းတယ်။ ကျွန်တော့်ကို အားပေးခဲ့ကြတဲ့ ပရိသတ်အားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



# ဇွန်လအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာအသင်း ကမ္ဘာ့အဆင့် (၁၆၀) နေရာတွင် ဆက်လက်ရပ်တည်

**ကွာလာလမ်ပူ ဇွန် ၂၅**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) က ဇွန်လအတွက် လက်ရွေးစင်အသင်းများ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်များကို ထုတ်ပြန်ကြေညာခဲ့ရာတွင် မြန်မာအသင်းအနေဖြင့် ကမ္ဘာ့အဆင့် အပြောင်းအလဲမရှိခဲ့ဘဲ အဆင့် (၁၆၀) နေရာတွင် ဆက်လက် ရပ်တည်လျက်ရှိနေကြောင်း Asian Football သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မြန်မာအသင်းသည် ယခုလအတွင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အသိအမှတ်ပြု နိုင်ငံတကာ ခြေစမ်းပွဲနှစ်ပွဲ ကစားခဲ့ရာ တရုတ်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း မကာအိုအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဇွန်လအတွက် အဆင့်သတ်မှတ်ချက်တွင် ရမှတ် ၁၀၀၀ မှတ်ဖြင့် အဆင့်အပြောင်းအလဲ မရှိခဲ့ခြင်းဖြစ်သည်။

အာဆီယံဇုန်တွင် ဗီယက်နမ်အသင်းက ကမ္ဘာ့အဆင့် (၉၅) ဖြင့် အာဆီယံအဆင့် (၁)၊ ထိုင်းအသင်းက ကမ္ဘာ့အဆင့် (၁၁၃) ဖြင့် အာဆီယံအဆင့်(၂)၊ ဖိလစ်ပိုင်အသင်းက ကမ္ဘာ့အဆင့် (၁၃၅) ဖြင့် အာဆီယံအဆင့် (၃)၊ မလေးရှားအသင်းက ကမ္ဘာ့အဆင့် (၁၃၇)ဖြင့် အာဆီယံအဆင့် (၄)၊ အင်ဒိုနီးရှားအသင်းက ကမ္ဘာ့အဆင့်(၁၅၀)ဖြင့် အာဆီယံအဆင့် (၅)၊ စင်ကာပူအသင်းက ကမ္ဘာ့အဆင့်(၁၅၈)ဖြင့် အာဆီယံအဆင့် (၆)၊ မြန်မာအသင်းက ကမ္ဘာ့အဆင့်(၁၆၀)ဖြင့် အာဆီယံအဆင့် (၇)၊ ကမ္ဘောဒီးယားအသင်းက ကမ္ဘာ့အဆင့် (၁၇၆)ဖြင့် အာဆီယံအဆင့်(၈)၊ လာအိုအသင်းက ကမ္ဘာ့အဆင့် (၁၈၈)ဖြင့် အာဆီယံအဆင့်(၉)၊ ဘရူနိုင်းအသင်းက ကမ္ဘာ့အဆင့် (၁၉၁)ဖြင့် အာဆီယံအဆင့်(၁၀)နှင့် တီမောလက်စ်တေအသင်းက ကမ္ဘာ့အဆင့်(၁၉၅) ဖြင့် အာဆီယံအဆင့် (၁၁) နေရာတို့တွင် အသီးသီးရပ်တည်ခဲ့ကြကြောင်း သိရသည်။ STA

# ချွတ်ခြုံကျလာသော ပါကစ္စတန်စီးပွားရေးအကျပ်အတည်း

ပါကစ္စတန်နိုင်ငံသည် တိုင်းပြည်၏အကျပ်အတည်းဖြစ်လျက်ရှိသောဘဏ္ဍာရေးဆိုင်ရာ ယုံကြည်မှုအပေါ် ခြိမ်းခြောက်လျက်ရှိသည့် စီးပွားရေးဆုတ်ယုတ်မှုနှင့်ရင်ဆိုင်နေရသည့်အပြင် နိုင်ငံရေး၊ လူသားချင်းစာနာထောက်ထားမှုနှင့် လူမှုရေးဆိုင်ရာများတွင်လည်း ကမောက်ကမ ဖြစ်လာလျက်ရှိသည်။

ပြည်သူလူထုဆန္ဒပြလှုပ်ရှားမှုများ ပျံ့နှံ့လာခြင်း၊ ပြည်ပရန်ပုံငွေလျော့နည်းလာခြင်း၊ ဂျုံ၊ ကြက်သွန်နီ၊ နို့နှင့် အသားကဲ့သို့သော အဓိကအခြေခံစားကုန်များ ဈေးနှုန်းကြီးမြင့်လာခြင်း၊ လျှပ်စစ်မီးပြတ်တောက်မှုများနှင့် လာမည့် ရွေးကောက်ပွဲအခြေအနေများသည် ပါကစ္စတန်နိုင်ငံကို စိန်ခေါ်မှုများစွာနှင့်ရင်ဆိုင်ရစေလျက်ရှိသည်။

ဝန်ကြီးချုပ် ရှာဘက်ရှာရစ်ဖ်အစိုးရသည် အင်မရာခန်းဦးဆောင်သော အစိုးရအဖွဲ့ကိုဖြုတ်ချခဲ့မှုကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံရေးဆိုင်ရာကမောက်ကမများအပြင် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ကဲ့သို့သော နိုင်ငံတကာအေဂျင်စီများ၏ပြင်ပဖိအားများကိုလည်း ရင်ဆိုင်ဖြေရှင်းရလျက်ရှိသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပါကစ္စတန်အပါအဝင် ကမ္ဘာ့စီးပွားရေးလုပ်ငန်းများစွာ အကျပ်အတည်းဖြစ်ပေါ်စေခဲ့သည်။ ထောက်ပံ့ဖြန့်ဖြူးရေးကွင်းဆက် ဖရိုဖရဲဖြစ်မှုသည် လက်လီရောင်းချမှုမှသည် မော်တော်ကားထုတ်လုပ်မှုထိ ကဏ္ဍပေါင်းများစွာအပေါ် သက်ရောက်မှုများစွာ ဖြစ်ပေါ်စေခဲ့သည်။ ကမ္ဘာ့စီးပွားရေး ဒုတိယအင်အားအကြီးမားဆုံးဖြစ်သည့်အပြင် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတစ်ဝန်းရှိ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်တွင် အဓိကဇာတ်ဆောင်ဖြစ်သော တရုတ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ တစ်ကျော့ပြန်ဖြစ်ပွားမှုသည် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့သည်။

အကျိုးဆက်အနေဖြင့် ယခုနှစ် ဖေဖော်ဝါရီလတွင် ပါကစ္စတန်၏ပြည်ပငွေကြေးအရန်ငွေသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၉ ဘီလီယံထိ စံချိန်တင်ကျဆင်းခဲ့သောကြောင့် ပို့ကုန်နှင့်သွင်းကုန် တင်သွင်းမှု အသုံးစရိတ်သည် နှစ်ပတ်စာလောက်သာရှိသည့်အတွက် IMF ၏ သွင်းကုန်တန်ဖိုး သုံးလစာသတ်မှတ်ချက်အောက်တွင် ရောက်ရှိခဲ့သည်။

ထို့ပြင် ပါကစ္စတန်သည် ၂၀၂၅ ခုနှစ်တွင် နိုင်ငံခြားကြွေးမြီ အမေရိကန်ဒေါ်လာ ၇၃ ဘီလီယံ ပြန်လည်ပေးဆပ်မည်ဖြစ်သည့်အတွက် အခြေအနေ ပိုမိုဆိုးရွားလာစေခဲ့သည်။ ပါကစ္စတန်၏ ပြည်ပကြွေးမြီ စုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၁၂၆ ဘီလီယံရှိပြီး တရုတ်နိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ထံမှ အများဆုံး ချေးယူထားသည်။

ဆင်းနှင့်ဘလူချီစတန်ရှိ ဆူပူအကြမ်းဖက်မှုများကြောင့်ဖြစ်ပေါ်လာသည့် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများသည် ပါကစ္စတန်နှင့် တရုတ်တို့ကြားခိုင်မာသောဆက်ဆံရေးအပေါ် သံသယဖြစ်ပေါ်စေလျက်ရှိသဖြင့် တရုတ်နိုင်ငံသည် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (BRI) နှင့် တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံ (CPEC) အောက်ရှိ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ယာယီဆိုင်းငံ့မှုများဖြစ်ပေါ်စေလျက်ရှိသည်။ ထိုသို့ ဖြစ်ပေါ်လာခြင်းသည် ပါကစ္စတန်၏ နိုင်ငံတကာဂုဏ်သိက္ခာ ပိုမိုကျဆင်းလာစေခဲ့သည်။ မူလကတည်းက ပါကစ္စတန်နိုင်ငံကို အကြမ်းဖက်အုပ်စုများကြီးထွားရာနေရာအဖြစ် သဘောထားလျက်ရှိသောကြောင့် ပြည်ပအရင်းအနှီးများနှင့် အထောက်အပံ့များကို အဟန့်အတားဖြစ်စေလျက်ရှိသည်။

ထို့ပြင် ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့်လည်း ပါကစ္စတန်နိုင်ငံကို ကြွေးမြီများပြန်လည်ပေးဆပ်ရေးအတွက် အခါအားလျော်စွာ ပြန်လည်တောင်းခံလျက်ရှိသည်။ တစ်ချိန်တည်းမှာပင် ဆော်ဒီတော်ဝင်မိသားစုနှင့် ပါကစ္စတန်ကြား ဆက်ဆံရေးသည် မဟာဗျူဟာမြောက် မိတ်ဖက်အဆင့်သို့ပြောင်းလဲလာလျက်ရှိသည်။ ပါကစ္စတန်သည် ဆော်ဒီအာရေဗျ၏စစ်ဘက်ကို တောင့်တင်းခိုင်မာအောင် ကူညီလျက်ရှိသလို ရီယက်ဒ်ချ်အနေဖြင့်လည်း ပါကစ္စတန်တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက်ရှိသည်။ ဆိုရလျှင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအနာဂတ်သည်ပထဝီနိုင်ငံရေးနှင့် ဘာသာရေးဆိုင်ရာအကျိုးစီးပွားများအပေါ် အခြေခံလျက်ရှိသည်။




လက်ရှိ အကျပ်အတည်းများရှိသော်လည်း ပါကစ္စတန်နှင့်၎င်း၏မဟာမိတ်များဖြစ်သည့် တရုတ်နှင့် ဆော်ဒီအာရေဗျတို့ကြား သမိုင်းကြောင်းနှင့်ယဉ်ကျေးမှုဆိုင်ရာ ချစ်ကြည်ရင်းနှီးမှုများသည် နက်ရှိုင်းလျက်ရှိသည်။ ပါကစ္စတန်၏ဖွံ့ဖြိုးတိုးတက်မှုနှင့်ကုန်သွယ်မှုတွင် တရုတ်နိုင်ငံ၏ပါဝင်မှုသည် ၁၉၆၀ ပြည့်လွန်နှစ်များကတည်းကပင် ဖြစ်သည်။ ထိုစဉ်က တရုတ်သည် နည်းပညာနှင့် အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများအတွက် ပါကစ္စတန်ကို အမေရိကန်ဒေါ်လာ ၈၅ သန်းခန့်ကို အတိုးမဲ့ ထုတ်ချေးခဲ့သည်။ ပါကစ္စတန်တွင် စက်မှုလုပ်ငန်း အရှိန်မြှင့်တင်ရေးအတွက် နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့သည်။

တရုတ်နှင့် ၎င်း၏စီးပွားရေးဆိုင်ရာဘဏ်များက ပါကစ္စတန်အား ထုတ်ချေးထားသော ချေးငွေသည် ပါကစ္စတန်၏ပြည်ပကြွေးမြီ စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းခန့်ရှိနေသည်။ ၎င်းပမာဏသည် သီရိလင်္ကာနိုင်ငံက တရုတ်နိုင်ငံကိုပေးဆပ်ရန် ကြွေးမြီပမာဏထက်ကျော်လွန်လျက်ရှိသည်။ သီရိလင်္ကာသည် ပြည်ပကြွေးမြီ စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းခန့်ကို တရုတ်နိုင်ငံအား ပေးဆပ်သွားရန်ရှိနေသည်။

ထို့ပြင် ၂၀၂၃ ခုနှစ် အစောပိုင်းက တရုတ်ဖွံ့ဖြိုးတိုးတက်မှုဘဏ် (CDB) မှ ထပ်မံချေးယူထားသောကြွေးမြီ အမေရိကန်ဒေါ်လာသန်း ၇၀၀ သည် ပါကစ္စတန်၏ ပြည်ပကြွေးမြီအပေါ် ဝန်ထုပ်ဝန်ပိုး ထပ်မံဖြစ်လာစေသည်။ ယခုနှစ်အတွင်း ပြည်ပကြွေးမြီများကို ပါကစ္စတန်၏ ပြန်လည်ပေးဆပ်နိုင်မှု အလားအလာသည် ပိုမိုနည်းပါးလာခဲ့သည်။ တိုင်းပြည်၏ ချေးငွေစာချုပ်များမှာလည်း စံချိန်တင်ကျဆင်းလျက်ရှိသည်။ ၎င်းပြဿနာသည် တိုင်းပြည်၏ပြည်ပကြွေးမြီ အရန်ငွေပမာဏကို ပိုမိုကျဆင်းလာလျက်ရှိသည့်အပြင် လာမည့်လများအတွင်း ပြန်လည်ပေးဆပ်ရမည့် ကြွေးမြီသည် အမေရိကန်ဒေါ်လာ ၇ ဘီလီယံထိ ရှိလာသည်။

ထို့ပြင် တိုင်းပြည်စီးပွားရေးကုစားရန်အတွက် IMF နှင့်လုပ်ဆောင်လျက်ရှိသော ဆွေးနွေးညှိနှိုင်းမှုများမှာလည်း မသေချာမရေရာမှုများဖြစ်နေသည့်အတွက် ကြွေးမြီပြန်လည်ပေးဆပ်ရန် ပျက်ကွက်စေလျက်ရှိပြီး ချေးငွေစာချုပ်များ၏ တန်ဖိုးမှာလည်း ၆၀ ရာခိုင်နှုန်းထိ ကျဆင်းလာလျက်ရှိသည်။ ဆိုရလျှင် ပြည်ပကြွေးမြီများ အထူးသဖြင့် တရုတ်နှင့် ဆော်ဒီအာရေဗျတို့၏ချေးငွေများအပေါ် ပါကစ္စတန်၏မှီခိုအားထားနေမှုသည် တိုင်းပြည်၏စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို ပိုမိုဆိုးရွားလာစေလျက်ရှိသည်။

ပါကစ္စတန်နှင့် အဆိုပါမဟာမိတ်နိုင်ငံများကြား ဆက်ဆံရေးသည် သမိုင်းကြောင်းအရ ခိုင်မာအားကောင်းလျက်ရှိသော်လည်း ဆင်းနှင့် ဘလူချီစတန်ကဲ့သို့သောဒေသများတွင် မကြာသေးခင်ကဖြစ်ပေါ်လာသော လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများသည် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးအပေါ် အစွန်းအထင်းဖြစ်လာစေလျက်ရှိသည်။ ခွဲထွက်အကြမ်းဖက်များ၏ ခြိမ်းခြောက်မှုသည် တရုတ်နိုင်ငံသားများ ဘေးကင်းလုံခြုံမှုကို ခြိမ်းခြောက်စေလျက်ရှိသည့်အပြင် BRI နှင့် CPEC တို့အရ အကောင်အထည်ဖော်ဆောင်လျက်ရှိသော အဓိကကျသည့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း အန္တရာယ်ဖြစ်ပေါ်စေလျက်ရှိသည်။

ပါကစ္စတန်နိုင်ငံအတွင်း တရုတ်လုံခြုံရေးကုမ္ပဏီများကို ခွင့်ပြုချက်ပေးခြင်းသည် နိုင်ငံခြားသားများကို ကာကွယ်စောင့်ရှောက်ရာတွင် ပါကစ္စတန်ကြည်းတပ်၏ စွမ်းဆောင်ရည်ကို ထိခိုက်မှုဖြစ်စေနိုင်သည်။ အခြားတစ်ဖက်တွင်လည်း ဆော်ဒီအာရေဗျသည် နယ်ပယ်အသီးသီးတွင် အထောက်အပံ့များစွာ ပေးအပ်နေသည့် ပါကစ္စတန်၏ ကာလရှည်မိတ်ဖက်နိုင်ငံဖြစ်သော်လည်း အခါအားလျော်စွာ အကြွေးပြန်တောင်းခြင်းသည် ပါကစ္စတန်၏ဘဏ္ဍာရေးအကျပ်အတည်းကို ပိုမိုဖြစ်ပေါ်စေလျက်ရှိသောကြောင့် တည်ငြိမ်သော စီးပွားရေးလမ်းကြောင်း ထိန်းသိမ်းရန် စိန်ခေါ်မှု ဖြစ်ပေါ်စေလျက်ရှိသည်။

ဆိုရလျှင် ပါကစ္စတန်သည် အတိမ်းအစောင်းမခံသောအခြေအနေတွင်ရောက်ရှိနေပြီး စီးပွားရေးအခြေအနေတွင်ပြိုကွဲလုနီးပါးဖြစ်နေပြီဖြစ်သည်။ တိုင်းပြည်၏ အထိအခိုက်မခံနိုင်သော ဘဏ္ဍာရေးဆိုင်ရာ ယုံကြည်စိတ်ချရမှုသည် ချိန်ခွင်လျှာပေါ်တွင်ရှိနေပြီး အကျိုးဆက်အနေဖြင့် စီးပွားရေးအပြင် နိုင်ငံရေး၊ လူသားချင်းစာနာထောက်ထားမှုနှင့် တိုင်းပြည်လူမှုအဖွဲ့အစည်းအပေါ်တွင်လည်း သက်ရောက်မှုများ ရှိလာနိုင်ပေသည်။

ထို့ကြောင့် ပါကစ္စတန်အစိုးရအနေဖြင့် ပြည်တွင်းနိုင်ငံရေးမတည်ငြိမ်မှုကို ကိုင်တွယ်ဖြေရှင်းပြီး နိုင်ငံတကာအေဂျင်စီများကြောင့် ဖြစ်ပေါ်လာသည့်ပြည်ပဖိအားများကိုလည်း ထိရောက်စွာစီမံသွားနိုင်ရေးသည် များစွာအရေးပါလျက်ရှိသည်။ ထို့ပြင် ပါကစ္စတန်၏ ပြည်ပမဟာမိတ်များ၊ အထူးသဖြင့် တရုတ်နှင့် ဆော်ဒီအာရေဗျတို့ကို စေ့စပ်သေချာစွာအကဲဖြတ်ခြင်းသည် ၎င်းတို့၏စီးပွားရေးဆိုင်ရာပွင့်လင်းမြင်သာမှုအပေါ် အခြေခံဆုံးဖြတ်သွားရန်နှင့် စဉ်ဆက်မပြတ်တိုးတက်မှုလမ်းကြောင်း မှန်ကန်ရန်လည်း လိုအပ်ပေသည်။

ပါကစ္စတန်တွင်ကုန်ဈေးနှုန်းကြီးမြင့်မှုသည် ၃၀ ရာခိုင်နှုန်းထိရှိလာပြီး နှစ် ၅၀ အတွင်း အမြင့်ဆုံးဈေးနှုန်းသို့ရောက်ရှိခဲ့သဖြင့် ပါကစ္စတန်ပြည်သူသုံးပုံတစ်ပုံခန့်သည် ယခင်ကထက် ပိုမိုရုန်းကန်လာခဲ့ကြရပြီး စားနပ်ရိက္ခာလည်း ပိုမိုရှားပါးလာခဲ့သည်။ ပါကစ္စတန်၏လက်ရှိ GDP ၊ တစ်ဦးချင်းဝင်ငွေနှင့် GDP တိုးတက်မှုနှုန်းသည် စစ်ဘေးသင့်အိမ်နီးချင်း အာဖဂန်နစ္စတန်နိုင်ငံထက်ပင်လျှင် ပိုမိုနိမ့်ကျလျက်ရှိသည်။ ထို့ပြင် တိုင်းပြည်၏အလုပ်လက်မဲ့နှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းတို့မှာလည်း ဒေသတွင်း၌အမြင့်ဆုံးဖြစ်နေသည်။

ထို့ပြင် ရူပီးငွေကြေးတန်ဖိုး ဆက်တိုက်ကျဆင်းနေခြင်းကြောင့် ပြည်ပကြွေးမြီများ ပြန်လည်ပေးဆပ်ရေးအတွက် မရှုနိုင်မကယ်နိုင်ဖြစ်ခဲ့ရသည်။ ပါကစ္စတန်သည် ပြည်ပချေးငွေများအပေါ် မှီခိုလည်ပတ်နေသော စီးပွားရေးပုံစံဖြင့် သွားနေသောကြောင့် ချေးငွေများ ပိုမိုချေးငှားရလျက်ရှိပြီး နောက်ဆုံးတွင် စီးပွားရေးချွတ်ခြုံကျမှုများနှင့်သာ ရင်ဆိုင်ကြုံတွေ့ရတော့သည်။

ပါကစ္စတန်၏လက်ရှိအခြေအနေသည် စီးပွားရေးစီမံခန့်ခွဲမှုညံ့ဖျင်းခြင်း၊ အဂတိလိုက်စားမှုများပြားခြင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ခြင်း၊ ကာကွယ်ရေးအသုံးစရိတ် များပြားခြင်းအပါအဝင် ပြဿနာပေါင်းစုံနှင့် ရင်ဆိုင်ရလျက်ရှိသည်။ ထို့ကြောင့် ကာကွယ်ရေးအသုံးစရိတ်များ အလွန်အကျွံသုံးစွဲနေမှုနှင့် အတိုးနှုန်းမြင့်မားသော ကြွေးမြီများအပေါ် အလွန်အမင်း မှီခိုအားထားနေမှုတို့ကို လျှော့ချသွားခြင်း စသည့်စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ခြင်းအားဖြင့် အဘက်ဘက်မှချွတ်ခြုံကျလာသော စီးပွားရေးအကျပ်အတည်းကို အတိုင်းအတာတစ်ခုထိ ကုစားသွားနိုင်ဖွယ်ရာရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

**ကိုးကား**

- **Unraveling Pakistan's Economic Crisis by Asia Times.**

**မောင်စိန်အိ(နဘဲမြေ)**

# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ပန်းပုရုပ်ကြွကားချပ်များ ဝင်ရောက်လာပြီး ဝယ်ယူမှုများပြားနေ



**ရန်ကုန် ဇွန် ၂၅**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ပန်းပုရုပ်ကြွကားချပ်များ ဝင်ရောက်လာပြီး ဝယ်ယူမှုများပြားနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် တော်ဝင်မြန်မာ အမှတ်တရ လက်ဆောင်ပစ္စည်း အရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ပန်းပုရုပ်ကြွကားချပ်များမှာ အသင့်ချိတ်ဆွဲထားနိုင်ပြီး ပုံဒီဇိုင်း ၁၀ မျိုးခန့် ဝင်ရောက်ထားကာ အရောင်းသွက်သည့် ဒီဇိုင်းမှာ ဆင်မင်းညီနောင်တို့ဖြစ်ကြောင်း၊ ပန်းပုရုပ်ကြွကားချပ်များမှာ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ဝင်ရောက်လာကြောင်း သိရသည်။

“ဒီလထဲမှာ လက်ဆောင်ပေးဖို့ လူတော်တော်များများ အဝယ်များတကတော့ ပန်းပုရုပ်ကြွကားချပ်ဖြစ်ပါတယ်။ ဒီလဆန်းကမှ မန္တလေးကနေ ဈေးကွက်ထဲကို ဝင်လာတာဖြစ်ပါတယ်။ ဈေးနှုန်းကလဲ တစ်ချပ်ကို ငွေကျပ် ၁၅၀၀၀၀ လောက်ပဲရှိတဲ့အတွက် အဝယ်များပါတယ်။ ဒီဇိုင်း ၁၀ မျိုးလောက်လာပါတယ်။ မင်္ဂလာဆင်မင်းညီနောင်ကတော့ အဝယ်များပါတယ်။ အရင်တုန်းကတော့ ဘုရားပုံတွေလာတာ များတယ်။ အခုတော့ ဧည့်ခန်းထဲချိတ်ဆွဲလို့ရတဲ့ ပန်းချီဒီဇိုင်းတွေဖြစ်ပါတယ်”ဟု တော်ဝင်မြန်မာ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။

အဆိုပါ ပန်းပုရုပ်ကြွကားချပ်များမှာ အလျား ၁၈ လက်မ၊ အနံ သုံးလက်မအရွယ်ရှိပြီး ဈေးနှုန်းမှာ တစ်ချပ်လျှင် ငွေကျပ် ၁၅၀၀၀၀ ခန့်ဖြစ်ကြောင်း၊ ယနေ့ထိ မင်္ဂလာ ဆင်မင်းညီနောင်ကားချပ် ၅၀ ခန့် ရောင်းချထားရကြောင်း သိရသည်။ ASH

# ဂီတပညာရှင် တေးရေး ဂီတမှူး စန္ဒရားငွေစိုး လူကြီးရောဂါဖြင့် ကွယ်လွန်



**ရန်ကုန် ဇွန် ၂၅**

ဂီတပညာရှင် တေးရေးဂီတမှူး စန္ဒရား ငွေစိုးသည် ဇွန် ၂၄ ရက်က လူကြီးရောဂါဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ နေအိမ်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်လွင်က ပြောပြ၍ သိရသည်။

ဂီတပညာရှင် တေးရေး စန္ဒရားငွေစိုးသည် ကွယ်လွန်ချိန်တွင် အသက် ၈၄ နှစ်ရှိပြီး ဇွန် ၂၄ ရက် နံနက် ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ နေအိမ်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“စန္ဒရားငွေစိုး ကွယ်လွန်သွားတယ်ဆိုတာဟုတ်ပါတယ်။ သူ့ရဲ့ထူးခြားချက်အနေနဲ့ကတော့ မြန်မာ့ဂီတသာမက ကမ္ဘာ့ဂီတကိုလဲ ပိုင်ပိုင်နိုင်နိုင် တီးခတ်နိုင်ပါတယ်။ တွဲတေးသိန်းတန် သီချင်းတွေအားလုံးဟာ သူတီးခတ်ပေးတာများပါတယ်။ သူရေးတဲ့သီချင်းတွေထဲမှာ အနားမှာနေပါကွယ်ဆိုရင် ထင်ရှားအောင်မြင်တဲ့ သီချင်းပါ။ ဂီတလောကအတွက်ဆုံးရှုံးမှုတစ်ခုပေါ့၊ စိတ်ထဲတော်တော်မကောင်းပါဘူး”ဟု မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်လွင်က ပြောပြသည်။

ဂီတပညာရှင် တေးရေးစန္ဒရားငွေစိုးသည် လှပါတယ်မေရယ်၊ အနားမှာနေပါကွယ်၊ စံပယ်လိုလိုနှင်းဆီလိုလို၊ ပန်ပေးပါရစေ စံပယ်ကုံး စသည့်တေးသီချင်းကောင်းများစွာကို ရေးသားဖန်တီးသူ ဂီတမှူးတစ်ဦး ဖြစ်ကြောင်း သိရသည်။ ASH

# အထိန်းတော် ရုပ်ရှင်ဇာတ်ကားကို ဇွန် ၃၀ ရက်မှစတင်ကာ တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသမည်

**ရန်ကုန် ဇွန် ၂၅**

Bo Bo Film Production ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် အထိန်းတော် ရုပ်ရှင်ဇာတ်ကားကို ဇွန် ၃၀ ရက်မှစတင်ကာ တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသည့် ဇာတ်ပို့သရုပ်ဆောင် မင်းသူက ပြောပြ၍ သိရသည်။

အဆိုပါ အထိန်းတော် ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းကို ဒီဒီထက်အောင်က ရေးသားထားခြင်းဖြစ်ပြီး ဇာတ်ညွှန်းကို သက်ဦးမောင်က ရေးသားထားခြင်းဖြစ်ကာ ဒါရိုက်တာ ခင်လှိုင်(ဉာဏ်ကြီးရှင်)က ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

“ရှေးဟောင်းအိမ်ကြီးတစ်အိမ်ကို ဝယ်လိုက်မိတဲ့လူတစ်စု တွေ့ကြုံလာရတဲ့ ဖြစ်ရပ်တစ်ခုဖြစ်ပါတယ်။ ဒီလိုလူငယ် အချစ်ဟာသဇာတ်လမ်းလေးကို ကြောက်စရာ၊ ချောက်ချားစရာ အလှည့်အပတ်တွေနဲ့ ရိုက်ပြထားတဲ့ ဖျော်ဖြေရေးသက်သက် ဇာတ်ကားကောင်းလေးတစ်ကားလို့ ပြောချင်ပါတယ်”ဟု သရုပ်ဆောင် မင်းသူက ပြောပြသည်။

အထိန်းတော် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ ရှင်မွေလ၊ အိချောပို၊ သုသုလင်းလင်း၊ ခင်လှိုင်၊ ဇော်ဝင်းနိုင်၊ ဆင်မ၊ မင်းသူတို့အပြင် ဝွမ်းပုံ၊ ဝါဝါအောင် စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Fast and Furious ဇာတ်ကား၌ Fast X မင်းသား ဂျေဆင်မိုမိုအာ ပါဝင်မည်


**နယူးယောက် ဇွန် ၂၅**

မင်းသား ဒွိုင်းဂျွန်ဆင် ပါဝင်သရုပ်ဆောင်မည့် Fast and Furious မှုကွဲဇာတ်ကားသစ်၌ Fast X ဇာတ်ကားမှ အဓိကသရုပ်ဆောင် ဂျေဆင်မိုမိုအာ ပါဝင်မည်ဖြစ်ကြောင်း Movie Web သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားကို Fast and Furious Presents:Hobbs and Reyes ဟူ၍ အမည်ပေးထားကြောင်း Production weekly သတင်းဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။

မင်းသား ဂျေဆင်မိုမိုအာသည် Fast X ဇာတ်ကား၌ Reyes ဇာတ်ကောင်နေရာ၌ ပါဝင်သရုပ်ဆောင်ထားသူဖြစ်သည်။

မင်းသား ဒွိုင်းဂျွန်ဆင်သည် ယခင်က Fast and Furious ဇာတ်ကားများ၌ ပါဝင်ခဲ့သော်လည်း ၎င်းဇာတ်ကားများ၏ အဓိကသရုပ်ဆောင်တစ်ဦးဖြစ်သော မင်းသား ဗင်ဒီဆယ်နှင့် ဆက်ဆံရေးကတောက်ကဆ ဖြစ်ပြီးနောက် ဆက်လက်ပါဝင်မှု မရှိခဲ့ကြောင်း၊ လက်ရှိတွင် ဒွိုင်းဂျွန်ဆင်ဦးဆောင်မည့် Fast and Furious မှုကွဲဇာတ်ကားနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO



# Paddington in Peru ၌ အန်တိုနီယိုဘန်ဒါရက်၊ ရေချယ်ဇီဂလာနှင့် အမ်မလီမော်တိုင်းမားတို့ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဇွန် ၂၅**

Paddington in Peru ဇာတ်ကား၌ မင်းသား အန်တိုနီယိုဘန်ဒါရက်၊ မင်းသမီး ရေချယ်ဇီဂလာနှင့် အမ်မလီမော်တိုင်းမားတို့ ပါဝင်မည်ဖြစ်ကြောင်း Veriety သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

Paddington in Peru ဇာတ်ကားသည် နာမည်ကျော်မိသားစု ဖျော်ဖြေရေးဟာသဇာတ်ကားများဖြစ်သည့် Paddington ဇာတ်ကားများအနက် တတိယမြောက်ဇာတ်ကားဖြစ်ကြောင်း၊ အဆိုပါ ဇာတ်ကားတွင် အန်တိုနီယိုဘန်ဒါရက်၊ ရေချယ်ဇီဂလာနှင့် အမ်မလီမော်တိုင်းမားတို့သည် မင်းသမီးကြီး အိုလီဗာကိုးမင်းနှင့်အတူ သရုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဒူဂယ်ဝီဆင်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Paddington ဇာတ်ကားများသည် မြို့ကြီးပြကြီးသို့ ရောက်လာသည့် ပက်ဒင်တန်အမည်ရှိ တောတွင်းဝက်ဝံသစ်တစ်ကောင်၏ စွန့်စားခန်းများကို ရိုက်ကူးပုံဖော်ထားသော ဇာတ်ကားဖြစ်သည်။ KKO



# A Message by H.E. Lt. Gen. Soe Htut, Chairman of CCDAC, Deputy Prime Minister cum Union Minister for Ministry of Home Affairs to the 2023 International Day against Drug Abuse and Illicit Trafficking (26 June 2023)

To all the people of our nation, I would like to extend my sincere wishes for your well-being and prosperity.

Since the adoption of the resolution of 26th June as the International Day against Drug Abuse and Illicit Trafficking by the 1987 UN General Assembly that has now reached to the 36th occasion being commemorated around the world.

The problem of drugs is a global issue that not only endangers the socio-economic, health and stability of all mankind, but also jeopardizes the development of every nation.

The government of Myanmar has been undertaking relentless efforts for the development of the country, while, on the other hand, the government is also taking consistent measures with a balanced approach to address the drugs problem that are obstructing the development efforts of the country.

In order to address the problem of opium poppy cultivation, production and demand of synthetic drug in Myanmar, the Central Committee for Drug Abuse Control has formed working sectors to carry out its respective tasks.

Successive governments have also carried out drugs elimination as a prioritized in the national duty. Even though countless drug abusers, producers, traffickers and cartels were arrested and prosecuted, the production and trafficking of drugs have not declined at all.

In order to solve the drugs problem, Myanmar is a signatory member to the 3 UN Conventions and has been working closely with UNODC, BIMSTEC member states, neighboring and regional countries, Yangon based drug law enforcement agencies of UNODC, AFP, DEA, NNCC, and ONCB respectively.

Myanmar has also adopted a National Drug Control Strategy which is in line with current resolutions of the United Nations General Assembly and has assigned States and Regions to draft out action plans consistent to their localities to implement drug control activities in a practical manner.

Drug law enforcement activities are also being carried out with concerted efforts by closely operating among Tatmadaw, Myanmar Police Force and Custom Department. The government has also equipped with modern equipment to Drug Enforcement Division for interdiction of drug production, and trafficking.

As part of the country's strategy to reduce the opium poppy cultivation, alternative development administration sector, agricultural sector and livestock breeding sector have taken full responsibility to consistently implement alternative development programs to gradually reduce opium poppy cultivation.

Myanmar have also prescribed 39 chemicals as controlled chemicals that can be used in illicit manufacture of drugs, to prevent from the diversion of precursor and those chemicals through cooperation with the business industries of utilizing chemicals and relevant departments to ensure proper use of chemicals and follow rules and regulations to carry out awareness-raising.

Advocacy programs are also being provided to students and youths in primary and basic education systems. Among the 7 educational plans, the plan to be free from the danger of drugs is emphasized as a priority through close cooperation with the Ministry of Health.

In order to provide drug addicts with treatment and harm reduction services, Ministry of Health have established 29 major treatment centers, 56 minor drug treatment centers, and 86 methadone maintenance clinics respectively.

Furthermore, rehabilitation centers are also established by the Ministry of Social Welfare, Relief and Resettlement to provide ex-addicts to reintegrate into the society.

Reviewing of the current drug problem, law enforcement and judiciary measures could not separately solve the problem. A balanced approach also requires a focus on public health care, improving living standards, promoting humanity, supporting development, and protecting basic human rights.

Instead of punishing drug addicts as criminals, the government and civil society organizations have worked together to amend laws and regulations to promote drugs addiction as a health issue rather than a crime. In addition to hospital-based treatment services and community-based treatment services are also be provided to individuals with the necessary support to overcome drug addiction.

In addition to notifications on new precursors used in production of narcotic and psychotropic sustances into the controlled lists, test kits are provided to Drug Enforcement Division for effective enforcement in the field.

In order to reduce and wipe out the drug production and smuggling, Myanmar will continue to cooperate with UN member states, international and regional agencies, regional countries, NGOS and INGOs.

CCDAC has reviewed the changing trends of the drugs problem, it is also important that every citizen should join hands to conduct preventive measures on drug matters from various aspects.

Therefore, this year motto of UNODC "People first: stop stigma and discrimination, strengthen prevention" to commemorate the International Day against Drug Abuse and Illicit Trafficking and objective of the state is "to ensure peace, stability, rule of law and the safe and smooth functioning of transport networks across the Union", a sincere encouragement is made to come together to eliminate this drug threat that is obstructing the development of our nation.

# Greek conservatives eye Mitsotakis majority in fresh election

**Athens June 25**

Greeks are voting for the second time in a month with conservative ex-Prime Minister Kyriakos Mitsotakis hoping to secure a big majority.

He convincingly beat his centre-left rival in May but called new elections in a bid to govern Greece alone.

Sunday's vote comes little more than a week after a migrant boat tragedy off the Greek coast in which 500 people are thought to have died.

But the disaster has had little effect on the campaign.

Mr Mitsotakis's conservatives won last month's elections by a 20-point margin over the centre-left Syriza party of Alexis Tsipras, another former prime minister, and he is confident of a repeat victory that would hand him a second term.

Voting continues until 19:00 (16:00 GMT).

Without a majority of more than 150 in the 300-seat parliament, Mr Mitsotakis says his New Democracy party cannot form the stable government that is necessary.

BBC

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myawady border trade camp handles more agricultural produce, marine products to Thailand



The gate of Myawady border trade zone.

**Myawady June 25**

Myawady border trade camp handles a larger volume of agricultural produce and marine products to Thailand, according to the Myanmar Trade Promotion Organization on 24 June.

At the border trade zone, forex rate is stable at K85.11 per baht. At present, tourism market is active in Thailand as well as hotels and restaurants with active market activities.

Hotels and tourism industries in Thailand demand agricultural produce and marine products from Myanmar.

In May, the trade zone managed export goods worth US$57.691 million and import one worth US$129.060 million, totalling US$186.751 million.

Myanmar exports sesame, cabbage, chilli, onion, maize, tamarind, areca nut, turmeric and various kinds of fish and marine products.

The trade zone manages export of spoilable green groceries such as onion, cabbage, chilli and marine products to Thailand in time.

In this regard, maize is exported at US$304.753 per ton, arena nut US$1,588.037, onion US$562, cabbage US$188, chilli US$668, dried chilli US$1,651 and crab US$3,904. 336

# Local and foreign travellers bound for CBT Seinbangon Village

**Mandalay June 25**

Number of travellers at home and abroad bound for Seinbangon Village, implemented as Community-based tourism site, is on the rise, said U Maung Maung Lay, leader of Irrawaddy dolphin conservation body.

Currently, travellers pay attention to Seinbangon Village in Madaya township of Mandalay Region. The village is filled with weaving industries, pottery industries, bamboo hat industry, cheroot industry and sandal industries to attract travellers. Moreover, the travellers visiting the CBT village are eager to watch Irrawaddy dolphins in Ayeyawady River.

The Wildlife Conservation Society-WCS, Fisheries Department and the Irrawaddy dolphin conservation body have been implementing the community-based tourism villages since 2014. They have designated Hsinkyun, Ayekyun, Myaysun and Seinbangon villages in Madaya Township and Myitkangyi and Hsethe villages in Singu Township in Mandalay Region as well as Ywathit, Tagaung and Seinmakar villages in Wetlet Township in Sagaing Region," he explained.

Among them, number of travellers who came from local regions and abroad to Seinbangon Village amounted to more than 100 per day in the first week of June, compared to more than 200 travellers per day as from the third week of June.

"At present, Ayeyawady River is filled with water, number of passenger make trips by ship. So, traveller arrivals at Seinbangon Village is on the rise," he remarked. 184

# Myanmar-China border trade to apply banking system from 1 August

**Nay Pyi Taw June 25**

Myanmar-China border trade sector will apply banking system for payment as from 1 August 2023, according to the press release issued by the Trade Department on 23 June.

The department initiated banking system in border trade measures between Myanmar and Thailand on 1 November 2022.

For the second phase, the banking payment system will be initiated at Myanmar-China border as from 1 August 2023. In this regard, remaining income yuan will be allowed for spending on import of goods.

Importers need to spend such amount on payment through relevant banks on the imported goods. In the border trade measures, companies applying for the import licence have to submit the credit advice and bank statement to the Trade Department.

The department will verify income from exports or other income or purchased foreign currency submitted by the import companied and issue the import licence to them not to exceed the inventry amount of the banking accounts.

In this regard, the application for import licence are not inclusive up from 30 August 2023.

Goods must be imported before 31 August 2023 with the import licence issued before the date. If not, import licence will be invalid. In importing the goods, businesspersons have to spend the incomes earned after 1 January 2023.

Export companies at Myanmar-China border can import goods themselves or hand over its income to other companies. Incomes from export can be spent on other measures from one to another border camps. 336

# Titan sub: Investigators board Polar Prince as it returns to harbour

**Washington June 25**

Investigators in Canada have boarded the support ship used to launch the Titan submersible in their bid to understand what caused the vessel's catastrophic implosion.

Flags on board the Polar Prince were at half-mast as it docked in St John's, Newfoundland, on Saturday.

Another boat was seen in the harbour towing the Titan's launch platform.

The Titan was on a dive to the wreck of the Titanic when it broke apart, killing all five people on board.

Locals in St John's gathered around the cannon on top of Battery Lookout at 08:00 (11:30 BST) to watch the Polar Prince return to port. As some passengers disembarked, investigators in hard hats and high-visibility jackets climbed aboard.

The Polar Prince was the Titan's support vessel and had towed the submersible out to the area in the North Atlantic where it carried out its dive on Sunday, about 400 miles from St John's.

On board were members of the support team and some family members of the victims. It was also involved in the search for the Titan once it lost contact about one hour and 45 minutes into its dive.

BBC

# MAI signs MoU with Sunway Medical Centre (SMC) of Malaysia



The MoU signing ceremony in progress.

**Yangon June 25**

The Myanmar Airways International-MAI signed a memorandum of understanding-MoU with Sunway Medical Centre (SMC), the private hospital in Malaysia, at MAI head office in Yangon on 23 June, according to the press release issued by MAI.

According to the MoU, MAI's partner organizations can enjoy 15 per cent discount over the medical checkup packages as well as OG and general surgery operations at Sunway Medical's Wellness Centre.

Likewise, guests from Sunway Medical Centre will have the chance to 10 per cent discount and 10 Kg excess weight for passengers of economic and business classes of MAI.

"Cooperation between MAI and Sunway Medical Centre will create discounts for patients of the medical centre as well as flight passengers," said Mr.Tanes Kumar (Chief Commercial Officer of Myanmar Airways International.

Moreover, MAI will operate 11 flights between Yangon and Kuala Lumpur as from 15 July on a weekly basis. Hence, the persons wishing to receive medical treatment abroad will have smooth and convenient access to their trips.

MAI currently based in Yangon and Mandalay operates international flights to 27 cities including Thailand, Singapore, Malaysia, China, India, UAE, Cambodia, Vietnam and South Korea with the use of 10 airplanes. ASH

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားဖရီးဂိတ်စစ်သင်္ဘောသစ်များတွင် ဟိုက်ပါဆောနစ်ဒုံးကျည်များ ဖြန့်ကြက်အသုံးပြုသွားတော့မည်



ရုရှားရေတပ်သည် ၎င်း၏ ဖရီးဂိတ်စစ်သင်္ဘောများနှင့် ကော်ဗက်အတန်းအစားရေယာဉ်များအားလုံးတွင် ဟိုက်ပါဆောနစ် Zircon ဒုံးကျည်များ ဖြန့်ကြက်အသုံးပြုသွားတော့မည်ဖြစ်ကြောင်း ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Nikolay Yevmenov က ဇွန် ၂၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

သို့သော် အဆိုပါဟိုက်ပါဆောနစ်ဒုံးကျည်များ တပ်ဆင်အသုံးပြုသွားမည့် ရုရှားရေတပ်ရှိ စစ်သင်္ဘောအရေအတွက် အတိအကျကိုမူ ထုတ်ဖော်ပြောဆိုခဲ့ခြင်းမရှိပေ။

ဆောက်လုပ်ဆဲ သို့မဟုတ် ရေချခဲ့ပြီးဖြစ်သည့် ဖရီးဂိတ်စစ်သင်္ဘောများအားလုံးတွင် Zircon ဒုံးကျည်များ တပ်ဆင်အသုံးပြုသွားမည်ဟု ရုရှားနိုင်ငံ နိုင်ငံတကာ ပင်လယ်ရေကြောင်းကာကွယ်ရေးပြပွဲအတွင်း Kronstadtကုမ္ပဏီပြခန်းတွင် ရောက်ရှိနေစဉ်တွင် ၎င်းက RIA Novosti သတင်းဌာနသို့ပြောကြားခဲ့ခြင်းလည်းဖြစ်သည်။

ကော်ဗက်စစ်ရေယာဉ်များတွင်ပါ ဆက်လက် တပ်ဆင်အသုံးပြုသွားမည်ဟု ထပ်လောင်းပြောကြားခဲ့သည်။

Zircon ဒုံးကျည်များကို ယခုနှစ်အစောပိုင်းတွင် စတင်အသုံးပြုနိုင်ခဲ့သည်။ အဆိုပါဒုံးကျည်များသည် ယခင်ကတီထွင်ထုတ်လုပ်ခဲ့သော ရုရှားထုတ် သင်္ဘောဖျက်ဒုံးကျည်များနှင့် NATO နိုင်ငံများက အသုံးပြုသည့် ဒုံးကျည်များထက် အလျင်နှုန်းများစွာ ပိုမိုမြန်ဆန်သည်ဟု ပြောဆိုခဲ့သည်။

၂၀၁၉ ခုနှစ်ကလည်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပါလီမန်ကို မိန့်ခွန်းပြောကြားရာတွင် Zircon ဒုံးကျည်များသည် အသံ၏အမြန်နှုန်းထက် ကိုးဆပိုမိုမြန်ဆန်စွာပျံသန်းနိုင်ပြီး အကွာအဝေးကီလိုမီတာ ၁၀၀၀ (၆၂၀ မိုင်) ရှိ ပစ်မှတ်များကို ဖျက်ဆီးနိုင်စွမ်းရှိကြောင်း မှတ်ချက်ပြုပြောကြားခဲ့ဖူးသည်။

၎င်းသည် အမေရိကန်နိုင်ငံ ရေတပ်မှ အသုံးပြုသည့် Tomahawk နှင့် Harpoon ဒုံးကျည်များထက် ကိုးဆကျော်မြန်ဆန်သည်ဟု ယူဆထားကြပြီး အဆင့်မြင့် ဟိုက်ပါဆောနစ် ဒုံးကျည်အမျိုးအစား ဖြစ်သည်။

ဖရီးဂိတ်စစ်သင်္ဘောမှ လေယာဉ်တင်သင်္ဘောထိသာမက မြေပြင်ပစ်မှတ်များကိုပါ တိုက်ခိုက်နိုင်စွမ်းရှိသော မည်သည့်စစ်ရေယာဉ်မျိုးကိုမဆို တိုက်ခိုက်ဖျက်ဆီးရန် Zircon ဒုံးကျည်ကို အသုံးပြုနိုင်သည်။

အဆိုပါဆုံးဖြတ်ချက်သည် ရုရှားရေတပ်မှ တက်ကြွစွာအသုံးပြုနေသည့် Kalibr နှင့် Onyx ခရုဇ်ဒုံးကျည်များနေရာတွင် အစားထိုးရန်စီစဉ်နေခြင်းဖြစ်သည်ဟု Yevmenov က ပြောကြားခဲ့သည်။

ယခင်ကအသုံးပြုခဲ့သည့် Kalibr နှင့် Onyx ခရုဇ်ဒုံးကျည် နှစ်မျိုးစလုံးသည် ယုံကြည်စိတ်ချရမှု မြင့်မားကောင်းမွန်စွာ တိုက်ပွဲဝင်နိုင်စွမ်းရည်ကိုပြသနိုင်ခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

Zircon ဒုံးကျည်များသည် သင်္ဘောများကိုတိုက်ခိုက်ရန် ဒီဇိုင်းထုတ်ထားသော်လည်း မြေပြင်ပစ်မှတ်များကိုလည်း တိုက်ခိုက်နိုင်စွမ်းရှိသည်။ ရုရှား၏ ယူကရိန်းအထူးစစ်ဆင်ရေးလှုပ်ရှားမှုများ ဆက်လက်လုပ်ဆောင်နေ ခြင်းသည် ၎င်း၏ရေတပ်ကို အဆင့်မြှင့်တင်ရန်လိုအပ်နေသည်ဟု ညွှန်ပြနေကြောင်း Yevmenov က ယခုသီတင်းပတ်အစောပိုင်းတွင် ပြောကြားခဲ့သည်။

အကောင်းဆုံး ဆန်းသစ်တီထွင်သော အကြံဉာဏ်များအားလုံးကို ချက်ချင်းလက်တွေ့ အကောင်အထည်ဖော်သင့်ကြောင်းနှင့် စီမံကိန်းအသစ်များနှင့် ပတ်သက်လာလျှင် ဒီဇိုင်းနှင့်ဖွံ့ဖြိုးတိုးတက်မှုအဆင့်များကို အချိန်တိုအတွင်း အကောင်အထည်ဖော်နိုင်စေရန် ရေတပ်ဦးစီးချုပ်က တောင်းဆိုခဲ့သည်။

ရုရှားနိုင်ငံ၏ ကာကွယ်ရေးစက်မှုလုပ်ငန်းသည် ၎င်းတို့၏သင်္ဘောတည်ဆောက်မှုစွမ်းရည်ကို အရှိန်မြှင့်တင်ရန် စီစဉ်ထားကြောင်း ရေတပ်ဦးစီးချုပ် Yevmenov က ထုတ်ဖော်ပြောကြားခဲ့သည်။

ယခုနှစ်တစ်နှစ်အတွင်း ရုရှားရေတပ်သည် စစ်သင်္ဘောများနှင့်ထောက်ပံ့ရေးသင်္ဘောများအပါအဝင် သင်္ဘောအသစ် ၄၄ စင်း လက်ခံရရှိရန် မျှော်မှန်းထားသည်။

ရုရှားနိုင်ငံ၏ ကြည်း၊ ရေ၊ လေ စစ်ရေးစွမ်းအားစုများ ပိုမိုအားကောင်းလာစေရေးသည် နိုင်ငံ၏ထိပ်တန်းဦးစားပေးလုပ်ငန်းများထဲမှ တစ်ခုဖြစ်ကြောင်း၊ ရုရှားရေတပ်သည် ရေကြောင်းစွမ်းအား ပိုမိုအားကောင်းလာစေရန် ကြိုးပမ်းမှု၏တစ်စိတ်တစ်ပိုင်းအဖြစ် Zircon ဒုံးကျည်များအပြင် တိုက်ချင်းပစ်ဒုံးကျည် ၁၆ စင်းစီတပ်ဆင်ထားသည့် Borei နှင့် Borei-A အတန်းအစား နျူကလီးယားစွမ်းရည်ရှိသော ရေငုပ်သင်္ဘောအသစ်များပါ တပ်တော်ဝင်အသုံးပြုနိုင်ရန် မျှော်မှန်းလုပ်ဆောင်လျက်ရှိကြောင်း ရုရှားသမ္မတပူတင်က ပြောကြားခဲ့သည်။

**New Russian frigates will be armed with hypersonic missiles – Navy head ကို ဘာသာပြန်ဆိုထားပါသည်။**

---

## အမေရိကန်လေတပ်က AMRAAM ဒုံးကျည်များဝယ်ယူရန် Raytheon ကုမ္ပဏီနှင့် စာချုပ် ချုပ်ဆို

အမေရိကန်နိုင်ငံ လေတပ်သည် AIM-120 D-3 နှင့် C-8 AMRAAM ဒုံးကျည်များအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ ဘီလီယံတန် ဝယ်ယူရေးစာချုပ် Raytheon Technologies ကုမ္ပဏီနှင့် ချုပ်ဆိုခဲ့ကြောင်း ဇွန် ၂၂ ရက်က The Defense Post တွင် ဖော်ပြထားသည်။

AIM-120 D-3 ဒုံးကျည်သည် ဟာ့ဒ်ဝဲနှင့်ဆော့ဖ်ဝဲ အဆင့်မြှင့်တင်မှုများအပါအဝင် Form, Fit, Function Refresh (F3R) ဟု အမည်ပေးထားသော ပရိုဂရမ်အောက်တွင် AMRAAM ဒုံးကျည်၏နောက်ဆုံးမျိုးဆက်သစ် ဗားရှင်းလည်းဖြစ်သည်။

ယနေ့ထိ အကြီးမားဆုံး AMRAAM ဒုံးကျည်ဝယ်ယူရေးစာချုပ်သည် အမေရိကန်လေတပ်၊ အမေရိကန်ရေတပ်နှင့် ယူကရိန်းနိုင်ငံအပါအဝင် အခြားနိုင်ငံပေါင်း ၁၈ နိုင်ငံသို့ ဒုံးကျည်များကိုရောင်းချပေးလျက်ရှိသည်။

အဆိုပါဒုံးကျည်များကို ယူကရိန်းနိုင်ငံ အမျိုးသားအဆင့်မြင့်မြေပြင်မှဝေဟင်ပစ်ဒုံးလက်နက်စနစ် (NASAMS) တွင် တပ်ဆင် အသုံးပြုနိုင်ဖွယ်ရှိနေကြောင်း သိရသည်။

သို့သော်လည်း စာချုပ်တွင်ဖော်ပြထားခြင်းမရှိပေ။ NASAMS လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သည် AMRAAM ဒုံးကျည်၊ Sidewinder ဒုံးကျည်နှင့် Stinger ဒုံးကျည်ကဲ့သို့သော ဒုံးကျည်အမျိုးအစားများနှင့်ရောနှော၍ တပ်ဆင်အသုံးပြုတိုက်ပွဲဝင်နိုင်သည့် လက်နက်စနစ်လည်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် NASAMS လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ် ရှစ်စုံကို ယူကရိန်းသို့ပေးအပ်ရန် ကတိပြုထားပြီး ၎င်းတို့အနက်နှစ်စုံ(တပ်ခွဲနှစ်ခွဲစာ)ကို ယခင်နှစ်က ပေးပို့ခဲ့သည်။

တစ်ချိန်တည်းတွင် ယူကရိန်း၏ ဆိုဗီယက်ခေတ် တိုက်လေယာဉ်များပေါ်တွင် AMRAAM ဒုံးကျည်များ သယ်ဆောင်တိုက်ပွဲဝင်နိုင်မှုနှင့် ပတ်သက်၍ ဖြစ်နိုင်ခြေ ရှိ၊ မရှိ အမေရိကန်စစ်ဘက်က လေ့လာနေသည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။

ဝေဟင်မှဝေဟင်ပစ် အဆိုပါဒုံးကျည်သည် အမေရိကန်ဦးဆောင်သော ညွှန့်ပေါင်းနိုင်ငံများထံမှရရှိသော ယူကရိန်းစစ်ရေးအကူအညီ၏ တစ်စိတ်တစ်ပိုင်းတွင် ပါဝင်လာခြင်းမျိုးတော့မရှိသေးပေ။



AMRAAM ဒုံးကျည်သည် အတိုးတက်ဆုံး၊ တိုက်ပွဲဝင် သက်သေပြနိုင်ခဲ့သည့် ဒုံးကျည်ဖြစ်ကြောင်း ကျွန်ုပ်တို့အနေဖြင့် အသိအမှတ်ပြုထားပြီး ၎င်းတို့လိုအပ်သည့်အချိန်တွင် လိုအပ်မည့်နည်းပညာကို ရရှိစေရန် တိုက်လေယာဉ်များတွင်တပ်ဆင်ပေးသွားမည်ဟု Raytheon ၏ လေကြောင်းစွမ်းအားဆိုင်ရာဥက္ကဋ္ဌ Paul Ferraro က ပြောကြားခဲ့သည်။

ဝေဟင်မှဝေဟင်၊ မြေပြင်မှဝေဟင်သို့ ဖြစ်စေ တိုက်ပွဲဝင်နိုင်မည့် AMRAAM ဒုံးကျည်သည် ယခုဝယ်ယူရေးစာချုပ်ဖြင့် ယခင်ကထက် ပိုမိုကြီးမားသောစွမ်းအားနှင့် တိုက်ပွဲဝင်တိကျမှုတို့ကို ရရှိပိုင်ဆိုင်နိုင်စေမည်ဖြစ်ကာ ၎င်း၏ဝိသေသလက္ခဏာများကို ဆက်လက်ထိန်းသိမ်းထားနိုင်လိမ့်မည်ဟုလည်း ၎င်းက ထည့်သွင်းပြောကြားသွားခဲ့သည်။

**US Air Force Awards Raytheon $1.15-Billion AMRAAM Contract ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနံ့စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနံ့ဧက ၆၇၀၀ စိုက်ပျိုးမည်


ယခင်နှစ်က စိုက်ပျိုးခဲ့သည့် စားဖိုဆောင်သီးနှံ့စိုက်ခင်းကို တွေ့ရစဉ်။

**လပွတ္တာ ဇွန် ၂၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနံ့စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနံ့ဧက ၆၇၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်ထံမှ သိရသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနံ့စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနံ့လျာထားဧက ၆၇၀၀ ကို ဇူလိုင်လပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနံ့လျာထားဧကများကို ကျေးရွာ ၁၇ ရွာတွင် အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုနှစ်မိုးသီးနံ့စိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနံ့ဧက ၆၇၀၀ စိုက်ပျိုးမှာဖြစ်ပါတယ်။ ဒေသခံပြည်သူတွေ တစ်ဖက်တစ်လမ်းကနေ စီးပွားရေးအခွင့်အလမ်းတွေ ကောင်းလာစေဖို့ စားဖိုဆောင်သီးနံ့ကို စိုက်ပျိုးတာဖြစ်ပါတယ်။ စားဖိုဆောင်သီးနံ့ စိုက်ပျိုးတဲ့အခါ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ ဒေသခံတောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်နေတယ်။ ကျေးရွာ ၁၇ ရွာမှာ အများဆုံးစိုက်မှာဖြစ်ပါတယ်" ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးမည့် စားဖိုဆောင်သီးနံ့များမှာ နံနံပင်၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ပိန်းဥ၊ ချဉ်ပေါင်ရွက်၊ ဂေါ်ဖီ၊ ကြက်ဟင်းခါး၊ သခွား၊ ဆလပ်ရွက်၊ ဟင်းနုနယ်၊ ကြက်သွန်နီ၊ ကန်စွန်းဥတို့ဖြစ်ကြောင်း၊ လပွတ္တာမြို့နယ်တွင် ယခုနှစ် နွေသီးနံ့စိုက်ပျိုးရာသီကလည်း စားဖိုဆောင်သီးနံ့ဧက ၉၂၀၀ ထိ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သရက်မြို့နယ် ပြရေကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**သရက် ဇွန် ၂၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြရေကျေးရွာအုပ်စု ပြရေကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။

ပြရေကျေးရွာ၌ မြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကိုအသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က ပြောပြ၍ သိရသည်။

**ခင်မာ**

# ကွမ်းလုံမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(Type-2)ရန်ပုံငွေ ထုတ်ချေး

**ကွမ်းလုံ ဇွန် ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တုံ့ကျက်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(Type-2) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ဇွန် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်သည်။

ရှေးဦးစွာ ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်က ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် တစ်ဖက်တစ်လမ်းက အကျိုးပြုစေမည့်စီမံကိန်းတစ်ခုဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက စီမံကိန်းရန်ပုံငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ကော်မတီဝင်များထံ ငွေကျပ် သိန်း ၂၁၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက တုံ့ကျက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၂၁၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၅-၆-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ရွှေဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၁၉၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၀၅၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၇၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၀၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

၂၁ ရှေ့ဖုံးမှအဆက်

များစွာထိခိုက်စေပါသည်။

နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားတစ်ဖက်မှလည်း နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်နိုင်ရေးအတွက် ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဘိန်းစိုက်ပျိုးမှုပြဿနာ၊ လူလုပ်မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှုပြဿနာများနှင့် ရင်ဆိုင်နေရပြီး ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် နိုင်ငံတော်ကိုယ်စားပြုဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ လုပ်ငန်းအဖွဲ့အသီးသီးကို စနစ်တကျဖွဲ့စည်း၍ အလေးထားဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းကို နိုင်ငံတော်အစိုးရအဆက်ဆက် အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ မူးယစ်ဆေးဝါးသုံးစွဲသူများ၊ စိုက်ပျိုးသူများ၊ ထုတ်လုပ်သူများ၊ သယ်ဆောင်သူများ၊ ဖြန့်ဖြူးရောင်းချသူများအများအပြားကို ဖော်ထုတ်ဖမ်းဆီးရမိ အရေးယူခဲ့သော်လည်း မူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုများ လျော့နည်းသွားခြင်းမရှိကြောင်းကိုလည်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပြဿနာဖြေရှင်းနိုင်ရေးအတွက် ကုလသမဂ္ဂကွန်ဗင်းရှင်း သုံးခုတွင် ပါဝင်လက်မှတ်ရေးထိုးထားပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ရန်ကုန်မြို့ အခြေစိုက်မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် UNODC၊ ဩစတြေးလျနိုင်ငံ AFP၊ အမေရိကန်နိုင်ငံ DEA၊ တရုတ်နိုင်ငံ NNCC၊ ထိုင်းနိုင်ငံ ONCB တို့နှင့်လည်း တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအဆင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးမဟာဗျူဟာစီမံချက်ရေးဆွဲခဲ့ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် လုပ်ငန်းစီမံချက်များရေးဆွဲကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့ပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရကလည်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို ခေတ်မီစက်ပစ္စည်းကိရိယာများတပ်ဆင်ပြီး မူးယစ်ဆေးဝါး ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများကို ဖော်ထုတ်အရေးယူလျက်ရှိပါသည်။

နိုင်ငံတော်၏အစီအစဉ်ဖြင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျှော့ချနိုင်ရန် အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့၊ သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့နှင့် မွေးမြူရေးအဖွဲ့တို့က အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပြီး အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းဖြင့် ဘိန်းစိုက်ပျိုးမှုကို တဖြည်းဖြည်း လျှော့ချလျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်း ၃၉ မျိုးကို ထိန်းချုပ်ဆောင်ရွက်လျက်ရှိပြီး ဓာတုပစ္စည်းများ တရားမဝင်ဝင်ရောက်မှုနှင့် လမ်းလွဲမရောက်ရှိစေရေး ဓာတုပစ္စည်းအသုံးပြုသည့်လုပ်ငန်းရှင်များ၊ ဓာတုပစ္စည်းနှင့်သက်ဆိုင်သည့် ဌာနများ၊ အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ထိန်းချုပ်ဓာတုပစ္စည်းများဆိုင်ရာ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေ၊ နည်းဥပဒေများနှင့် မူဝါဒများဆိုင်ရာ အသိပညာပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ကျောင်းသားလူငယ်များအတွက် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးဗဟုသုတများကို အဆင့်မြင့်နှင့် အခြေခံပညာကျောင်းများ၊ ကျောင်းပြင်ပစခန်းများအားလုံးသို့ ဖြန့်ဝေပေးလျက်ရှိပါသည်။ ကျောင်းအခြေပြုပညာပေးလုပ်ငန်းစဉ် (၇)ရပ်တွင်လည်း မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်ပပျောက်ရေးကို ဦးစားပေးလုပ်ငန်းစဉ် (၁)အဖြစ် ထည့်သွင်းထားပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးစွဲသူများ ဆေးကုသမှုခံယူနိုင်စေရေးနှင့် နောက်ဆက်တွဲအန္တရာယ်များလျှော့ချနိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနက မူးယစ်ဆေးစွဲရောဂါကုသရေးဌာနကြီး ၂၉ ခု၊ ဌာနငယ် ၅၆ ခုနှင့် မက်သာဒုံးဆေးခန်း ၈၆ ခု ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

မူးယစ်ဆေးဖြတ်ပြီးသူများ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက်လည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြန်လည်ထူထောင်ရေးစခန်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယနေ့မျက်မှောက်ခေတ်ကာလ၌ မူးယစ်ဆေးဝါးပြဿနာကို ရှုမြင်သုံးသပ်ရာတွင် တားဆီးနှိမ်နင်းရေးနှင့် ထိရောက်သော တရားစီရင်ရေးကဏ္ဍတစ်ခုတည်းဆောင်ရွက်၍ မရဘဲ ပြည်သူ့ကျန်းမာရေး၊ လူမှုဘဝမြင့်မားရေး၊ လူသားချင်းစာနာထောက်ထားရေး၊ ဖွံ့ဖြိုးရေး၊ အခြေခံလွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးဆိုင်ရာကဏ္ဍများမှ ဘက်ပေါင်းစုံချဉ်းကပ်မှုပုံစံဖြင့် ပြဿနာ၏အရင်းအမြစ်တစ်ခုလုံးကို လွှမ်းခြုံ၍ အပြန်အလှန်အမှီသဟဲပြုဆောင်ရွက်ရန် လိုအပ်လာကြောင်းတွေ့ရှိရပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုကို ပြစ်မှုအဖြစ်သတ်မှတ်ခြင်းမပြုတော့ဘဲ ဆေးကုသမှုခံယူနိုင်ရေး နိုင်ငံတော်အစိုးရနှင့် လူမှုအဖွဲ့အစည်းများမှ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းခြင်းနှင့် ကုသရေးအစီအစဉ်များကို လူထုအတွင်းရောက်ရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်လာကြပြီး ဆေးရုံ၊ ဆေးခန်းအခြေပြု ဆေးကုသရေးလုပ်ငန်းများအပြင် လူထုအခြေပြုဆေးကုသရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လာခဲ့ကြသည်ကို တွေ့ရှိရပါသည်။

နိုင်ငံတော်အနေဖြင့် အသစ်ပေါ်ပေါက်လာသော မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ရှေ့ပြေးဓာတုပစ္စည်းများကို ဥပဒေနှင့်အညီ အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ကာ ထိန်းချုပ်သွားမည်ဖြစ်သည့်အပြင် တိုးတက်ခေတ်မီသည့် မူးယစ်ဆေးဝါးရှာဖွေသည့်ကိရိယာများ၊ မူးယစ်ဆေးဝါးဆိုင်ရာ မှုခင်းများစုံစမ်းဖော်ထုတ်သည့်ပစ္စည်းကိရိယာများ၊ နည်းပညာများကို အသုံးပြုလျက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မူးယစ်ဆေးဝါးကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများသို့ပါ သယ်ဆောင်ရောင်းချခြင်းနှင့် ဝယ်ယူခြင်းများကို လျော့နည်းပပျောက်စေရန်အတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကုလသမဂ္ဂကွန်ဗင်းရှင်းများတွင်ပါရှိသော ပြဋ္ဌာန်းချက်များနှင့်အညီ အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့်လည်း ပြောင်းလဲလာသည့် မူးယစ်ဆေးဝါးပြဿနာများအပေါ် သုံးသပ်ပြီး မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ပါဝင်ကူညီပေးကြရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ယခုနှစ် (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UN-ODC)က ပေးပို့သောဆောင်ပုဒ် "People first: Stop Stigma and Discrimination, Strengthen Prevention" "ခွဲခြားနှိမ့်ချ ကင်းစင်ပေး၊ ကာကွယ်ရေးကိုအလေးပေး၊ လူသားအားလုံးကျန်းမာရေး" ဆိုသည့်အတိုင်း အလေးထားလိုက်နာဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်၏ နိုင်ငံရေးဦးတည်ချက်ဖြစ်သည့် "ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး"အတွက် အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို အားလုံးအတူတကွ ပူးပေါင်းတိုက်ဖျက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၆-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၄၅ | ၁၉၉၅ | ၁၉၉၀ | ၁၉၅၅ | ၁၉၉၅ | ၂၀၂၀ | ၂၀၀၅ | ၁၉၈၀ | ၂၀၈၀ | ၂၀၉၅ | ၁၉၈၅ | ၁၉၉၅ | ၂၀၃၅ | ၂၀၃၅ | ၂၀၃၅ | ၂၂၆၅ | ၂၇၀၀ |
| 95 Ron | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၅၅ | ၂၀၉၅ | ၂၁၂၀ | ၂၁၀၅ | ၂၀၈၀ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၀ | ၂၁၀၅ | ၂၁၃၅ | ၂၁၃၅ | ၂၁၃၅ | ၂၃၆၅ | ၂၈၀၀ |
| HSD (500 ppm) | ၁၉၂၀ | ၁၉၇၀ | ၁၉၆၅ | ၁၉၃၀ | ၁၉၆၅ | ၁၉၉၀ | ၁၉၈၅ | ၁၉၅၅ | ၂၀၇၅ | ၂၀၆၅ | ၁၉၆၀ | ၁၉၇၀ | ၂၀၀၅ | ၂၀၀၅ | ၂၀၁၀ | ၂၂၄၀ | ၂၈၀၀ |
| HSD (50 ppm) | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၄၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၅ | ၂၁၅၅ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၂၀ | ၂၈၆၀ |
| HSD (10 ppm) | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၄၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၅ | ၂၁၅၅ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၂၀ | ၂၈၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၄၆ | ၁၉၁၇ |
| 95 Ron | ၁၉၄၄ | ၂၀၁၇ |
| HSD (500 ppm) | ၁၈၂၃ | ၁၈၈၉ |
| HSD (50 ppm) | ၁၈၉၇ | ၁၉၆၄ |
| HSD (10 ppm) | ၁၈၉၇ | ၁၉၆၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကူညီဆောင်ရွက်လျက်ရှိ



ရခိုင်ပြည်နယ် နယ်စပ်ဒေသဂန္ဓာရီလူငယ်ဖွံ့ဖြိုးရေးပရဟိတသင်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ကျွေးမွေးစဉ်။

**နေပြည်တော် ဇွန် ၂၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကွန်တိုင်ကျေးရွာအုပ်စုရှိ အစိုးရစက်မှုအထက်တန်းကျောင်း ခြံဝင်းအတွင်း၌ ပြုလုပ်သော မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး နယ်စပ်ဒေသဂန္ဓာရီလူငယ်ဖွံ့ဖြိုးရေး ပရဟိတသင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်ကို ဖူးမြော်ကာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ လှူဒါန်းခဲ့သည်။ ထို့ပြင် အဆိုပါပရဟိတဘုန်းတော်ကြီးကျောင်းတွင် နေထိုင်လျက်ရှိသော ကျောင်းသူ၊ ကျောင်းသားများကို တွေ့ဆုံအားပေးစကားများ ပြောကြားကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများ ကျွေးမွေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ရခိုင်ပြည်နယ် သံတွဲမြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်စိုးနိုင်ဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပဒဲကောကျေးရွာရှိ သံတွဲခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးဝင်းအတွင်း၌ ပြုလုပ်သော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို တက်ရောက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၅**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်က ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်း၍ မြို့တွင်းရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန်အတွက် သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ်အတွင်း မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန် နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက မော်တော်ယာဉ်ပေါ်သို့ ကူညီတင်ဆောင်ပေးစဉ်။

**□ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန်မှ**

လိုအပ်သည့်မျိုးစပါးများကို တင်ပို့ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စီမံဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့မှ ဝယ်ယူခဲ့သည့် ပေါ်ဆန်းရင်မျိုးစပါး တင်း ၁၄၀၀၀ ကို တပ်မတော်မော်တော်ယာဉ် ၆၃ စီးဖြင့် လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေမှ ဝယ်ယူခဲ့သည့် GW-11 မျိုးစပါး ၉၂၅၃ တင်းကို တပ်မတော်မော်တော်ယာဉ် ၄၇ စီးဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်မှ ဝယ်ယူခဲ့သည့် နှံကောက်မျိုးစပါး တင်း ၄၃၃၀ ကို တပ်မတော်မော်တော်ယာဉ် အစီး ၂၀ ဖြင့် လည်းကောင်း ဇွန် ၂၄ ရက်တွင် ပထမအကြိမ် သွားရောက်ပို့ဆောင်လျက်ရှိသည်။

အဆိုပါ စပါးမျိုးများကို မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ရာတွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကူညီတင်ဆောင်ပေးခဲ့ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်တွင် လိုအပ်လျက်ရှိသည့် မျိုးစပါးများကို အချိန်မီရရှိရေး ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# မိုင်းကိုင်မြို့နယ်တွင် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကျင်းပ



**မိုင်းကိုင် ဇွန် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ်တွင် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၈ နာရီက လွယ်ပူတောက်ကျေးရွာတွင် ပြုလုပ်သည်။

ရှေးဦးစွာ တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသော ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများကို ပျိုးပင်များ ပေးအပ်ကြသည်။

ထို့နောက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြပြီး ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ အင်အား ၃၀၀ ကျော် တက်ရောက်ကြပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ရာသီဥတုညီညွတ်မျှတစေရန်၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ သစ်တောသစ်ပင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်ရည်ရွယ်၍ ဒေသနှင့်ကိုက်ညီသော ကျွန်း၊ မဲဇလီ၊ ရေသင်းဝင်ပျိုးပင် ၆၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း မိုင်းကိုင်မြို့နယ် သစ်တောဦးစီးဌာနမှ သိရသည်။ **ကျော်ဇောဦး(မောရှမ်းမြေ)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အပျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မုံရွာမြို့နယ် ကံကြီးကျေးရွာနှင့် ခန္တီးမြို့နယ် မုန်ပင်ကျေးရွာတို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကံကြီးကျေးရွာရှိ ဒေသခံပြည်သူများကို ကျေးရွာဘုန်းတော်ကြီးကျောင်း၌လည်းကောင်း၊ ခန္တီးမြို့နယ် မုန်ပင်ကျေးရွာရှိ ဒေသခံပြည်သူများကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ လည်းကောင်း ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် သွေးတိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရိုးနှင့်ဆိုင်သောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ၊ အသည်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ မျက်စိရောဂါ၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ဒေသခံပြည်သူ ၁၅၅ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုစဉ်။

# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကိုဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် ဇွန် ၂၅**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ရသေ့တောင်မြို့ မေယုခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှုစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

# ပြင်ဦးလွင်မြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရန် ဂဲလောင်းချောင်းတစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ဂဲလောင်းချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်မှ နယ်မြေခံတပ်မတော်သားများက ပိတ်ဆို့နေသောအမှိုက်များကို ရှင်းလင်းပေးခြင်း၊ သဲနုန်းများ ဆယ်တင်ရှင်းလင်းခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို တပ်နယ်မှ တာဝန်ရှိသူများနှင့် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ ဂဲလောင်းချောင်းတစ်လျှောက်နှင့် အမျိုးသားကန်တော်ကြီးဥယျာဉ်၊ ကန်တော်ကြီး၊ ကန်တော်လေးရေကန်များအတွင်းသို့ ရေဝင်ရောက်မှုနှင့် ရေပိုလွှဲမှ ရေများစီးဆင်းနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဂဲလောင်းချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ

**နေပြည်တော် ဇွန် ၂၅**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် ပလက်ဝမြို့ရှိ နယ်မြေခံတပ်ခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊ စစ်သမီးများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်၊ စစ်သမီးများက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းအဆို၊ အကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာကြည့်ရှုအားပေးကြသည်။ ထိုသို့ သီဆိုကပြဖျော်ဖြေသော စစ်သည်၊ စစ်သမီးများကို နယ်မြေခံတပ်မှ တာဝန်ရှိသူတို့က ဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊ စစ်သမီးများက ကပြသီဆိုဖျော်ဖြေစဉ်။



# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲ ကျင်းပပြုလုပ်



မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၏ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲ ကျင်းပပြုလုပ်စဉ်။

**နေပြည်တော် ဇွန် ၂၅**

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၏ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ရှိ အံတော်ရှင်တောင်တန်း သာသနာပြုဇဟိုကျောင်းတိုက် ဗိမာန်တော်၌ပြုလုပ်ရာ မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကေတုမာလအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်မျိုးဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ထို့နောက် ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက အံတော်ရှင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအဂ္ဂဇဋထံမှ အနုမောဒနာဂါထာတော်ကို နာယူကြည်ညိုကြပြီး သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၀၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၂၅**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်မှ ဇူလိုင် ၂ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၀၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပါသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay နှင့် OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်မြမြဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသား သဘာဝဘေး အန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ်(၇)ရပ်ကွက်နေ ရွှေရည်ဝင်း၊ အမှတ်(၁၁)ရပ်ကွက်နေ လှဝင်းသိန်းနှင့် အမှတ်(၃)ရပ်ကွက်နေ ဝင်းနိုင်ဦးတို့သည် ၎င်းတို့အသုံးပြုသည့် "Shwe Yee Win" Facebook အကောင့်၊ "Hla Win Thein" Facebook အကောင့်နှင့် "Win Naing Oo" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အနန်းပင်ရပ်ကွက်နေ ညီညီလွင်(ခ)ညိုကြီးသည် ၎င်းအသုံးပြုသည့် "Nyo Gyi" Facebook အကောင့်တို့ဖြင့် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

☆ **ကျောဖုံးမှအဆက်**

ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရရှိခဲ့သည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းမျိုးစုံလုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ တစ်ဖွဲ့သည် စစ်ကိုင်းမြို့နယ် ကင်းတော်ကျေးရွာအနီး လက်နက်၊ ခဲယမ်းများနှင့်အတူ ခိုအောင်းနေကြောင်း သတင်းအရ တပ်မတော်စစ်ကြောင်းများက သွားရောက်၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်စဉ် PDF အမည်ခံအကြမ်းဖက်သမားများ၏ ယာယီစခန်းတစ်ခုကိုတွေ့ရှိခဲ့သဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သမားများထံမှ စနိုက်ပါသေနတ် တစ်လက်အပါအဝင် လက်နက်မျိုးစုံ ၁၅ လက်၊ ၁၀၇ မမဒုံးသီး နှစ်လုံးအပါအဝင် ခဲယမ်း၊ ဗုံးသီးများ၊ ကျည်မျိုးစုံ ၅၀၀၉ တောင့်နှင့် အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဆက်စပ်သတင်းများအရ PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် စစ်ကိုင်းမြို့နယ် ဥယျာဉ်ကျေးရွာနှင့် လက်ပံတောကျေးရွာများအနီး လက်နက်၊ ခဲယမ်းများနှင့်အတူ ရောက်ရှိခိုအောင်းနေကြောင်းသတင်းအရ တပ်မတော်စစ်ကြောင်းများကသွားရောက်၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများထံမှ လက်နက်မျိုးစုံ ၂၇ လက်၊ ခဲယမ်း၊ဗုံးသီးအချို့နှင့်အကြမ်းလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိလက်နက်များနှင့်ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့များအနေဖြင့် အဆိုပါလက်နက်များကကိုင်ဆောင်၍ ဒေသခံပြည်သူများကိုအနိုင်ကျင့်ဗိုလ်ကျခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအပေါ် စိတ်မထင်လျှင်မထင်သလို သတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ရပ်ရွာတည်ငြိမ်အေးချမ်းအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးနိုင်ရန် သတင်းထုတ်ပြန်အပ်ပါသည်။



**ကင်းတော်ကျေးရွာအနီး PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။**





**လက်ပံတောကျေးရွာအနီး PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းများနှင့်ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။**







**ဥယျာဉ်ကျေးရွာအနီး PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။**

❖ **ဝန်ကြီးဌာနပေါင်းစုံမှ**

ညနေပိုင်းတွင် ဒုတိယပွဲစဉ်အဖြစ် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်ကစားကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

စတုတ္ထနေ့အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် ဆရာဆရာမများ၊ကျောင်းသား၊ကျောင်းသူများနှင့် ဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ဇွန် ၂၆ ရက်တွင် နံနက်ပိုင်း၌ အုပ်စု(က)မှ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန(က)အသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့လည်းကောင်း ညနေပိုင်းတွင် အုပ်စု(ခ)မှ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် ၁၄ ဒသမ ၁၅ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)၊ ကက်တမင်းနှင့် ဘိန်းဖြူများဖမ်းဆီးရမိခဲ့ပြီး မြန်မာငွေကျပ် သိန်း ၁၀၀၀၊ ရွှေ ၂ ဒသမ ၅ ပိဿာနှင့် မော်တော်ယာဉ် လေးစီးသိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီးတွင် ကရင်ပြည်နယ်သို့ သယ်ဆောင်မည့် ငွေကျပ် ၁၄ ဒသမ ၁၅ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)၊ ကက်တမင်းနှင့် ဘိန်းဖြူများဖမ်းဆီးရမိခဲ့ပြီး မြန်မာငွေကျပ် သိန်း ၁၀၀၀၊ ရွှေ ၂ ဒသမ ၅ ပိဿာနှင့် မော်တော်ယာဉ် လေးစီး သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်သို့ မူးယစ်ဆေးဝါးများ သယ်ဆောင်မည်ဖြစ်ကြောင်း သတင်းအရမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၈ ရက် ညနေ ၄ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မြို့ပတ်လမ်း ထင်းရှူးတောအနီး၌ Canter ခြောက်ဘီးမော်တော်ယာဉ်ကိုရှာဖွေခဲ့ရာ ယာဉ်မောင်း စိုင်းဆိုင်မိုင်း ယာဉ်နောက်လိုက် စိုင်းရှင်းသန့်ဇင်တို့နှင့်အတူ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၁၄ ဒသမ ၁၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ်(မက်သ်အဖက်တမင်း) ၇၀၅ ကီလို၊ ကက်တမင်း တစ်ကီလိုနှင့် မူးယစ်ဆေးဝါး ဘိန်းဖြူ ဂရမ် ၇၀၀ တို့တွေ့ရှိ သိမ်းဆည်းရမိခဲ့ပြီး ဖမ်းမိမူးယစ်ဆေးဝါးများကို ကရင်ပြည်နယ်သို့ ဆက်လက်သယ်ဆောင်ရန်ရောက်ရှိ ပူးပေါင်းဆောင်ရွက်သူများဖြစ်သည့် ရဲနောင်၊ နေလင်းထိုက်နှင့် လန်ဒိုမုန်တို့ သုံးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဇွန် ၁၀ ရက်မွန်းတည့် ၁၂ နာရီတွင် ပြည်ကြီးတံခွန်မြို့နယ် Garden City အိမ်ရာဝင်းတွင်မူးယစ်ဆေးဝါးများသယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ဝင်းကျော်သူ၊ အောင်ဇော်မျိုးတို့ကိုဆက်လက်ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးများသယ်ဆောင်ခိုင်းသူ စိုင်းဖ(ခ)အောင်မင်းခန့်၏နေအိမ်မှမြန်မာငွေကျပ်သိန်း ၁၀၀၀၊ ရွှေ ၂ ဒသမ ၅ ပိဿာ၊ မော်တော်ယာဉ် သုံးစီးထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း၊အမှုတွင် ဆက်စပ်ပါဝင်သူများပိုင်ဆိုင်သည့် ရွှေ၊ ငွေ၊ ယာဉ်၊ နေအိမ်တိုက်ခန်းနှင့် ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ ဆက်လက်အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

0w Kw d @

# အပြုံး

ချစ်မင်း(မြစ်ထား)




(၁)

"အဟွတ် အဟွတ် အဟွတ်"

အမေ ချောင်းဆိုးလိုက်တဲ့အချိန် ပါးစပ်ကနေ သွေးစလေးတွေ ပါလာတယ်။ ကျွန်မရင်တထိတ်ထိတ် ဖြစ်မိပါရဲ့။ အမေ့ကို သေချာကြည့်လိုက်တော့ ပင်ပန်း နွမ်းနယ်နေတဲ့ပုံစံ။ နဖူးမှာလဲ ချွေးစလေးတွေ စီရရီ တွဲခိုလို့နေတယ်။ အဖေပြောစကားကိုသာ အချိန်မီ နားထောင်ခဲ့ရင် အမေ အခုလို အမောဖောက်တဲ့ ရောဂါဝေဒနာကို ခံစားနေရမှာမဟုတ်။

ဒါပေမဲ့ ခေါင်းမာလွန်းတဲ့အမေက သူကြိုက်တဲ့ ဆေးလိပ်ကို တစ်ရက်မပျက်ကွက်ခဲ့ပါဘူး။ အခုတော့ ပန်းနာရင်ကျပ်ရောဂါတဲ့။ ချောင်းဆိုးတာလဲ ခဏ ခဏပါပဲ။

"အ. . . မေ မောလိုက်တာ သမီးရယ်"

နင့်ခနဲ ဖြစ်ရပါတယ်။ ကျွန်မမှာ ပိုက်ဆံ ဖူလုံခဲ့ မယ်ဆိုရင် အမေ့ကို ဆေးရုံကြီးမှာ ကုသပေးချင်ပါရဲ့။ အခုတော့ ကံကြမ္မာက အမေ့ကို အခွင့်အရေးမပေး။

"သမီး"

"ရှင်"

"အဆင်ပြေရဲ့လား အစစအရာရာ"

"ပြေပါတယ်အမေ"

မုသားစကားမပြောချင်ပေမဲ့ ပြောရတော့တယ်။ တကယ်တော့ ဒီလအတွက် အမေ့ဆေးဖိုးနဲ့ အိမ်အသုံးစရိတ်အတွက် ဘေးကျပ်နံကျပ်ဖြစ်နေရတယ်။ အရင်အဆင်ပြေခဲ့တာက အဖေမသေခင် ထားခဲ့တဲ့ ရွှေတို၊ ရွှေစလေးတွေ ထုခွဲ၊ရောင်းချခဲ့လို့။ အခုတော့ ထုခွဲစရာလဲမရှိတော့၊ ရောင်းချစရာလဲ မရှိတော့ချေ။ အင်း မရှိဘူးဆိုမှ တစ်ခုတော့ ရှိသေးတယ်။ ကျွန်မ မထိရက်၊ မရောင်းရက်တဲ့ တစ်ခုတည်း ကျန်ရှိတော့တဲ့ ပစ္စည်းလေးပါပဲ။

(၂)

လှမ်းနေတဲ့ခြေလှမ်းတွေက လေးလံလို့။ သွားနေတဲ့ နေရာရောက်ခါနီးလေလေ တွန့်ဆုတ်၊ တွန့်ဆုတ်ဖြစ်လေလေ။ လမ်းမပေါ်မှာ ဟိုဟိုဒီဒီ ဥဒဟိုသွားလာနေကြတဲ့ ကားတွေ၊ ဆိုင်ကယ်တွေကအများသား။ လမ်းဘေးမှာလဲ လူတွေရှုပ်ထွေးလွန်းပါဘိ။ ရှုပ်ထွေးမှုနဲ့အတူ ကျွန်မစိတ်တွေလဲ လုပ်သင့်၊ မလုပ်သင့်ဆိုတဲ့ ဝေါဟာရနှစ်ခုကြားမှာ ယောက်ယက်ခတ်လို့နေတယ်။ ခြေလှမ်းတွေတောင် တုံ့ခနဲရပ်တန့်သွားလေရဲ့။ အတွေးတွေကတော့ ဒုန်းစိုင်းပြေးလို့။ အရှေ့ကို ပြေးတာတော့မဟုတ်။ အတိတ်ရပ်ဝန်းဆီကို ပြေးသွားတာပါပဲ။

"သမီး"

"ရှင် အဖေ"

"ရော့ သမီးအတွက် မွေးနေ့လက်ဆောင်"

"ဘာလေးလဲအဖေ"

"သိချင်ရင် ဖွင့်ကြည့်လိုက်လေ"

"ဟုတ်ကဲ့အဖေ"

ကျွန်မ လက်ထဲရောက်လာတဲ့ ဘူးအနီလေးကို တယုတယ ဖွင့်လိုက်တယ်။

"အဲ. . . လှလိုက်တာအဖေရယ် ကြည့်ပါအုံး နားကပ်လေးက၊ အဖေက သိပ်ဝယ်တတ်တာပဲ။ သမီး ကြိုက်တယ်အဖေ။ ကျေးဇူးပါအဖေ"

ကရားရေလွှတ်သလို တတွတ်တွတ်ပြောနေတဲ့ ကျွန်မကို အဖေ ပြုံးပြုံးကြီးကြည့်နေတယ်။

"သမီးအတွက် အမှတ်တရလက်ဆောင်က ဈေးကြီးမှာနော်အဖေ"

"ကြီးပါစေသမီးရယ်။ အလုပ်လေးအဆင်ပြေတုန်း ဝယ်ပေးရတာ။ နောက်ဆိုဝယ်ပေးချင်မှ ဝယ်ပေးနိုင်မှာ"

"သမီး အမြတ်တနိုးပန်ပါ့မယ်အဖေ"

အဖေ့စကားတွေက နိမိတ်ဖတ်ခဲ့လေသလားတော့ မသိ။ အဖေ့ဆီကရတဲ့အမှတ်တရပစ္စည်းဆိုလို့ အဲဒီ နားကပ်လေးတစ်ရန်ပါပဲ။ ပထမဆုံးအနေနဲ့ ရတာဆိုလဲဟုတ်တယ်။ နောက်ဆုံးအနေနဲ့ရတာဆိုလဲ ဟုတ်တယ်။ နောက်နှစ်မွေးနေ့မှာ အဖေလဲ ကျွန်မကို ဘာလက်ဆောင်မှမပေးနိုင်တော့ပါဘူး။ ကားမတော်တဆ ထိခိုက်မိပြီး လူ့လောကကြီးထဲကနေ အဖေ ရုတ်တရက် ထွက်ခွာသွားတော့တယ်။ ရွှေတောင်ကြီးပြိုတဲ့အချိန် ကျွန်မ ဝမ်းနည်းလွန်းလို့ ငိုကြွေးတာကို အချိန်အတော်ကြာတဲ့ထိ ဖက်တွယ်ထားခဲ့မိတယ်။ ခေါင်းအုံးနဲ့ မျက်ရည်ဆိုတာလဲ အဆွေခင်ပွန်းတွေကိုဖြစ်လို့။ မျက်ရည်စီးကြောင်းက ခေါင်းအုံးဖြူဖြူမှာအထင်းသား၊ အရှင်းသားဖြစ်နေတော့တယ်။ အခုလဲ မျက်ရည်စတွေက ကျွန်မရဲ့ပါးပြင် ထက်မှာရောက်လာပြန်ပြီ။

အချိန်အကြာကြီးလမ်းဘေးမှာရပ်၊ ပြန်မရတော့တဲ့ အတိတ်ကဖြစ်ရပ်တွေကို တွေးပြီးတမ်းတပူဆွေးနေလို့လဲမဖြစ်သေး။ လတ်တလောလိုအပ်နေတဲ့ ပိုက်ဆံကိုရအောင်စီစဉ်ရအုံးမယ်။

"စဉ်းစားစမ်း နှင်းမြ၊ စဉ်းစားစမ်း၊ အမေ့ဆေးဖိုးနဲ့အိမ်စားစရိတ်အတွက် လိုတဲ့ပိုက်ဆံကို အခြားနည်းလမ်းနဲ့ဘယ်လိုရှာမလဲ။ အလုပ်ရှင်သူဌေးဆီကနေ ချေးငှားရင်ကော မသင့်တော်ပါဘူးဟာ။ ငွေတိုးရှာရင်ကော ဘယ်လိုမှမဖြစ်နိုင်ပါဘူး"

ကျွန်မကို ကျွန်မ အမေးတစ်ခွန်း၊ အဖြေတစ်ခုနဲ့ ချာချာလည်နေခဲ့တယ်။ ရေရာ သေချာတဲ့ အဖြေတော့မရခဲ့။ အဲဒီနောက် ကျွန်မရဲ့ ခြေထောက်တွေကလဲ အလိုက်သိရှာပါတယ်။ ဘယ်ခြေတစ်လှမ်းက ရှေ့ကိုလှမ်းနေပြီ။ အဖော်မွန်ဖြစ်တဲ့ ဘယ်ခြေ လှမ်းတော့ ညာခြေလဲလိုက်ပါရလေပြီ။ အတန်ကြာသွားပြီးတဲ့နောက်မှာတော့ ကျွန်မသွားနေတဲ့နေရာကို ရောက်ခဲ့တော့တယ်။

"အမိန့်ရအပေါင်ဆိုင်"

"အစ်မ ဘာအလိုရှိလဲရှင့်"

ကောင်တာရှိအမျိုးသမီးကမေးနေပြီ။

"ဒီပစ္စည်းလေး ထားချင်လို့ပါ"

"ဟုတ်၊ ရပါတယ်ရှင့်"

အဖေပေးခဲ့တဲ့ အမှတ်တရ နားကပ်လေးကတော့ အပေါင်ဆိုင်မှာကျန်ခဲ့တော့တယ်။ ပြန်ရွေးမယ်လို့တော့ မျှော်လင့်နေမိသေး။ ဒါပေမဲ့ ကျွန်မမျှော်လင့်ချက်က ပါးလွှာလွန်းပါတယ်။ မှုန်မှုန်မှိုင်းမှိုင်း၊ ဝေဝေဝါးဝါး၊ မသဲမကွဲသာဖြစ်လို့နေတော့တယ်။

(၃)

အပေါင်ဆိုင်ကနေ ပြန်လာပြီးနောက် ကျွန်မရဲ့ ခြေလှမ်းတွေဟာ လာတုန်းကလိုမဟုတ်။ သွက်လက်နေတယ်။ ဖျတ်လတ်နေတယ်။ လျင်မြန်နေတယ်။ မြန်မြန်တော့သွားမှဖြစ်မည်။ နားကပ်မပါတဲ့ နားနှစ်ဖက်ကို လူမြင်သွားမှာစိုးထိတ်နေမိတယ်။ စိုးရိမ်နေတဲ့စိတ်ကြောင့် ကျွန်မလဲ ခပ်သွက်သွက်လျှောက်နေမိတာ မပြေးရုံတစ်မည်ပါပဲ။ နေပူရှိန်ကြောင့် ကျွန်မတစ်ကိုယ်လုံးလဲ ချွေးတွေထွက်ကာ အားအင်ကုန်ခန်း၊ ပင်ပန်း၊ နွမ်းနယ်နေတော့တယ်။

ဒီလိုနဲ့ 'ထိပ်ထား'ဆိုတဲ့ ဆိုင်လေးတစ်ဆိုင်ရှေ့ကို ရောက်လာခဲ့တယ်။

"ဒါလေးက ဘယ်လောက်လဲ ညီမ"

"သုံးထောင်ပါအစ်မ"

"ဒီနားကပ်လေး ယူမယ်နော်"

"ထိပ်ထား"ဆိုင်ကနေ နားကပ်အတုလေးတစ်ရံကို ခပ်မြန်မြန်ဝယ်ပြီး ခပ်သွက်သွက်ပဲ ပန်ဆင်လိုက်တယ်။ အတုလား၊ အစစ်လားဆိုတာ ဘယ်သူကမှ စပ်စပ်စုစု မေးမြန်းနေလိမ့်မယ်လို့တော့ မထင်။

(၄)

နေအပူရှိန်က အရင်နေ့တွေထက် ပိုပိုများလာတယ်။ နေပူလွန်းလို့ထင်ပါရဲ့။ လမ်းပေါ်မှာလဲ လူအသွားအလာ ကျဲပါးလို့နေတယ်။ ဆိုင်ထဲကိုလဲ ဈေးလာဝယ်သူက မနက်ခင်းတုန်းကလောက် မများ။ ဒီလိုဆိတ်ငြိမ်နေတာက ကျွန်မကို အားငယ်စိတ်၊ သိမ်ငယ်စိတ်၊ ဝမ်းနည်းစိတ် တွေ ဖြစ်စေရော့လားမသိပါဘူး။

ကျွန်မအလုပ်က အဝတ်အစားရောင်းတဲ့ စတိုးဆိုင်ကြီးမှာ အရောင်းစာရေးမဆိုတော့ကား စာရေးမတစ်ယောက်အနေနဲ့ သင့်တင့်တဲ့ဝတ်စားဆင်ယင်မှု၊ အသုံးအဆောင်ပစ္စည်းတချို့တော့ ဆင်ယင်ထားသင့်တယ်မဟုတ်လား။ အဝတ်အစားက ကျွန်မအတွက် ပြဿနာမရှိခဲ့ပါဘူး။ လစာထုတ်ပြီးတိုင်း တစ်ထည်လောက်တော့ ဝယ်ဖြစ်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ဝယ်တောင်မဝယ်ဖြစ်ခဲ့။ ထားပါ။ မိန်းမသား တစ်ယောက်အတွက် သင့်တင့်တဲ့ အဝတ်အစားတော့ ကျွန်မမှာ ဖူလုံမှုရှိခဲ့ပါတယ်။ အတွေးများနေရင်းက နားမှာ ပန်ဆင်ထားတဲ့ နားကပ်ကို ပွတ်သပ်မိပြီး အပြုံးပန်းလေးတစ်ပွင့် ခြွေချမိတယ်။ အပြုံးက ရှက်ပြုံးလား၊ ကျေနပ်မိတဲ့ အပြုံးလား။ ကျွန်မကိုယ်တိုင်ရဲ့ အသိစိတ်မှာပင် မြူဆိုင်းနေသလို မှုန်ရီဝိုးတဝါး ဖြစ်နေတယ်။ အမြင်တင့်တယ်အောင်လို့သာ နားမှာ ပန်ဆင်ထားပါတယ်။ စိတ်က လုံခြုံမှုရှိသလို၊ မရှိသလိုနဲ့ တစ်စုံတစ်ယောက်က အနားလာပြီး လှောင်ပြောင်နေသလိုမျိုး။

"ဖြစ်သင့်လို့ လုပ်ခဲ့ပြီးပြီပဲ၊ ဘယ်သူသိမှာကျလို့"

တစ်ကိုယ်တည်း ရေရွတ်ရင်း ဘေးဘီဝဲယာကိုလဲ မျက်လုံးကစားမိတယ်။ တော်ပါသေး ဘယ်သူမှ မရှိလို့။

(၅)

အလုပ်သွားခါနီး လုပ်နေကျအကျင့်အတိုင်း အမေ့အခန်းထဲဝင်ပြီး အမေ့ကိုနှုတ်ဆက်လိုက်တယ်။ အမေကလဲ ဂရုတစိုက်သွားလာဖို့ မှာနေကျ။ အခုတော့ အမေက ကျွန်မရဲ့လက်ကလေးကိုဖွဖွလေး ကိုင်ဆွဲပြီး

"ခဏထိုင်ပါအုံး သမီး"

"ဟုတ်ကဲ့အမေ"

"သမီးလဲ အမေ့ရဲ့ဆေးဖိုးအတွက်ပူရ၊ အလုပ်လုပ်ရနဲ့ စိတ်ပန်း၊ လူပန်းဖြစ်ရောပေါ့"

"မပင်ပန်းပါဘူးအမေရယ်"

"အမေ့အခြေအနေကို အမေသိတယ် သမီး၊ အမေကြာကြာမနေရလောက်တော့ဘူး၊ စိတ်တွေလဲလေးနေတယ်"

"အမေ အဲလိုကြီးမပြောပါနဲ့၊ အမေနေရအုံးမှာပါ"

ချက်ချင်းဆိုသလို အမေ့မျက်ဝန်းမှာ မျက်ရည်စတွေ ဝဲလာတယ်။ နှုတ်ခမ်းကလဲတဆတ်ဆတ်တုန်လို့။

အမေ့ရဲ့ တဆတ်ဆတ်တုန်နေတဲ့ နှုတ်ခမ်းက ကျွန်မ မထင်မှတ်တဲ့ မေးခွန်းကို မေးလိုက်တယ်။

"သမီးရဲ့ နားကပ်ကို ရောင်းလိုက်တာလား၊ သမီးနားက နားကပ်က သမီးအဖေပေးခဲ့တဲ့ဟာ မဟုတ်မှန်း အမေသိတယ်၊ အတုကြီးမလား"

တစ်အိမ်တည်းအတူတူအကြာကြီး နေလာတဲ့ အမေ ရိပ်မိသွားတယ်ထင်တယ်။ ကျွန်မလဲအမေ့ကို မလိမ်ချင်၊ မညာချင်ပါ။

"ရှိတန်ဆာ၊ မရှိဝမ်းစာပေါ့ အမေရယ်"

"အမေ့သမီးလေး မျက်နှာငယ်နေမှာပေါ့၊ အဟင့်ဟင့်"

တရှုပ်ရှုပ်နှင့် အမေငိုတော့တယ်။

စာမျက်နှာ ၂၅ သို့ ➤

# သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးပံ့ပိုးမှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်



**ရန်ကုန် ဇွန် ၂၅**

ဆန်စပါးဈေးကွက် တည်ငြိမ်မှန်ကန်စွာဖွံ့ဖြိုးတိုးတက်ရေး၊ သင့်တင့်မျှတတည်ငြိမ်သော ဆန်ဈေးကွက်နှင့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေးအတွက် သိုလှောင်ရုံကုန်အပ်လက်မှတ်ကိုအခြေပြုသည့် ငွေကြေးပံ့ပိုးမှုစနစ် (Warehouse Receipt Financing System) ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာန၏ သတင်းများအရ သိရသည်။

သိုလှောင်ခြင်းကဏ္ဍနှင့် ပတ်သက်ပြီး ဆန်စပါးကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေလိုအပ်သည့် သိုလှောင်ရုံနှင့် ကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးပံ့ပိုးမှုစနစ် မူဘောင်ရှိပြီး အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို ဖော်ထုတ်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါသိုလှောင်ရုံ ကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးပံ့ပိုးမှုစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက လုပ်ကွက်ငယ် တောင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် အဆိုပါစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက အဓိကအကျိုးအမြတ်ရရှိမည့်သူများမှာ တောင်သူများပင် ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါစနစ်ကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ကလည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစနစ်ကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့်သက်ဆိုင်ရာ ဌာန၊ အသင်းအဖွဲ့များပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၃၃၆)

# တောင်သာမြို့နယ် ရထားကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရထားကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ဇွန် ၂၄ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ဈေးဦးစွာ တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်နေ လူမှုအဆင့်အတန်းကွာဟမှုကို လျော့ချနိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ပေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ရန်ပုံငွေလေလွင့်မှုမရှိစေရေးနှင့် ကျေးလက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံတို့က ကျေးရွာမြစိမ်းရောင်ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ရထားကုန်းကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၉၀ အား ငွေကျပ် ၄၀၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်း ထံမှ သိရသည်။

**သက်မာ**



➤ စာမျက်နှာ ၂၄ မှအဆက်

"အမေ မငိုပါနဲ့၊ အမေငိုနေတာမြင်တော့ သမီး မခံစားနိုင်လို့ပါ"

"အမေ့သမီးလေး ရှေ့ဆက် ဒုက္ခတွေမခံစားရတော့ပါဘူးကွယ်၊ မော. . . မောလိုက်တာ"

"နားလိုက်ပါအမေ၊ နော်အမေ"

"ဟင့်အင်း၊ ဒီနေ့ဘာဖြစ်တယ်မသိဘူး၊ သမီးကိုစကားတွေ အများကြီးပြောချင်နေတယ်၊ ခေါင်းတွေလဲမူးတူး မူးတူးနဲ့ သမီးရယ်"

"ဟင်"

ရုတ်ချည်းမူးဝေလာတဲ့ အမေ့စကားကြောင့် ကျွန်မ အထိတ်တလန့်ဖြစ်မိတယ်။

"အမေ အမေ သတိထားပါနော်"

အမေက ဘာမှပြန်မပြောတော့ဘဲ မျက်လုံးလေးမှိတ်ထားတော့တယ်။ မျက်ရည်စတွေလဲစီးကျနေတယ်။ အမေ့ရဲ့ နေဝင်ချိန်ကို ရောက်ခဲ့ပြီလား။ အမေ့ကိုသေချာကြည့်လိုက်ပြန်တော့ ပါးစပ်လေးက ဟစိ၊ ဟစိ။ ရင်ဘတ်ကလဲ နိမ့်ချည်၊ မြင့်ချည်နဲ့ ဖိုထိုးနေသလို။ သိပ်မကြာလိုက်ပါ။ အမေ လောကကြီးထဲကနေ ကျောခိုင်းထွက်ခွာသွားတော့တယ်။

ကျွန်မ အံကိုတင်းတင်းကြိတ်ထားမိတယ်။ မျက်ရည်တွေက အတားအဆီးမရှိ စီးဆင်းလာပေမဲ့ ကျွန်မ အော်မငိုမိ။ ငိုလဲမငိုချင်။ ကျွန်မ အမေ့ကို အတတ်နိုင်ဆုံး မေတ္တာထားပြီး ဂရုတစိုက်ပြုစုစောင့်ရှောက်ပေးခဲ့ပြီးပြီပဲလေ။ သမီးတစ်ယောက်ရဲ့ဝတ္တရားကို စွမ်းသလောက် ထမ်းခဲ့ပြီးပြီပဲ။ ကျလာတဲ့မျက်ရည်တွေကို ခပ်ကြမ်းကြမ်းသုတ်လိုက်တယ်။ ပြီးတော့ အမေ့မျက်နှာကိုတစ်ဝကြီး ကြည့်နေလိုက်တယ်။

ကြည့်နေရင်း နားတောင်းအတုလေးကို နောက်တစ်ကြိမ်ပွတ်သပ်မိပြန်တယ်။ ဒီတစ်ကြိမ်မှာလဲ ကျွန်မပြုံးမိပြန်တယ်။ ဒီတစ်ခါမှာတော့ ကျွန်မ စိတ်တွေက ဝေဝါးခြင်းမရှိ။ ပြုံးမိတဲ့အပြုံးရဲ့ အဓိပ္ပာယ်ကို ပြတ်ပြတ်သားသားသိလိုက်တယ်။ အမေ့ကျေးဇူးကို ဆပ်ခွင့်ရလိုက်လို့ ကျေနပ်မိတဲ့ သမီးတစ်ယောက်ရဲ့အပြုံး။ ဂုဏ်ယူမိတဲ့အပြုံး။ ပီတိအပြုံး။ ဒါပေမဲ့

ဝမ်းနည်းနေတဲ့ကြားက ပြုံးရတာဆိုတော့ အပြုံးက သက်ဝင် ပီပြင်ခြင်းတော့ ရှိလိမ့်မယ်မထင်လို့ တွေးလိုက်မိပါတော့တယ်။

# မိုးအချိန်ခါ တို့လယ်ယာ

\- မြောက်လေရယ်ယိမ်း ဂျုံးဂျိမ်းသံမြည်
ဖားငယ်ပုရစ် ဖွင့်လှစ်သံဝေစည်
တက်ညီလက်ညီ သွားမည်လယ်ထဲ
စပါး၊ နှမ်း၊ ဂျုံ၊ ပဲမျိုးစုံ
သင်းထုံမိုးပြေး ရစ်ဝဲသည်တည့်လေး။

\- မိုးရေစိုရွှဲ အားခဲတောင်သူ
မနေမနား လုပ်အားရယ်ညီတူ
သဘောလည်းဖြူ ဟန်မူယာကင်း
ထဘီတိုတို အလှပို
မေပျိုတစ်သိုက် ပွင့်လင်းသည်တည့်လေး။

\- တို့မြန်ပြည်တွင်း သန့်ရှင်းထည်ဝါ
စိတ်သဘောထား ဝင့်ကြွားလှပေတာ
ဝသန်ချိန်ခါ လယ်ယာတစ်လျှောက်
စိုက်ပျိုးဝေစည် မိုးပန်းချီ
နွားညီနောင်နှင့် ကူထောက်သည်တည့်လေး။

\- နေညိုချိန်ရောက် ဖြိုးမောက်ချိန်တန်
လျှပ်ငယ်လက်ဝင်း ဖော်သင်းတို့အိမ်ပြန်
ရိုးနံ့ဘေးထံ ပွင့်အုံကာထူး
ကန်စွန်းရယ်ဝေ လယ်ပတူတွေ
ညနေစာအတွက် ဆွတ်ခူးသည်တည့်လေး။

\- ပြုံးပျော်ရွှင်မြူး ရည်စူးသဒ္ဒါပို
အလှူအတန်း ဆင်မြန်းစေရန်ကို
မိုးစက်ရယ်စို ကုသိုလ်စိတ်လွှမ်း
စိုက်ပျိုးရှန်းကန် ဇွဲထက်သန်
အားမာန်စိတ်ဖြင့် ကြိုးပမ်းသည်တည့်လေး။

\- လျှပ်ပန်းဝေဆာ မြေကမ္ဘာမိုးနံ့သင်းတော့သည်။
\- လက်ကမ်းစေတနာ ရွှေပမာဖြိုးသန့်ရှင်းဖို့ရည်။

**မောင်ကြည်လင်(ရွှေကြိုးကြာ)**

# ကဝမြို့နယ် လက်ပံခါးရှည်ကျေးရွာ၌ မြေသားရေကန်ပြုပြင်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကဝ ဇွန် ၂၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံခါးရှည်ကျေးရွာ၌ မြေသားရေကန်တိုးချဲ့ပြုပြင် မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ လက်ပံခါးရှည်ကျေးရွာ၌ မြေသားရေကန်တိုးချဲ့ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့စေရန် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

လက်ပံခါးရှည်ကျေးရွာ၌ မြေသားရေကန် အလျား ၂၂၆ ပေ၊ အနံပေ ၃၀၊ အနက် ခြောက်ပေ တိုးချဲ့တူးဖော်ခြင်းလုပ်ငန်း၊ မြေသားရေကန် အလျားပေ ၁၇၀၊ အနံ ၂၅ ပေ၊ အနက် ခြောက်ပေ တိုးချဲ့တူးဖော်ခြင်းလုပ်ငန်းနှင့် မြေသားရေကန် အလျား ၁၈၄ ပေ၊ အနံ ၁၈၄ ပေ၊ အနက် လေးပေ မွမ်းမံခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် သိန်း ၁၄၀ ဖြင့် ကျေးလက်နေ ပြည်သူများကိုယ်တိုင် မေလ ဒုတိယပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သုတ**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုများ ပပျောက်စေရေး

ပေါက်ပေါက်

၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်သည် ၃၆ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (International Day Against Drug Abuse and Illicit Trafficking) ဖြစ်သည်။ ဇွန် ၂၆ ရက်နေ့ကို သတ်မှတ်ရသည့် သမိုင်းကြောင်းရှိသည်။ တရုတ်နိုင်ငံတွင် ပထမဘိန်းစစ်ပွဲဖြစ်ခါနီး ၁၈၃၉ ခုနှစ်တွင် ဥရောပတိုက်သားများဖြစ်ကြသော ပေါ်တူဂီ၊ စပိန်နှင့် ဒတ်ချ်ကုန်သည်များက တရုတ်နိုင်ငံကို ဘိန်းများရောင်းချရန်အတွက် ဂွမ်ဒုန်းပြည်နယ် ဟူမင်းမြို့သို့ ရောက်လာကြသည်။ ထိုအခါ ဖူးကျန့်ပြည်နယ်အုပ်ချုပ်ရေးမှူး Li Zexu ဆိုသူက ဇွန် ၂၆ ရက်တွင် ဟူမင်းသို့ အချိန်မီသွားရောက်ပြီး ဥရောပဘိန်းကုန်သည်များ သယ်လာသည့် ဘိန်းများကိုသိမ်းဆည်းမီးရှို့ဖျက်ဆီးသည်။ ထိုသို့ ဘိန်းများမီးရှို့ဖျက်ဆီးခဲ့သော ဇွန် ၂၆ ရက်ကို နှောင်းလူတို့ အမြဲတမ်းအောက်မေ့သတိရကြစေရန်ရည်ရွယ်၍ သြစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ၁၉၈၇ ခုနှစ် ဇွန်လအတွင်း ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန် ၂၆ ရက်ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (International Day Against Drug Abuse and Illicit Trafficking) အဖြစ် အထူးတလည် သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။

**မူးယစ်ဆေးဝါး**

မူးယစ်ဆေးဝါးသည် လူသားများ၏ ဆင်ခြင်တုံတရားများ၊ ကာယအား၊ ဉာဏအား၊ လူစွမ်းအားအရင်းအမြစ်အားလုံးကို အန္တရာယ်အပေးနိုင်ဆုံးပစ္စည်းဖြစ်သည်။ တစ်နည်းဆိုသော် လူ့ဘဝတိုးတက်မှုအရာမှန်သမျှကို ဟိုးအောက်ဆုံးထိ နိမ့်ကျစေသော အန္တရာယ်ပေးနိုင်သည့်ပစ္စည်းဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးမသုံးစွဲကြရေး ဥပဒေအသီးသီးပြဋ္ဌာန်းပြီး အရေးယူလျက်ရှိသည်။ မိမိတို့မြန်မာနိုင်ငံတွင်လည်း ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်က ဥပဒေသစ်ပြဋ္ဌာန်းပြီး စီမံချက်သုံးရပ်ချမှတ်ခဲ့သည်။ အဆိုပါစီမံချက်ပါအကြောင်းအရာများမှာ (၁) ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရေး၊ (၂) မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးနှင့် (၃) မူးယစ်ဆေးဝါးရောင်းဝယ်မှု ပပျောက်ရေးတို့ဖြစ်ကြပြီး ၎င်းစီမံချက်များနှင့်အညီ နိုင်ငံတော်က အချိန်အဟုန်မြှင့်ဆောင်ရွက်နေသည်။

နှစ်စဉ် ဇွန် ၂၆ ရက်ရောက်တိုင်း မြန်မာနိုင်ငံ၌ တစ်နှစ်တာအတွင်း ဖမ်းဆီးရမိသောဘိန်းဖြူ၊ စိတ်ကြွဆေးပြား၊ အိုက်စ်၊ ဆေးခြောက် စသည့် မူးယစ်ဆေးဝါးများနှင့်အတူ ၎င်းမူးယစ်ဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ မီးရှို့ဖျက်ဆီးလေ့ရှိသည်။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ စတင်မဖြစ်ပွားမီ ၂၀၁၉ ခုနှစ် ထုတ်ပြန်ချက်သတင်းများအရ ကမ္ဘာ့လူဦးရေသန်းပေါင်း ၂၀၀ ကျော်သည် မူးယစ်ဆေးသုံးစွဲလျက်ရှိကြောင်း သိရသည်။ မူးယစ်ဆေးသည် တစ်ကြိမ်သုံးမိရုံမျှဖြင့် စွဲလမ်းသွားကာ ဖြတ်ရန်လွန်စွာခက်ခဲသည်။ အိမ်တစ်အိမ် သို့မဟုတ် မိသားစုတစ်စုတွင် မူးယစ်ဆေးစွဲသူတစ်ဦးရှိနေလျှင် တစ်မိသားစုလုံး စိတ်ဆင်းရဲရသည့်အပြင် စီးပွားရေးနာလန်မထူနိုင်တော့ဘဲ ချွတ်ခြုံကျကြရသည်။

**ဘိန်းဖြူ**

ဘိန်းဖြူသည် မူးယစ်အားလုံးထဲတွင် အပြင်းထန်ဆုံးနှင့်ကြောက်စရာအကောင်းဆုံးဖြစ်သည်။ အက်စစ် ၁၄ မျိုးပါဝင်နေပြီး လူ့ခန္ဓာကိုယ်၏ အမာဆုံးအစိတ်အပိုင်းဖြစ်သော အရိုးများကိုပင်အမှုန့်ဖြစ်စေသည်။ မြန်မာနိုင်ငံတွင် မည်သည့်အချိန်ကစပြီး မူးယစ်ဆေးဝါးရှိနေကြောင်းကို လေ့လာကြည့်ရာ ဘိုးတော်ဘုရား (ဗဒုံမင်း-ကုန်းဘောင်ခေတ် ခြောက်ဆက်မြောက်ဘုရင်) လက်ထက် ၁၇၈၂-၁၈၁၉ ခုနှစ်မှာ တိုင်းတစ်ပါးကုန်သည်များက သင်္ဘောဖြင့်ကုန်ကူးရာမှစပြီး မြန်မာနိုင်ငံအတွင်းသို့ မူးယစ်စေတတ်သောအရာများ ရောက်ရှိလာခဲ့သည်။ "ဘိန်း၊ ဘင်း၊ ကဇော်၊ လျော်စာ၊ အရက် လူကိုဖျက် အရက်ရမည်ကြောက်" ဆိုသည့် ယစ်မျိုးငါးပါးဥပဒေသများထုတ်ပြီး မသုံးစွဲ မသောက်စားကြရန် တားမြစ်ခဲ့သည်။

၁၈၆၂ ခုနှစ် (လွန်ခဲ့သောအနှစ် ၁၆၀ ကျော်)မှာ အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို နယ်ချဲ့လာကြသည်။ လူငယ်များကိုပစ်မှတ်ထားပြီး ဘိန်းအလကားကျွေးသည်။ တရားဝင်ဘိန်းသုံးစွဲခွင့် မှတ်ပုံတင်များထုတ်ပေးသည်။ ဘိန်းရှုခန်းများစွာကိုလည်း တရားဝင်ဖွင့်ပေးသည်။ နယ်ချဲ့တို့၏ ရည်ရွယ်ချက်မှာ နိုင်ငံ့အနာဂတ်လူငယ်များပျက်စီးစေရန်၊ လူငယ်များကိုမျိုးချစ်




စိတ်ဓာတ်ပျက်ပြားစေရန်၊ လူမျိုးသုဉ်းစေရန်၊ မြန်မာနိုင်ငံကို အလွယ်တကူသိမ်းပိုက်နိုင်ရန်တို့အတွက် ပရိယာယ်သုံးပြီး ဘိန်းကျွေးခြင်းဖြစ်သည်။ ထို့ပြင် ငွေအရင်းအနှီးထုတ်ပေးပြီး ဘိန်းပင်များစိုက်ခိုင်းသည်။ ပဲခူးတိုင်း၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ဘိန်းပင်စိုက်ခိုင်းပြီးနောက် ထွက်ရှိသောဘိန်းများကို ပြည်ပသို့ပို့ပြီး ဖြန့်ဖြူးရောင်းချသည်။ နယ်ချဲ့တို့က ဤနည်းဖြင့် မြန်မာနိုင်ငံကို ကုပ်သွေးစုပ်ခဲ့ကြသည်။ နိုင်ငံရေး၊ လူမှုရေးသာမက စီးပွားရေးအမြတ်ထုတ်ခဲ့ကြသည်။

မူးယစ်ဆေး၏ သဘောသဘာဝသည် ပစ္စည်းပမာဏနည်းနည်းဖြင့် အမြတ်များများရသော ရောင်းကုန်တစ်မျိုးဖြစ်သည်။ ထို့ကြောင့်ပင် စီးပွားရှာသူများက လက်မလွတ်နိုင်ကြဘဲ တရားမဝင်နည်းလမ်းအမျိုးမျိုးဖြင့် ရောင်းဝယ်နေကြခြင်းဖြစ်သည်။ ၎င်းအကျိုးဆက်အဖြစ် ယနေ့ကမ္ဘာမှာ စိတ်ကိုပြောင်းလဲစေတတ်သော မူးယစ်ဆေးဝါးအမျိုးမျိုး မပျောက်ကွယ်နိုင်ဘဲဖြစ်နေသည်။ ဆေးပညာရှုထောင့်အရ ဘိန်းကတစ်ဆင့် ဥပမာ-မော်ဖင်းကို ဆေးအဖြစ် ထုတ်လုပ်သုံးစွဲသည်။ ဥပမာ-စစ်မြေပြင်တွင် သေနတ်သို့မဟုတ် ဗုံးဆန်ထိသောအခါ လူနာကိုခံစားရသက်သာစေပြီး မိန်းနေစေရန်အတွက် မော်ဖင်းထိုးသွင်းပေးရသည်။ အချို့ကင်ဆာရောဂါနောက်ဆုံးအဆင့် လူနာမှာလည်း လိုအပ်လျှင် မော်ဖင်းထိုးနှံပေးရသည်။ ထို့ကြောင့် ကမ္ဘာ့လူသားများရှိနေသမျှကာလပတ်လုံး ဆေးဝါးကုထုံးအရ အသုံးချရန်အတွက် ရှိနေရမည်ဖြစ်ပေသည်။ သို့သော် အလွဲသုံးနေကြပြီး မူးယစ်ဆေးဝါးများ သုံးစွဲမှု၊ ရောင်းချမှုတို့ဖြင့် မူးယစ်သံသရာဖြစ်နေရာ နိုင်ငံအသီးသီးက ဥပဒေများပြဋ္ဌာန်းပြီး ထိန်းချုပ်နေရခြင်းဖြစ်သည်။

**စိတ်ကြွဆေးပြား**

ဂျပန်နိုင်ငံ၌ ဒုတိယကမ္ဘာစစ်တွင်းကာလ မက်ဒက်ဖီတမင်းဆေးအမှုန့်တစ်မျိုးကို Dr.Nagayoshi Nagai ဆိုသူက ဖော်ထုတ်တွေ့ရှိခဲ့သည်။ ရည်ရွယ်ချက်သည် ပန်းနာရင်ကျပ်ပျောက်ဆေး၊ အဝလွန်တိုက်ဖျက်ဆေး၊ စိတ်ကျရောဂါပျောက်ဆေး၊ ဝမ်းကိုက်ပျောက်ဆေး၊ ဝက်ရူးပြန်ကာကွယ်ဆေး စသည့် ဆေးဝါးများဖော်စပ်ရာတွင် ထည့်သုံးရန်ဖြစ်သည်။ နောက်ပိုင်းမှာ အမှုန့်ကို WY အမ်ဖက်တမင်းဆေးလုံး သို့မဟုတ် ဆေးပြားများအဖြစ် ဖော်စပ်လာကြပြီး စိတ်ကျရောဂါသည်များ သို့မဟုတ် စိတ်ဝေဒနာသည်တချို့ကို စိတ်ဖိစီးမှုပြေပျောက်ရန် စိတ်ကိုမြှင့်တင်သည့်အနေဖြင့် တရားဝင်ဆေးတိုက်ကျွေးသည်။ သို့သော် လိုအပ်သည့် ပမာဏထက် ပိုမကျွေးသင့်ပေ။ မလိုအပ်ဘဲ လုံးဝမကျွေးရ။ Over dose ဖြစ်သွားပါက စိတ်ကြွဆေးမဟုတ်တော့ဘဲ "စိတ်ကြွရူးသွပ်ဆေး" ဖြစ်သွားသည်။ ၎င်းဆေးထဲမှာ Sluphuric Acid, Nitric Acid များလည်း ပါရှိနေကြသည်။ ယနေ့ မြန်မာနိုင်ငံတွင် အထူးသဖြင့် လူငယ်၊ လူရွယ်များသည် အကြောင်းအမျိုးမျိုးကြောင့် တလွဲသုံးမိကြပြီး ဆေးစွဲလာကြသည်။ စိတ်ကြွဆေးပြားအမျိုးမျိုးရှိသည်။ မီးရှို့ပြီးအနံ့ရှူကြသည်။ ဆေးပြားသောက်ကြသည်။ ခန္ဓာကိုယ်ထဲဆေးထိုးသွင်းကြသည်။

တစ်ကြိမ်သုံးမိရုံဖြင့် စိတ်မခိုင်သူများမှာ ဆေးစွဲသွားကြသည်။ ဆေးစွဲအဆင့်မှာ အမြင်၊ အကြားဝေဝါးသွားပြီး မဟုတ်ကိုအဟုတ်ထင်၊ မရှိကိုအရှိထင်ပြီး ရူးသွပ်ခြောက်ခြားမှုဖြစ်ပေါ်စေသည်။ ထိုအခါ ပင်ကိုအသိစိတ်များကွယ်ပျောက်သွားပြီး မိမိကိုယ်ကိုအသက်အန္တရာယ်ပြုနိုင်သလို အတူနေမိသားစုနှင့် ပတ်ဝန်းကျင်ကိုလည်း အသက်အန္တရာယ်ပေးနိုင်သည်။

**ရှောင်ရှားနိုင်သောနည်းလမ်းကောင်းများ**

"မူးယစ်အစ ဆေးလိပ်က"ဖြစ်၍ ဆေးလိပ်၊ ဆေးရွက်ကြီးအမျိုးမျိုးနှင့် ကွမ်းယာတို့ကို အစလုပ်ပြီး မသုံးမိကြရန် အထူးအရေးကြီးသည်။ စိတ်ဓာတ်မခိုင်မာသူ၊ စိတ်မခိုင်သူများက မူးယစ်ဆေးများကို သုံးမိတတ်ကြသည်။ မကောင်းမှန်းသိလျက်နှင့် လက်တည့်စမ်းလိုခြင်း၊ မိမိကိုယ်ကိုအထင်ကြီးခြင်း (ဥပမာ-ငါကတော့ အခြားသူတွေလိုမဟုတ်ဘူး၊ ငါ ဆေးမစွဲနိုင်ဘူး၊ ငါစိတ်ဓာတ်မာတယ်)ဟု တလွဲဆံပင်ကောင်းကာ စမ်းသုံးကြည့်မိတတ်သည်။ တချို့ကမူ "သူငယ်ချင်းကဆွယ်လို့၊ အိမ်ကို အရွဲ့တိုက်ချင်လို့၊ အဖေကရိုက်လို့၊ အမေကဆူလို့"စသည်ဖြင့်အကြောင်းအမျိုးမျိုးပြကာ သုံးကြသည်။ အရင်းစစ်ကြည့်လျှင် စိတ်မခိုင်ခြင်း၊ စိတ်မခိုင်ခြင်းကြောင့် သုံးစွဲခြင်းသာဖြစ်သည်။

ထို့ကြောင့် ယောက်ျားလေးများ အားကစားတစ်ခုခုကို ပုံမှန်လုပ်သင့်သည်။ ကျောင်းစာအပြင် အကျိုးပြုပြင်ပစာများကိုလည်း လေ့လာဖတ်ရှုသင့်သည်။ ဝါသနာတူသူငယ်ချင်းများနှင့် အားကစားလုပ်ခြင်း၊ ရပ်ရွာအကျိုးအတွက် ပရဟိတလုပ်ခြင်း သို့မဟုတ် ဘာသာရေးကိုလည်း မမေ့မလျော့လုပ်ခြင်း၊ မြို့နယ်ပြည်သူ့စာကြည့်တိုက်များတွင် ပိုက်ဆံမပေးရဘဲ စာအုပ်ငှားဖတ်နိုင်ခြင်းတို့ကို လုပ်ဆောင်မည်ဆိုပါက မူးယစ်စိတ်ကြွဆေးများကို ရှောင်ရှားနိုင်ပါလိမ့်မည်။ ဆိုလိုသည်မှာ မူးယစ်ဆေးသုံးသူများက စာကြည့်တိုက်မသွားတတ်ပေ၊ သွားလေ့သွားထမရှိပေ။ အားကစားကိုလည်းမလိုက်စားကြပေ။ ထိုအခါ မိမိနှင့် ဆေးသုံးသူများနှင့် ဆုံစည်းနိုင်စရာအကြောင်း မရှိတော့ပေ။

**မူးယစ်သားကောင်များအတွက် အကြံပြုချက်**

လူဆိုသည်မှာ မှားတတ်သည့်အမျိုးဖြစ်သည် သို့မဟုတ် အမှားမကင်းပေ။ သို့သော် ထိုအမှားကို တစ်သက်တာလုံးထမ်းပိုးထွေးပိုက်ပြီး သယ်သွားစရာမလိုအပ်ပေ။ "မှား၊ မှားမှန်းသိလူတော်ဖြစ်၏၊ မကောင်း၊ မကောင်းမှန်းသိလူကောင်းဖြစ်၏၊ မကောင်းလျက်ပင် ကောင်းသည်ထင် မကောင်းမြဲမကောင်းမည်ပင်" ဆိုသည့် ဆုံးမစကားလေးအတိုင်း မကောင်းသောအရာမှန်သမျှကို ဖြတ်တောက်ပါ။ မည်သူမျှ မွေးကတည်းကဆေးမသုံးတတ်ကြပေ။ မည်သည့်ကျောင်း၊ မည်သည့်စာပေများကလည်း ဆေးသုံးစွဲရန် သင်ပြရိုးထုံးစံအလျဉ်းမရှိပေ။ မိမိအမှားကို မိမိကိုယ်တိုင်ချေဖျက်ရပါမည်။ အမှန်တကယ်ပြတ်ချင်စိတ်လည်းရှိရပါမည်။ မိဘအုပ်ထိန်းသူများကလည်း ပြန်လည်ထူထောင်ရေးပိုင်းတွင် အတတ်နိုင်ဆုံး စိတ်ရှည်ရှည်ဖြင့် ကူညီအားပေးရန်လိုသည်။ ကာယကံရှင်ဘက်ကလည်း မိမိကို မိသားစုများ၊ လူအများယုံကြည်လာအောင် နေပြနိုင်ရမည်။ အဓိကအချက်မှာ မိမိကိုယ်တိုင်က စိတ်ပြတ်သားရန်လိုသည်။ လူ့ဘဝရခဲလှသည်။ လူ့ဘဝ၊ လူဖြစ်ရတုန်းခဏမှာ မူးယစ်သားကောင်ဖြစ်နေမည်ဆိုလျှင် ဘယ်လိုနည်းနှင့်မျှ ကံငါးပါးမလုံတော့ပေ။ တစ်သံသရာလုံးမှောက်တတ်သည်။

မူးယစ်ဆေးဖြတ်ထားပြီးလျှင်လည်း ယခင်က ဆေးသုံးဖော်၊ ဆေးဝယ်ဖူးသူများကို ဝေးဝေးကရှောင်ပါ။ ပြတ်ပြတ်သားသားလမ်းခွဲပါ။ မိမိကိုယ်ကိုတကယ်ချစ်ပါ။ မိသားစုကိုချစ်ပါ။ မိမိအတွက်ကြောင့် မိသားစုကို ဝန်ထုပ်ဝန်ပိုးမဖြစ်ပါစေနှင့်။ မိသားစုအပေါ် တာဝန်သိစိတ်၊ တာဝန်ယူချင်စိတ်ရှိပါ။ အရက်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်း၊ ဆေးလိပ်သောက်သုံးခြင်းကြောင့် နောက်ဆက်တွဲဆိုးကျိုးအဖြစ် ကုသရန်ခက်ခဲသည့် ကင်ဆာရောဂါများဖြစ်လာနိုင်သည်။ အထူးသဖြင့် ခံတွင်းကင်ဆာ၊ အစာရေမျိုကင်ဆာ၊ အသည်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ ကျောက်ကပ်ကင်ဆာများကို ဖြစ်စေသည်။ ထို့ပြင် ခြေပုပ်လက်ပုပ်ရောဂါ၊ မျက်စိရောဂါ၊ ပန်းသေရောဂါဖြစ်တတ်သည်။ ဆေးလိပ်သောက်၍ ထွက်ရှိလာသော နီကိုတင်းအငွေ့က ပတ်ဝန်းကျင်ရှိသူများကို Second Smoker အဖြစ် ဆေးလိပ်ငွေ့အန္တရာယ်ဖြစ်စေသည်။

ယနေ့ခေတ်တွင် ဈေးအပေါဆုံး ဆေးလိပ်ဘူးတစ်ဘူး၏တန်ဖိုးသည် ကြက်ဥအလုံးကြီးကြီးငါးလုံးနှင့်ညီမျှသည်။ ဆေးလိပ်သောက်ခြင်းသည် ကြက်ဥများကို အလဟဿ ပစ်ပေါက်ခဲ့နေခြင်းဖြစ်ကြောင်း ယုံမှားသံသယဖြစ်ဖွယ်မဟုတ်ပါ။ တစ်နည်းဆိုရလျှင် ပိုက်ဆံကိုမီးရှို့နေခြင်းဖြစ်သည်။ ဆေးလိပ်သောက်၊ ကွမ်းစားခြင်းကြောင့် ကုန်ကျစရိတ်ကို မိသားစုနှင့် အတူ အဆာပြေ ကြက်ဥပြုတ်စားကြမည်ဆိုပါက ကျန်းမာရေးအတွက်လည်း အထောက်အကူဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် အကြံပြုပါရစေ။ ယခုကာလ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားနေဆဲတွင် ကွမ်းသွေးများကို တွေ့ကရာနေရာထွေးထုတ်မည်ဆိုပါက အကယ်၍ မိမိမှာ ကိုဗစ်ရောဂါဖြစ်နေမည်ဆိုလျှင် အခြားသူများကို ကွမ်းသွေးတစ်ဆင့် ရောဂါဖြန့်ဝေရာရောက်သည်။ သို့ပါ၍ စိတ်ကိုပြောင်းလဲစေတတ်သော၊ လူကိုဘေးဖြစ်စေတတ်သော၊ လူ့ညွန့်တုံးစေတတ်သော၊ လူမျိုးသုဉ်းစေတတ်သော မူးယစ်ရွယ်ဝင်မှန်သမျှကို ရှောင်ရှားကြပါ၊ ရှောင်ရှားနိုင်ကြပါစေလို့ ဆုတောင်းလိုက်ရပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့်ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝအဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

## မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တစ်ရက်လျှင် ထောပတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၁၀၀၀ ထိ တင်ပို့ရောင်းချနေရ



**မအူပင် ဇွန် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တစ်ရက်လျှင် ထောပတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၁၀၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း မအူပင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ပြီးခဲ့သည့် ဧပြီလနှင့်မေလက တစ်ရက်လျှင် ထောပတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ဇွန် ၁ ရက်မှ ယနေ့ထိ ထောပတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၁၀၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း၊ အဆိုပါထောပတ်ပဲများ တင်ပို့ရောင်းချရမှုများပြားနေခြင်းသည် အခြားဒေသများက ရန်ကုန်ဈေးကွက်သို့တင်ပို့သည့် ထောပတ်ပဲများအဝင်နည်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ပြည်တွင်း၊ ပြည်ပဈေးကွက်မှာ ထောပတ်ပဲတွေ ဝယ်ယူမှုအားကောင်းနေပါတယ်။ ပြည်ပဈေးကွက်ကို ပြန်တင်ပို့နေလို့ ဝယ်ယူမှုအားကောင်းလာတာဖြစ်ပါတယ်။ လက်ကျန်ပဲတောင် သိပ်မရှိတော့ပါဘူး။ အခုလမှာတော့ ဝယ်ယူမှုအားကောင်းလာတဲ့အပြင် ဈေးပါကောင်းလာတယ်။ လက်ရှိ တစ်ရက်ကို ထောပတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၁၀၀၀ ထိ တင်ပို့ရောင်းချနေရတာပါ။ အခု ထောပတ်ပဲကို စိုက်ပျိုးသိုလှောင်ထားတဲ့ကုန်သည်တွေ ဈေးကောင်းရရှိနေပါတယ်။ ထောပတ်ပဲက အရောင်းအဝယ်ကော၊ ဈေးကော အခုထက်ပိုကောင်းလာဖို့ရှိတယ်"ဟု မအူပင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်ကပြောပြသည်။

မအူပင်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ပဲများကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေပြီး ရန်ကုန်ဈေးကွက်မှတစ်ဆင့် ပြည်ပနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ထောပတ်ပဲများကို ပုသိမ်မြို့နယ်၊ ရေကြည်မြို့နယ်၊ ဟင်္သာတမြို့နယ်၊ မအူပင်မြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ဝါးခယ်မမြို့နယ် စသည့်မြို့နယ်များတွင် အများဆုံးစိုက်ပျိုးကြကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## လွိုင်လင်မြို့နယ် ဟွေမုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လွိုင်လင် ဇွန် ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်ရည်ရွယ်၍ ဟွေမုန်းကျေးရွာ၊ ကျူးဟေကျေးရွာနှင့် ကာဖီကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ဟွေမုန်းကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်က ဟွေမုန်းကျေးရွာ၊ ကျူးဟေကျေးရွာနှင့် ကာဖီကျေးရွာတို့ရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။


ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံ ငွေကျပ် ၄၉၆ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဌမအကြိမ်အဖြစ် ဟွေမုန်းကျေးရွာ၊ ကျူးဟေကျေးရွာနှင့် ကာဖီကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ရိုင်**

# စင်ပေါ်ကစာအုပ်များ (၁)

မန်းတင့်မော်




စာပေဝါသနာပါသူတိုင်း စာအုပ်စုဆောင်းလေ့ရှိကြသည်။ စာအုပ်စာပေကို ညေ့ခန်းဆောင်တွင် စာအုပ်စင်ဖြင့် မြတ်နိုးစွာ ခမ်းနားစွာထားလေ့လည်း ရှိသည်။ စာအုပ်စင်တွင် နှစ်သက်သောစာအုပ်များ အစီအရီရှိနေတတ်သည်။ စင်ကို မြန်မာအဘိဓာန်တွင် "စင်"၊ န-တင်ရန်၊ တက်ရန် ခပ်မြင့်မြင့်ပြုလုပ်ထားသော အပြင်အပြန့်"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားရာ စင်သည်မြင့်သောနေရာတွင် ရှိသည်ဟုဆိုလိုသည်။ စာအုပ်များထားရာ စာအုပ်စင်ကို အများသိဖြစ်သကဲ့သို့ စာပေလောကကိုလည်း စာပေစင်မြင့်ဟု တင်စားလေ့ရှိကြသည်။ "စာပေမြင့်မှ လူမျိုးတင့်မည်"ဟူသော စကားလည်းရှိသည်။ ထိုအခါ စာပေစင်မြင့်တွင် အသွင်တင့်တယ်လှသော စာရေးဆရာများ အစဉ်ရှိနေသကဲ့သို့ ထိုဆရာများ ပြုစုခဲ့သော စာအုပ်စာပေများကလည်း ယှဉ်တွဲခံ့ထည်လျက်ရှိပြန်ပါသည်။ စင်ပေါ်က စာအုပ်စာပေများဟုဆိုသော် မှားနိုင်ပါ။ မြန်မာ့စာပေခရီးတွင် စာကောင်းပေမွန်များကို ခေတ်အဆက်ဆက် တွေ့နိုင်ဖတ်ရှုနိုင်ကြပြီလည်းဖြစ်သည်။

စာပေပုံသဏ္ဌာန်အမျိုးမျိုးရှိရာတွင် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ အက်ဆေး၊ ဘာသာပြန်တို့ကို အခြေခံအားဖြင့်တွေ့ရပါမည်။ အက်ဆေးကို စာတမ်း၊ ရသစာတမ်း၊ စာတမ်းငယ်စသည်ဖြင့် အနက်အမျိုးမျိုးပေးလေ့ရှိပြီး မြန်မာစာပေလောကတွင် အမြစ်တွယ်ခဲ့သည်မှာ ကာလကြာခဲ့ပြီဖြစ်သော စာပေအမျိုးအစားတစ်ရပ်လည်းဖြစ်သည်။ ယခင်က လူကြိုက်နည်းခဲ့သော်လည်း ယခုအခါ ရေးသူများသကဲ့သို့ စာဖတ်ပရိသတ်ကြားတွင်လည်း ရေပန်းစားလျက်ရှိနေသည်။

အဆိုပါ အက်ဆေးစာအုပ်များကလည်း များစွာထုတ်ဝေပေါ်ထွက်လာခဲ့သည်။ ၎င်းစာအုပ်များထဲမှ ကနဦးပေါ်ပေါက်ခဲ့သော စာအုပ်တစ်အုပ်ကို တင်ပြလိုပါသည်။ မြန်မာစာပေစင်မြင့်တွင် ထင်ရှားခဲ့သော စာအုပ်တစ်အုပ်ဖြစ်သကဲ့သို့ စာရေးသူ၏စာအုပ်စင်တွင် အမြဲထားရှိ၍ အခါမလပ် အကြိမ်ပေါင်းများစွာဖတ်ခဲ့၊ မှတ်ခဲ့၊ တွေးခဲ့ရသော စာအုပ်လည်းဖြစ်သည်။ ထိုစာအုပ်မှာ အခြားမဟုတ်။ ပုဂံစာအုပ်တိုက်က ထုတ်ဝေသော "ကံ့ကော်မြိုင်စာတန်း(မူရင်းသတ်ပုံ)"စာအုပ်ဖြစ်ပါသည်။

မြန်မာစာအုပ်လောကတွင် ပုဂံစာအုပ်တိုက်ဟုဆိုလိုက်လျှင် စာသမားတိုင်းသိရှိကြသည်။ စာအုပ်အပြင်အဆင်ကောင်းမွန်သည်။ အဖုံးလှပသေသပ်သည်။ စာကျ၊ စာန အပိုအလိုမရှိ။ အမှားပြင်ဆင်ချက်နည်းပါးသည်။ တန်ဖိုးသင့်သည်။ သူ့ခေတ်သူ့အခါက အကောင်းဆုံးဟုဆိုနိုင်သည်။ စာရေးဆရာများ ထိတ်ထိတ်ကြဲများ၏ စာအုပ်ပေါင်းများစွာ ထုတ်ဝေခဲ့သော စာအုပ်တိုက်ကြီးဖြစ်သည်။ ပုဂံနှစ်ပတ်လည် အထူးထုတ်စာအုပ်ကြီးများနှင့် ဆရာမြသန်းတင့် ဘာသာပြန်သော "စစ်နှင့်ငြိမ်းချမ်းရေး" စာအုပ်(ဆယ့်နှစ်တွဲ)များကို မျှော်လင့်စောင့်စားဝယ်ယူဖတ်ရှုခဲ့ကြရပါသေးသည်။

ပုဂံတိုက်ထုတ် စာအုပ်ပေါင်းများစွာကလည်း အမျိုးသားစာပေဆု အမျိုးအစားစုံလင်စွာ ချီးမြှင့်ခံခဲ့ရခြင်းကလည်း မှတ်တိုင်ပေါင်းများစွာစိုက်ထူနိုင်ခဲ့ပါသည်။ ယခုတင်ပြမည့် ကံ့ကော်မြိုင်စာတန်းစာအုပ်ကလည်း ပုဂံစာအုပ်တိုက် (ယခင်)က သုံးကြိမ်တိုင်ရိုက်နှိပ်ခဲ့ရပြီး ယခု ပုဂံစာအုပ်တိုက်(အသစ်)မှ တစ်ကြိမ်နှင့် အခြားစာအုပ်တိုက်တစ်ခုမှ တစ်ကြိမ် စုစုပေါင်း ငါးကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ရသော စာအုပ်ဖြစ်ကြောင်း မှတ်သားမိသည်။

စာရေးသူ လက်ဝယ်ရှိစာအုပ်မှာ ၁၉၆၅ ခုနှစ် ဇူလိုင်လ ၁ ရက် ရက်စွဲပါ ဒုတိယအကြိမ် ပြင်ဆင်ပုံနှိပ်ထုတ်ဝေသော စာအုပ်ဖြစ်သည်။ ဆရာဇော်ဂျီ၏ မိတ်ဆက်အမှာစာဖြင့် ဖွင့်သည်။ ဆရာဇော်ဂျီ၊ မင်းသုဝဏ်၊ နွယ်စိုး၊ တိုက်စိုး၊ မင်းယုဝေ၊ အောင်သင်း၊ တက္ကသိုလ်ဝင်းမွန်၊ မောင်ဇော်၊ တင်မိုးနှင့် မောင်ဖေသန်းတို့ ပါဝင်ရေးသားကြသော စာမူပေါင်း ၂၆ ပုဒ်ပါရှိသည်။ စာအုပ်အဖွင့်တွင် "သမရိုးကျဖြစ်သော စာစီစာကုံးရေးထုံး၊ သမရိုးကျဖြစ်သော အက်ဆေးရေးထုံး၊ သမရိုးကျဖြစ်သော ဆောင်းပါးရေးထုံးတို့မှ လမ်းခွဲ၍ ရသပါသော၊ ရသမြောက်သော၊ ရသသဘောသက်ဝင်သော စာစီစာကုံး၊ အက်ဆေးနှင့် ဆောင်းပါးရေးထုံးတို့အတွက် ဤစာအုပ်ဖြင့် 'ကဏ္ဍသစ်တရပ်'ဖွင့်သည်"ဟု ဖော်ပြပါရှိသည်။ ဖော်ပြချက်မှန်ကန်ကြောင်း စာမူတိုင်းက သက်သေခံလျက်ရှိသည်။

ဆရာဇော်ဂျီ၏စာတန်း သုံးပုဒ်ပါဝင်ရာ "နွှေဦးကျက်သရေ"ကို ဦးစွာဖော်ပြသည်။ နွှေဦးနှင့်အတူ ပေါ်ပေါက်လာသော ရေချမ်းစင်များအကြောင်း၊ ရေကုသိုလ်ပြုသူများအကြောင်းနှင့် မြန်မာ့ရိုးရာနွားလှည်းပွဲအကြောင်းများကို အချိတ်အဆက်မိမိ ရေးသားထားပါသည်။ ဒုတိယစာတန်းဖြစ်သော "ကဗျာဝိုင်း စာဝိုင်းနှင့်ကျွန်တော်"အမည်ရှိစာတန်းတွင် လက်ဖက်ရည်ဝိုင်းမှ ကဗျာဝိုင်း စာဝိုင်းသို့ ကူးပြောင်းပုံ၊ လက်ဖက်ရည်ဝိုင်း၏ အနှစ်သာရကို လှလှပပတန်ဆာဆင်ပြသည်။ စာဖတ်သူအတွက် အတွေးများစွာ တွေးဆလာစေနိုင်သည်။ "စာပေနတ်ဖမ်းစားခြင်းကို တကယ်ခံရသူသည် စာရူးဖြစ်တတ်သည်"ဟူသော စာသားလေးက စာပေကိုအရူးအမူးစွဲလမ်းသူအတွက် ကွက်တိကျနေပေတော့သည်။ တတိယနှင့် နောက်ဆုံးတစ်ပုဒ်အဖြစ် "ပုဂံမြို့ဟောင်းနှင့်ကျွန်တော်"တွင် ပုဂံ၏လှပပုံ၊ ကြီးကျယ်ခမ်းနားခဲ့ပုံတို့ကို တင်ဆက်ထားပါ၏။ ပုဂံခေတ်၊ အင်းဝခေတ်တို့၏သမိုင်းကို ဆိုင်ရာဆိုင်ရာနေရာများတွင် တို့ထိထားသေးသည်။ ပုဂံသားတို့၏ အံ့မခန်းစွမ်းပကားကို ခွန်အားဖြစ်လာရန် တွန်းအားပေးသည်။ ပန်းဆယ်မျိုးတို့ ပွင့်လန်းခဲ့ပုံကိုလည်း စာပန်းချီခြယ်ပြပါသေးသည်။ နှိုင်းယှဉ်ချက်တစ်ရပ်အနေဖြင့် "စင်စစ်ရွှေတိဂုံသည် ဗိသုကာပညာတွင် အယဉ်အနုသဘောဖြင့် သပ္ပာယ်၍ ရွှေစည်းခုံသည် အခန့်အသန့်သဘောဖြင့် သပ္ပာယ်သည်"ဟု မဆိုကောင်း၊ ဆိုကောင်း ဆိုလိုက်ချင်ပါတော့သည်ဟူ၍ ဆရာ့အမြင် ဆရာ့အတွေးကို မျှဝေထားပါသည်။

ဆရာမင်းသုဝဏ်၏ စာတန်းများကို "အိုးစည်သံ"စာတမ်းက အစပြုပါ၏။ မြန်မာ့ပွဲလမ်းများတွင် မပါမပြီးအိုးစည်ဝိုင်းကို ဆရာကရွှင်ရွှင်သွက်သွက် မြင်ယောင်ကြားယောင်လာအောင် ရေးပြပါသည်။ "ညိုသောအသားရောင်သည် မြန်မာတို့၏အမျိုးသားအရောင်ဖြစ်သကဲ့သို့ အိုးစည်သံသည်လည်း မြန်မာတို့၏ အမျိုးသားတူရိယာသံ ဖြစ်လေသည်"ဟူ၍ ဆရာကမှတ်ချက်ပြုသည်။ "အလွမ်းရယ်တဲ့ ၁၂ ထွေ" အမည်ရှိစာတန်းမှာ ဆရာမင်းသုဝဏ်၏ ဒုတိယစာတန်းဖြစ်သည်။ အလွမ်းဓာတ်ခံရှိသော လူတို့အတွက် ခေတ်အဆက်ဆက် အလွမ်းဘွဲ့များတွင် နစ်မျောမနေသင့်ဘဲ ဘဝအတွက်ကြိုးစားသင့်ကြောင်း မီးမောင်းထိုးပြပါသည်။ စာတန်း၏အဆုံးတွင် "အလိုလိုပျင်းချင်၊ အကြောင်းမဲ့ဆွေးချင်၊ အရမ်းမဲ့ လွမ်းချင်နေသောသူတို့အဖို့ ကောင်းမြတ်သော သတ္တိထူးများဖြစ်ပါ့မလားဟူသော ပြဿနာသည်လည်း အများဖြေသင့်သည့် ပြဿနာကြီးတစ်ခုဖြစ်ပါသတည်း"ဟု မေးခွန်းထုတ်ထားပါသည်။ ဆရာ၏တတိယစာတန်းမှာ "လူလည်းတထွေ၊ ရေလည်းတခြား"ဖြစ်သည်။ ရေခြား၊ မြေခြား ပညာသင်သွားစဉ်က ဆရာတွေ့ကြုံရပုံများကို ရေးဖွဲ့ပါသည်။ ယခုလည်း ရေခြား၊ မြေခြား ဘာသာစကားခြားနားနေဆဲပင်။ ဘယ်အရာမဆို သူ့အလှနှင့်သူ၊ သူ့တန်ဖိုးနှင့်သူ ရှိနေကြောင်းကို "ဆန်လည်း ဆန်အလျောက် အာဟာရကိုပေးသည်ပင်။ ဂျုံလည်း ဂျုံအလျောက် အာဟာရကိုပေးသည်ပင်"ဟု ရိုးရိုးရှင်းရှင်းမြင်သာအောင် ညွှန်းဆိုခဲ့သည်။

❖စာအုပ်များထားရာ စာအုပ်စင်ကို အများသိဖြစ်သကဲ့သို့ စာပေလောကကိုလည်း စာပေစင်မြင့်ဟု တင်စားလေ့ရှိကြသည်။ "စာပေမြင့်မှ လူမျိုးတင့်မည်"ဟူသော စကားလည်းရှိသည်။ ထိုအခါ စာပေစင်မြင့်တွင် အသွင်တင့်တယ်လှသော စာရေးဆရာများ အစဉ်ရှိနေသကဲ့သို့ ထိုဆရာများ ပြုစုခဲ့သော စာအုပ်စာပေများကလည်း ယှဉ်တွဲခံ့ထည်လျက်ရှိပြန်ပါသည်။ စင်ပေါ်က စာအုပ်၊ စာပေများဟုဆိုသော် မှားနိုင်ပါ။ မြန်မာ့စာပေခရီးတွင် စာကောင်းပေမွန်များကို ခေတ်အဆက်ဆက် တွေ့နိုင်ဖတ်ရှုနိုင်ကြပြီလည်းဖြစ်သည်။ စာပေပုံသဏ္ဌာန်အမျိုးမျိုးရှိရာတွင် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ အက်ဆေး၊ ဘာသာပြန်တို့ကို အခြေခံအားဖြင့် တွေ့ရပါမည်။ ❖

ဆရာနွယ်စိုး၏ "ကုသိုလ်ဆက်"နှင့် "စိမ်းလန်းသောတောင်ကုန်းများ" စာတန်းနှစ်ပုဒ်တွင် တရားသဘောကို ခပ်ပါးပါးပြောပြထားသည်။ သနပ်ပင်အိုကြီး၏အခြေတွင် သနပ်ပင်ပျိုလေး ပေါက်လာရခြင်း၊ ကြီးထွားလာခြင်းကို ပမာပြု၍ ကုသိုလ်ဆက်ပုံ၊ နုပျိုသောစိတ်ဖြစ်ပေါ်လာပုံတို့ကို ကုသိုလ်ဆက်တွင်ဖတ်ရသည်။ စိမ်းလန်းသော တောင်ကုန်းများတွင် လူငယ်၏ နုပျိုတက်ကြွလန်းဆန်းပုံနှင့် အရွယ်အိုမင်းပါက အရာရာတွင် မစွမ်းနိုင်တော့ပုံများကို သဘာဝသစ်ပင်တောတန်း၊ တောင်ကုန်း၊ မြက်ခင်းစသည်တို့နှင့် ခိုင်းနှိုင်းတင်ပြပါသည်။ မှတ်သားဖွယ်ရာများပင်။

ဆရာတိုက်စိုး၏ "သုခမ"စာတန်းတွင် လူနှင့်တိရစ္ဆာန်တို့၏ ကွာဟခြားနားပုံကို ကဗျာအပိုင်းအစနှင့်ဖွင့်သည်။ လူ၏ခံစားတတ်မှုသဘာဝကို "အလှအပ၊ အယဉ်အကျေး၊ အခန့်အသန့်ကို ပေးသူက ပေးနိုင်၍လည်းကောင်း၊ ခံယူသူက ခံယူနိုင်၍လည်းကောင်း အရသာယူတတ်ခြင်းသည် လူသား၏ထူးခြားချက် လူ့ဘဝနှင့် တိရစ္ဆာန်ဘဝ ကွာခြားချက်ဟု ကျွန်တော်ဆိုချင်သည်"ဟု ခွဲခြားပြထားသည်။

"ဇော်ဂျီနှင့် နှုတ်ခမ်းဆိုးဆေး" စာတန်းတွင် လူတို့၏စိတ်တွင် အမြဲလိုနုပျိုလိုစိတ်နှင့် အနိစ္စသဘောကို မဆင်ခြင်ဘဲ မြဲသည်ဟုအထင်ရှိကာ အမြဲပင် ပြင်ဆင်ခြယ်သတတ်ပုံတို့ကို ဆရာ၏အတွေ့အကြုံအပေါ်အခြေခံ၍ ရေးဖွဲ့ထားပြန်သည်။ ဆရာတိုက်စိုး၏ "နေဝင်မြင်သည် ဝရွှေပြည်" တွင် ဆရာတို့လူတစ်စု အင်းဝမြို့ဟောင်းသို့ အလည်အပတ်သွားရောက်ကြပုံကို သမိုင်းအတွေးနှင့် လက်တွေ့အင်းဝအမြင်ကို နှစ်ဖက်လှဖွဲ့သီထားသည်ဟု မှတ်ယူမိပါသည်။

ဆရာက သူတို့လေ့လာရေးအဖွဲ့တွင် "လူနည်းနည်းနှင့် စုံလှပေ၏။ ထိုအထဲတွင် အမတ်ပါသည်။ ပန်းချီဆရာများပါသည်။ ကျောက်စာသမားပါသည်။ ငေးတတ်၊ တွေးတတ်သူပါသည်။ ပါဝင်သူတို့သည် တစ်ဦးနှင့်တစ်ဦး အလုပ်မတူ၊ စရိုက်မတူဖြစ်သော်လည်း အင်းဝမြို့ဟောင်းကို မြင်လိုသောစိတ်တွင်မူ အားလုံးအတူတူပင်ဖြစ်လေသည်"ဟု လူကွဲသော်လည်း မူမကွဲကြောင်းကို ထင်ဟပ်ပြပါသည်။ အင်းဝ၏ အနှစ်သာရတစ်ခုကို ဆရာက ဆိုသည်။ အင်းဝ၏လောကခံကို ကြုံဆုံရပုံကို စုတ်သပ်လိုက်သေးသည်။ အင်းဝကိုပမာပြုလျက် စာဖတ်သူအတွက် သတိတရား အသိပွားစေသည်လည်းဖြစ်ပါသည်။

ကံ့ကော်မြိုင်စာတန်းပါ ကျန်ဆရာများ၏ စာများကို ဆက်၍တင်ပြရန်ရှိပါသည်။ ပညာရှင်အမြင်နှင့် မြင်နိုင်၊ ရေးနိုင်၊ တွေးနိုင်ခြင်းမရှိပါကြောင်းကိုလည်း ဝန်ခံရပါသည်။ ရွှေဖလားကို ငွေနားကွပ်ရန် မဝံ့ပါ။ အယ်ဒီတာစားပွဲများမှ တစ်ဆင့် မဂ္ဂဇင်းများ၊ ထိုမှတစ်ဖန် တစ်စုတစ်စည်း စာအုပ်အဖြစ် ထွက်ပေါ်လာရာ အနှစ်ပြည့်စန္ဒကူးနှင့် အရည်ပြည့်ပတ္တမြားများသာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသတည်း။

**ကိုးကား**

**- ကံ့ကော်မြိုင်စာတန်း ပုဂံစာအုပ်တိုက် ၁၉၆၅**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ ဆူ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀× ၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၂၉၃ သိန်း | ၄၀၇၀၇ သိန်း |
| ၃။ | သုမေဓာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဝေါပကန်ရုံး(၄၈× ၂၄× ၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၂၂၇၁. ၅၅ | ၂ | - | ၂ |
| | (ခ) Civil Work လုပ်ငန်း၊ | ၁၆၄၂. ၁၅ | ၂ | - | ၂ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၁၇ ခန်း | ၁၈၃ ခန်း |
| ၁၁။ | မြန်မာ့ပန်းချီ(?)ဖက်လှုခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၈ ခန်း | ၃၅၇ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | ၂ တိုင် | ၄၈ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | ၁၀ တိုင် | ၃၅၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၅၆ ခု | ၄၉၆ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | ၅၁ ကျင်း | ၇၅၂၅. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | ၁၉ ကျင်း | ၈၄၅၄ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၈၉၉၁ သိန်း | ၁၃၇၄၀. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၁၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၁၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | ၃ ခု | ၁၂၄ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၆၀၂ စုံ | ၃၉၈ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၈၄ စုံ | ၂၁၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံအင်ဂျင်နီယာသင်တန်း ဝင်ခွင့်လျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းနှင့်ပတ်သက်၍ ထပ်မံရက်တိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ၊ အင်ဂျင်နီယာသင်တန်းဝင်ခွင့်လျှောက်လွှာများ ထုတ်ပေး/တင်သွင်းခြင်းကို **၂၄-၆-၂၀၂၃ ရက်နေ့အထိ** နောက်ဆုံးထုတ်ယူ/တင်သွင်းရန် ကြော်ငြာထားရှိခဲ့သော်လည်း တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းထုတ်ပြန်ပြီးချိန်တွင် စာမေးပွဲအောင်မြင်သူများ ထပ်မံလျှောက်ထားနိုင်ရန်အတွက် လျှောက်လွှာထုတ်ပေး/တင်သွင်းခြင်းအား **၁၅-၇-၂၀၂၃** ရက်နေ့အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် လျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ၌ **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပြီး လျှောက်လွှာထုတ်ယူထားသူများအနေဖြင့် လျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလနှင့် မေလတွင် မြေပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၉၉၄ သန်း နိုင်ငံခြားဝင်ငွေရရှိခဲ့



**နေပြည်တော် ဇွန် ၂၅**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလနှင့်မေလတွင် မြေပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၉၉၄ သန်း နိုင်ငံခြားဝင်ငွေရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသတင်းများအရ သိရသည်။

မြေပဲသည် ပြည်တွင်း၊ ပြည်ပစျေးကွက်ရှိနေသည့် စိုက်ပျိုးသီးနှံဖြစ်ပြီး ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပဲတင်ပို့မှုကဏ္ဍတွင် အရေးပါသည့်ဆီထွက်သီးနှံဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိနေသည့် ပဲအမျိုးအစား ၂၀ ကျော်ကို ပြည်ပသို့တင်ပို့ရောင်းချလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလနှင့် မေလနှစ်လတာကာလအတွင်း ပြည်ပသို့ မြေပဲတင်ပို့ရာတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၆ သန်းဖိုး၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၈၃၈ သန်းဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၉၉၄ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ရကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၄၇၀ ဒသမ ၆၆၁ သန်းရရှိခဲ့ရာ မြေပဲကို အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၁၆ သန်းဖြင့် ဆဋ္ဌမအများဆုံးတင်ပို့ရောင်းချပေးခဲ့ရပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြေပဲကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၃၁ သန်းဖိုး၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၆၂၉ သန်းဖိုး စုစုပေါင်းအမေရိကန်ဒေါ်လာ ၄၀ ဒသမ ၁၆ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြေပဲကို ပြည်ပဖောက်သည်စျေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးရာတွင် အခွံချွတ်ပြီး မြေပဲဆန်နှင့် အခွံပါမြေပဲများကို တင်ပို့ရောင်းချပေးနေခဲ့သော်လည်း အဆိုပါ နှစ်လတာကာလအတွင်း၌ အခွံပါမြေပဲများကိုသာတင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း၊ မြေပဲကို ဒေသအမျိုးအစားပေါ်မူတည်ပြီး မိုးဦးစိုက်ပင်ထောင်၊ ပင်ပြန့်စိုက်ဒေသများတွင် မေလဆန်းမှ ဇွန်လပထမပတ်အတွင်း စိုက်ပျိုးကြပြီး မိုးနှောင်းသီးထပ်စိုက်ဒေသများတွင် စက်တင်ဘာလမှ အောက်တိုဘာလ ပထမပတ်အတွင်း စိုက်ပျိုးကြကြောင်း၊ ထို့ပြင် ကိုင်းကျွန်းစိုက် ဒေသများတွင် အောက်တိုဘာလမှ နိုဝင်ဘာလ ပထမပတ်အတွင်းစိုက်ပျိုးပြီး ဆောင်းသီးထပ်ဆောင်းမြေပဲစိုက်ဒေသများတွင် နိုဝင်ဘာလမှ ဒီဇင်ဘာလ တတိယပတ်အတွင်း စိုက်ပျိုးကြကြောင်း သိရသည်။

ပင်ထောင်မြေပဲမျိုးဆန်စေ့စျေးနှုန်းများမှာ ယခင်နှစ်ကထက် စျေးနှုန်းမြင့်နေပြီး စိုက်ပျိုးသူတောင်သူများမှာ ယခင်နှစ်က ပင်ထောင်မြေပဲ မျိုးဆန်စေ့တစ်တင်းလျှင် ငွေကျပ် ၈၀၀၀၀ မှ ၉၀၀၀၀ ခန့်ဖြင့် ဝယ်ယူစိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ငွေကျပ် ၁၀၀၀၀၀ မှ ငွေကျပ် ၁၃၀၀၀၀ ထိ ဝယ်ယူစိုက်ပျိုးကြရကြောင်း သိရသည်။

SKL

# ဟုမ္မလင်းမြို့နယ် ဟူပတ်ကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဟုမ္မလင်း ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဟူပတ်ကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟုမ္မလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်ယုမေ၊ ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟန်မင်းဆွေနှင့် တာဝန်ရှိသူများက ဟူပတ်ကျေးရွာတွင် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်တင်ယုမေက ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ဟူပတ်ကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်း နှစ်လက်မ PVC ပေ ၅၀၀၀ သွယ်တန်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃ ဒသမ ၇၄ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာစုဖွဲ့မှုဖြင့် ၂၀၂၂ ခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ပြီး အဆိုပါကျေးရွာရှိ အိမ်ခြေ ၁၅၃ အိမ်နှင့် လူ ၅၆၄ ဦးတို့အတွက် သောက်သုံးရေ အဆင်ပြေစွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟန်မင်းဆွေက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**



**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!



# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

**We Protect The Family**

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ



နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇



*Long Style Beauty Saloon*

ဖြောင့်
ကောက်
ဆေးဆိုး
} *(30%) off*

ဆံပင်ညှပ်တာ အရမ်းလှတယ်။
(ကြိုတင်ဖုန်းဆက်လို့ ရပါတယ်)

**66 st × 67 st, 38 st Corner**
**Ph; 09-2053849**

စာအုပ်စာပေ လှူမိတ်ဆွေ


## ပျောက်ဆုံးကြောင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မောရဝီဝါရပ်ကွက်၊ အကွက်(၇၀၆) နေ မောင်ဟန်နေ (ဘ) ဦးလှိုင်ရှပ်ကွမ်း (၉/ခအဇ(နိုင်)၀၀၂၅၃၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-689234)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၄၀၃၃၅၃၂

## ပျောက်ဆုံးကြောင်း

စဉ့်ကူးမြို့နယ်၊ လက်ပံလှနေ မောင်နေလင်းထက် (ဘ) ဦးငွေမောင် (၉/စကန(နိုင်)၀၆၅၉၃၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-208240) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၄၈၇၃၉

## ပျောက်ဆုံးကြောင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၄×၃၅ကြား၊ ၇၈×၇၉ကြား၊ ကဥ္စာ မဟီရပ်ကွက်၊ အမှတ်(၄၀/၂)နေ ဦးလှိုင်မျိုးဝင်းထိုက် (ဘ) ဦးမျိုးစစ်ဦး (၉/မရတ(နိုင်)၀၀၃၆၃၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-624863) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၄၀၀၁၃၁၄

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၃၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ကျွန်တော်တို့ ညီညွတ်ရင်၊ ကြိုးစားရင် ကျွန်တော်တို့နိုင်ငံဟာ ဒေသတွင်းမှသည် ကမ္ဘာ့ထိပ်တန်းနိုင်ငံထိ မလွဲကေန်ရောက်ရှိမှာဖြစ်ပါတယ်။ ၇၅ နှစ်တာကာလအတွင်း အခက်အခဲပေါင်းများစွာကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ခဲ့မှုအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံးကို ချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားလိုပါတယ်။ ၇၅ နှစ်မှသည် နှစ် ရာ၊ ထောင်မက ကမ္ဘာတည်သရွေ့ နိုင်ငံတော်ကြီး ဝင့်ကြွားစွာထာဝရတည်တံ့နေဖို့ ကျွန်တော်တို့အားလုံး နိုင်ငံချစ်စိတ်၊ မြန်မာစိတ်နဲ့ ကြိုးစားလုပ်ဆောင်သွားကြဖို့တိုက်တွန်းလိုပါတယ်။ "ကမ္ဘာတည်သရွေ့၊ မြန်မာတည်ရှိရပါမယ်"

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# အကြမ်းဖက်မှုလုပ်ရပ်များကိုမလိုလားသည့် ဒေသခံပြည်သူများ၏သတင်းပေးပို့ချက်အရ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခိုအောင်းနေသည့် PDF အမည်ခံအကြမ်းဖက်သမားများကို တပ်မတော်စစ်ကြောင်းများက သွားရောက်တိုက်ခိုက်ချေမှုန်း၊ လက်နက်၊ ခဲယမ်းများနှင့် အကြမ်းဖက်သမားအလောင်းအချို့သိမ်းဆည်းရရှိ

**နေပြည်တော် ဇွန် ၂၅**

နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော လုပ်ရပ်များနှင့် အကြမ်းဖက်လုပ်ဆောင်မှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူအချို့၏ လျှို့ဝှက်ဆက်သွယ်သတင်းပေးပို့မှုအရ NUG၊ CRPH တို့၏ ဆက်သွယ်ညွှန်ကြားမှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်နေသည့် PDFအမည်ခံ အကြမ်းဖက်သမားများသည် စစ်ကိုင်းမြို့နယ် ကင်းတော်ကျေးရွာ၊ ဥယျာဉ်ကျေးရွာနှင့် လက်ပံတောကျေးရွာများအနီး လက်နက်၊ ခဲယမ်းများနှင့်အတူ ခိုအောင်းနေကြောင်း သိရှိရသဖြင့် တပ်မတော်စစ်ကြောင်းများက ယနေ့တွင် သွားရောက်ချေမှုန်းတိုက်ခိုက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမား အလောင်းအချို့၊ လက်နက်၊ ခဲယမ်းများနှင့် **စာမျက်နှာ ၂၂ ကော်လံ ၁** ☆

# ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များဆက်လက်ကျင်းပ



**နေပြည်တော် ဇွန် ၂၅**

တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဆီသို့ဟူသောဦးတည်ချက်ဖြင့် ကျင်းပလျက်ရှိသည့် ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ စတုတ္ထနေ့အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၃)တွင် ဆက်လက်ကျင်းပရာ ပထမပွဲစဉ်အနေဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာန(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန(ခ)အသင်းက ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

**စာမျက်နှာ ၂၂ ကော်လံ ၁** ❖

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် ဇွန် ၂၅**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိပြီး အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် ဂျက်ခန်းပြည်နယ်တို့ကိုဖြတ်ကျော်ဝင်ရောက်နိုင်ကြောင်း သိရသည်။ **(မိုး/ဇလ)**

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO. TH011875
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၉၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
SIN MINN
BEST QUALITY CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
SIN MINN
BEST QUALITY CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ